မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက် ၂၀၁၅ ခုနှစ်၊ ဇွန် ၃၀ ရက်၊ အင်္ဂါနေ့ အတွဲ [၅၄]၊ အမှတ် [၂၆၈]

အေးစေ မြဲစေ မေတ္တာရေ

- ❖ နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- ❖ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- ❖ အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- ❖ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- ❖ မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- ❖ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- ❖ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရွှဲမမုန်း၊
- ❖ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- ❖ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မွန်ဂိုလီးယားသမ္မတက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို

အူလန်ဘာတာ ဇွန် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ်ဂျ် ဇတ်ခ်ဟီးလ်ယာဒ်က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် အူလန်ဘာတာမြို့ရှိ Chiggis ရင်ပြင်၌ ကျင်းပသည်။

ဂုဏ်ပြုကြိုဆိုပွဲတွင် နှစ်နိုင်ငံခေါင်းဆောင်များအား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုကြပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ **(အောက်ပုံ)**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် မွန်ဂိုလီးယားသမ္မတတို့သည် State Palace ၌ သီးသန့်တွေ့ဆုံဆွေးနွေးကြသည်။

ထို့နောက် မြန်မာ-မွန်ဂိုလီးယား နှစ်နိုင်ငံတွေ့ဆုံပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ၊ မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မွန်ဂိုလီးယားနိုင်ငံသမ္မတနှင့်အတူ ဝန်ကြီးများ၊

စာမျက်နှာ ၃ ကော်လံ ၄ ❋



အာကာသစခန်းသို့ ထောက်ပံ့ရေး Space X ဒုံးပျံ ပလော်ရီဒါ၌ လွှတ်တင်ပြီးနောက် ပေါက်ကွဲမှုဖြစ်

(စာ-၄)

အဆိုပြုအနည်းဆုံးအခကြေးငွေ ထုတ်ပြန် ကြေညာချက် ထုတ်ပြန်

(စာ-၁၁)

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကမ်းခြေနှင့်နီးသော မြို့နယ်သုံးမြို့နယ်၌ မုန်တိုင်းဒဏ်ခံ အဆောက်အအုံတစ်လုံးစီ တည်ဆောက်မည်

(စာ-၁၄)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ရေဘေးအန္တရာယ်ကင်းရေး ဝိုင်းဝန်းကူညီ

မြန်မာနိုင်ငံသည် သဘာဝဘေးအဖြစ်များသော နိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ သဘာဝဘေးဖြစ်လျှင် လူနှင့်သက်ရှိ သတ္တဝါများ၊ အိုးအိမ်များ၊ စက်ရုံ၊ အလုပ်ရုံ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လမ်းတံတား၊ ဆေးရုံ၊ စာသင်ကျောင်း အစရှိသည့် အခြေခံအဆောက်အအုံများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို သေကျေထိခိုက်ပျက်စီးမှုများကို ဖြစ်စေပါသည်။ ဤသို့သဘာဝဘေးကြောင့် ထိခိုက်သေကျေပျက်စီးဆုံးရှုံးမှုများသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအဟန့်အတားဖြစ်စေပါသည်။ သဘာဝဘေးဆိုသည်မှာ မဖြစ်စေရန် တားဆီး၍မရသော်လည်း ဖြစ်လာလျှင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရေးအတွက် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများကို သဘာဝဘေးမကျရောက်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ပါသည်။

“မြစ်ရေကလျှံ ချောင်းရေကတိုး” ဟူသော စကားအတိုင်း မြန်မာနိုင်ငံတွင် လွန်ခဲ့သည့်ရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းခြင်း၊ ထူးကဲဒီရေတက်ခြင်းတို့ကြောင့် မြို့နယ်အချို့ ရေကြီးရေလွှမ်းမှုများဖြစ်ပွားခဲ့ပါသည်။ ဤသည်မှာ ရေကြီးမှုကြောင့် ဘေးအန္တရာယ်များမဖြစ်ပွားစေရန် တပ်လှန့်သတိပေးလိုက်ခြင်းသာ ဖြစ်ပါသည်။ လာမည့် ဇူလိုင်လနှင့်ဩဂုတ်လများတွင် မိုးရွာသွန်းမှုပိုမိုလာနိုင်သည့်အလျောက် ရေကြီးရေလျှံမှုများ ကြုံတွေ့ရဖွယ်ရှိပါသည်။ နှစ်စဉ်ရေကြီးရေလျှံမှုများ ဖြစ်ပွားလေ့ရှိသောဒေသများ၌ ရေဘေးအန္တရာယ် မဖြစ်ပွားစေရန် ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်မည်ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်များကို မဖြစ်ပွားမီ ကြိုတင်ပြင်ဆင်ခြင်းနှင့် ဖြစ်ပွားနေချိန်ဖြစ်ပွားပြီးနောက် အန္တရာယ်များမကျရောက်အောင် ပြင်ဆင်ခြင်းဟူ၍ နှစ်ပိုင်းရှိပါသည်။ ထိုအပိုင်းနှစ်ပိုင်းစလုံးကို ဟန်ချက်ညီညီ လုပ်ကိုင်ဆောင်ရွက်နိုင်မှသာ ဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းမည်ဖြစ်ပါသည်။ ရေဘေးအန္တရာယ်ဖြစ်ပွားနိုင်သည့်ဒေသများ၌ ကြိုတင်သရုပ်ပြလေ့ကျင့်မှုကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားသင့်ပါသည်။ ရေဘေးအန္တရာယ်ဖြစ်ပွားနေချိန်တွင် ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်မီဆောင်ရွက်နိုင်ရန်နှင့် အစားအစာ၊ ဆေးဝါးနှင့် နေထိုင်စရာနေရာထိုင်ခင်းများ အမြန်ဆုံးစီစဉ်ဆောင်ရွက်သင့်ပါသည်။ အထူးသဖြင့် ရေကြီးမှုဖြစ်ပွားရာဒေသများ၌ ထပ်မံဖြစ်ပွားနိုင်သည့် အန္တရာယ်မှာမြေပြိုမှုဖြစ်ပါသည်။ သတိပြုဆောင်ရွက်ရန် လိုအပ်ပါသည်။

ထို့အပြင် ရေကြီးမှုဖြစ်ပွားရာဒေသများ၌ ထပ်မံ၍ ရေကြီးမှုအန္တရာယ်မဖြစ်ပွားစေရန် အနီးပတ်ဝန်းကျင်ရှိ ဆည်တာတမံများ၊ မြစ်ချောင်းများ၊ တစ်ဖက်ဆည်ကန်ကြီး ကန်ငယ်များ ကျိုးပေါက်မှုမရှိအောင် လုံခြုံရေးအဆက်မပြတ်ထားရှိဆောင်ရွက်သင့်ပါသည်။ သို့မှသာ ထပ်မံရေကြီးမှုအန္တရာယ်ကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ နှစ်စဉ်ရေဘေး အန္တရာယ်ဖြစ်ပွားလေ့ရှိသောဒေသများ၌ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ရေကြီးမှုဖြစ်ပွားရာဒေသများတွင်လည်း မြို့နယ်၊ ရပ်ကွက်ကျေးရွာတာဝန်ရှိသူများနှင့် ပူးပေါင်းကာ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ၊ ကြက်ခြေနီ၊ မီးသတ်အစရှိသဖြင့် အဖွဲ့အစည်းများပူးပေါင်းကာ ရေဘေးအန္တရာယ်ကင်းရှင်းရေး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

မဲစာရင်းကြည့်ပြီးပြီလား၊ ကြည့်ပါ။
ဘာမှားနေလဲ၊ ပြင်ဆင်ပါ။
သင့်အမည် မတွေ့ဘူးလား၊ ဖြည့်စွက်ပါ။

ထင်သာမြင်သာပြုပြင်စရာ

သောက်သုံးရေလှောင်ကန် ပြုပြင်ပေးစေလို

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စု ကုက္ကိုကုန်းကျေးရွာသည် ဧရာဝတီမြစ်နှင့်နီးကပ်သော်လည်း မြစ်ရေကျချိန် သီတင်းကျွတ်မှ နောက်နှစ် နယုန်လအထိ သဲသောင်ပြင်ဖြစ်ထွန်းပေါ်ပေါက်လာသည်။ ထို့ကြောင့် မြစ်ရေကျချိန်မြစ်ရေကို မသောက်ရဘဲ မြေအောက်ရေငန်တွင်းများမှသာ သောက်သုံးကြရသည်။ ယင်းဖြစ်စဉ်များကြောင့် နိုင်ငံတော်အစိုးရမှ တိုင်းဒေသကြီးအစီအစဉ်ဖြင့် ကျေးရွာထိပ် ဘုရားဝိုင်းအတွင်းတွင် အုတ်ကန်တစ်ကန် တူးဖော်ပေးခဲ့သည်။

အဆိုပါအုတ်ကန်ကို လက်ပံခြေပေါ်မြစ်ရေတင်မှ ရေကိုထည့်သွင်းပြီး ကျေးရွာသူ ကျေးရွာသားများက မြစ်ရေကို သောက်သုံးနေကြရသည်။ နှစ်ပတ်လည် သောက်သုံးရသော အဆိုပါအုတ်ကန်သည် ကွဲအက်ပျက်စီးနေပြီး ရေထည့်မရသည့်အတွက် တစ်မိုင်ခန့်ဝေးကွာသော နေရာများသို့ သွားရောက်ရေသယ်ယူသောက်သုံးနေကြရကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်များကြောင့် သောက်သုံးရေအုတ်ကန်ကို ဒေသခံပြည်သူများက ပြုပြင်ပေးစေလိုကြောင်း သိရသည်။ **ကျော်ငွေး(ညောင်ဦး)**

အခြေခံမဲဆန္ဒရှင်စာရင်း အသိပညာပေးဆွေးနွေး

ဒလ ဇွန် ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် သီရိဇေယျနော်ရထာခန်းမတွင် ဇွန် ၂၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်အခြေစိုက် New Myanmar Foundation အဖွဲ့မှ ဦးဆောင်၍ ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲစာရင်းတွင် ပါရှိနိုင်စေရေးအတွက် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ထုတ်ပြန်ခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ကျင်းပခဲ့ရာ ရပ်ကွက်၊ ကျေးရွာအသီးသီးမှ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် NMF အဖွဲ့အတွင်းရေးမှူး ဦးဘသိန်းဟန်က အခြေခံ မဲဆန္ဒရှင်စာရင်းပြုစုခြင်းအကြောင်း အသိပညာပေးရှင်းလင်းပြောကြားခဲ့ပြီး၊ လွှတ်တော်ရွေးကောက်ပွဲများ မဲစာရင်းနှင့်စပ်လျဉ်းသော ပြင်ဆင်လွှာ-ပုံစံ(၄-က)၊ ကန့်ကွက်လွှာ ပုံစံ(၄)နှင့် ဖြည့်စွက်လွှာ ပုံစံ(၃)တို့ အကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သန်းငွေး(ဒလ)**

သွေးလွန်တုပ်ကွေးကာကွယ်ရေးဆောင်ရွက်

ဟိုပင် ဇွန် ၂၉

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့အထက မြသီတာကျောင်း၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းနှင့် စုပေါင်းသန့်ရှင်းရေးကို ဇွန် ၂၇ ရက်က ဆောင်ရွက်ခဲ့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီလေး၊ နယ်မြေခံတပ်ရင်းများမှ အရာရှိစစ်သည်များနှင့် ရဲမေများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၂၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂ တွင် ပါရှိသော “မြန်မာ့စီးပွားရေးဘဏ် ဇီးကုန်းဘဏ်ခွဲဖွင့်” သတင်းတွင် တိုင်းဒေသကြီး ဘဏ်မန်နေဂျာ ဦးအေးမိမြင့် အစား တိုင်းဒေသကြီး ဘဏ်မန်နေဂျာ ဒေါ်အေးမိမြင့်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

(မြန်မာ့အလင်း)

စာပေမြင့်မှ လူမျိုးတင့်မည်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၉-၆-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၃၈၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၄၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၃၈၂၀၀

စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၇၁၀
ဒီဇယ်	တစ်လီတာ	ကျပ် ၇၀၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၈၀၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၈၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၇၃၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၀၀၀-၈၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၂၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၅၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၈၀၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၁၃၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၁၁၀
ဥရောပ	တစ်ယူရို	၁၂၄၀.၅
စင်ကာပူ	တစ်ဒေါ်လာ	၈၂၈.၂၀
ထိုင်း	တစ်ဘတ်	၃၂.၈၈
အိန္ဒိယ	တစ်ရူပီး	၁၇.၄၅
တရုတ်	တစ်ယွမ်	၁၇၈.၈၄
မလေးရှား	တစ်ရင်းဂစ်	၂၉၆

ခင်ရတနာ-စုစည်းသည်။

၂၂-၆-၂၀၁၅မှ ၂၆-၆-၂၀၁၅ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၆၇၈ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၆၂၀ ကျပ်ဖြစ်ပြီး လက်လီဆိုင် များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (စွမ်းအင်ဝန်ကြီးဌာန)

❊ ရှေ့ဖုံးမှ

အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆက်လက်၍ လက်မှတ်ရေးထိုးပွဲအခမ်းအနားကိုကျင်းပရာ နိုင်ငံတော်သမ္မတနှင့် မွန်ဂိုလီးယားသမ္မတတို့ ရှေ့မှောက်၌ နှစ်နိုင်ငံသဘောတူစာချုပ်များကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်နှင့်မွန်ဂိုလီးယားနိုင်ငံ သဘာဝပတ်ဝန်းကျင်နှင့် ခရီးသွားကဏ္ဍဆိုင်ရာဝန်ကြီး Ms.Oyunkhorol.D တို့က လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်နှင့် အူလန်ဘာတာမြို့ ဒုတိယမြို့တော်ဝန် Mr. Gantumur.N တို့က လည်းကောင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မွန်ဂိုလီးယားနိုင်ငံ National Chamber of Commerce and Industry မှ ဥက္ကဋ္ဌ Mr.Lkhagvajav.B တို့ကလည်းကောင်း အသီးသီးလက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲကိုကျင်းပရာ မွန်ဂိုလီးယားသမ္မတနှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တို့က သတင်းထောက်များ၏ မေးမြန်းမှုများကို ရှင်းလင်းဖြေကြားခဲ့ကြသည်။

ယင်းနောက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် Gandantegchinlen ဘုန်းကြီးကျောင်းသို့ သွားရောက်ပြီး ဆရာတော် Choijamts နှင့် အဖွဲ့အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ်ဂျ် ဇတ်ခ်ဟီးလ်ယာဒ်တို့အား သတင်းစာရှင်းလင်းပွဲတွင် ရင်းရင်းနှီးနှီး တွေ့ရစဉ်။ (ဓာတ်ပုံ-YHT)

မြန်မာ-မွန်ဂိုလီးယား နှစ်နိုင်ငံတွေ့ဆုံပွဲ ကျင်းပစဉ်။ (ဓာတ်ပုံ-မြန်/ဆက်)

❊ ကျောဖုံးမှ

ယခင်ကမြန်မာ့ပြည်တွင်း၌ မှတ်တမ်းတင်ခဲ့ခြင်းမရှိသေးကြောင်း သိရသည်။ ယင်းသစ်ခွကို တနင်္သာရီတိုင်းဒေသကြီး သဘာဝကြိုးဝိုင်းစီမံကိန်း သစ်တောဦးစီးဌာန၏အမျိုးသားအကြံပေးပုဂ္ဂိုလ်အဖြစ် ၂၀၁၂ ခုနှစ်တွင် သစ်ခွသုတေသနပြုစဉ် ယခုမှတ်တမ်းတင်ခဲ့သည့် ခရီးစဉ်တွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

"Stereosandra Javanica ကိုတနင်္သာရီတိုင်းဒေသကြီး သဘာဝကြိုးဝိုင်းထဲက ဝါးရုံတောထဲမှာ ပေါက်နေတာတွေ့ရတယ်။ ဒီသစ်ခွက မြေပေါက်သစ်ခွမျိုးဖြစ်တယ်။ မိုးရွာချိန်မှာ အပင်ပေါက်လာပြီး မြန်မြန်အပွင့်ပွင့် အသီးသီးတယ်။ သူ့ရဲ့အပွင့်ပွင့်ချိန်က မြန်မာပြည်ကသစ်ခွတွေအတိုင်း ဖေဖော်ဝါရီကနေ ဧပြီလကုန်အတွင်း ပွင့်တယ်။ အခုတွေ့တဲ့မျိုးစုကတောင် အသစ်ဆိုတော့ မျိုးစိတ်ကလည်းအသစ်တွေ့ရှိပြီလို့ ပြောနိုင်ပြီ ။ သစ်တောဦးစီးဌာနကထုတ်ပြန် ထားတဲ့ ၈၄၁မျိုးထဲမှာ နောက်ထပ်ပေါင်းထည့်လို့ရပြီဖြစ်တယ်။ ဒီမျိုးစုက အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ မလေးရှားနဲ့ထိုင်းနိုင်ငံတို့မှာ ပေါက်ရောက်ပြီး မှတ်တမ်းတင်ထားတယ်။ ဒီနိုင်ငံမှာလည်း ပတ်ဝန်းကျင်က လူတွေက မြင်ကောင်းမြင်ပြီးသားဖြစ်နိုင်ပေမယ့် အခုမှသေချာ သုတေသနပြု ထုတ်ပြန်နိုင်ခဲ့တာကြောင့် မြန်မာနိုင်ငံအတွက်ကတော့ First Record ဖြစ်ပါတယ်"ဟု ပြောကြားသည်။

စင်ကာပူ ရုက္ခဗေဒဥယျာဉ်မှ ထုတ်ဝေသည့်မဂ္ဂဇင်း၌ စာမျက်နှာ ၁၀၇ မှ ၁၂၂အထိ ဖော်ပြပါရှိသည့် "New Orchid for Myanmar , including the first record of the genus Stereosandra" သုတေသနဆောင်းပါးတွင် မြန်မာနိုင်ငံအတွက် မှတ်တမ်းအသစ်အဖြစ်တွေ့ရှိခဲ့သော သစ်ခွမျိုးစိတ်ရှစ် မျိုးနှင့် Genus (မျိုးစု) level အတွက် ပထမဆုံး မှတ်တမ်းတင်နိုင်သော မြေပေါက်သစ်ခွတစ်မျိုး (ပေါင်း ကိုးမျိုး) ကို အသေးစိတ်ရေးသားတင်ပြထားကြောင်း သိရသည်။

ယခုအချိန်အထိ မြန်မာနိုင်ငံအတွက် သစ်ခွမျိုးစိတ် ၂၀၊ သိပ္ပံမှတ်တမ်းသစ်တင်နိုင်သည့် ကလန်တေပန်တာတာ မျိုးစိတ်နှင့် ယခုသစ်ခွမျိုးစုတို့ကို ဖော်ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ထူးခြားသည့် သဘာဝသစ်ခွမျိုးရိုင်းများတွေ့ရှိနိုင်သေးကြောင်း ဒေါက်တာစောလွင်ကဆိုသည်။

"သစ်ခွဆိုတာ ထိန်းသိမ်းနိုင်ရင် အမြဲတည်တံ့နေတဲ့ ရတနာဖြစ်တာကြောင့် ထိန်းသိမ်းဖို့လိုအပ်ပါတယ်။ မျိုးရိုင်းတွေကို ထိန်းသိမ်းမှ မျိုးယဉ်တွေအများကြီး မပျောက်မပျက်ဘဲ ရှိနေနိုင်မှာဖြစ်တယ်"ဟု ဒေါက်တာစောလွင်က သစ်ခွနှင့်ပတ်သက်၍ အကြံပြုသည်။

မြန်မာနိုင်ငံတွင် သစ်ခွအများဆုံးတွေ့ရှိသည့်နေရာမှာ ရှမ်းပြည်နယ်ဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့၌လည်း တွေ့ရှိမှုများပြားကြောင်း၊ ပေါက်ရောက်သည့် သစ်ခွအမျိုးအစားများမှာ သစ်ပင်ကပ်သစ်ခွမျိုးနှင့် မြေပေါက်သစ်ခွမျိုးများဖြစ်ကြောင်း သိရသည်။ **မြတ်စန္ဒီသင်းဇော်**

တနင်္သာရီတိုင်းဒေသကြီး သဘာဝကြိုးဝိုင်းဧရိယာအတွင်းရှိ ဝါးရုံထဲတွင် ပေါက်နေသည့် သစ်ခွမျိုးစုသစ်။

ဝတ်စားဆင်ယင်မှု အလှမယ်ပြိုင်ပွဲများ ကျင်းပ

တောင်ငူ ဇွန် ၂၉ တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်၍ ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝတ်စားဆင်ယင်မှုပြိုင်ပွဲနှင့် သက်ကြီးအလှမယ်ပြိုင်ပွဲကို ဇွန် ၂၉ ရက် နံနက် ၁၀ နာရီတွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စံထားဖြူက မြန်မာအမျိုး သမီးများ ဝတ်စားဆင်ယင်မှုယဉ်ကျေးလှပတင့်တယ်စေရန် ရည်ရွယ်ချက်နှင့် ပတ်သက်သည်များကို ပြောကြားသည်။ ယင်းနောက် တောင်ငူခရိုင် ခြောက်မြို့နယ်ကိုယ်စားပြု ဝတ်စား ဆင်ယင်မှုပြအလှမယ် ၁၅ ဦးနှင့် သက်ကြီးအလှမယ် ၁၅ ဦးတို့ ယှဉ်ပြိုင်ကြရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။

သူရ(တောင်ငူ)

အမေရိကန်တွင် အသေးစားလေယာဉ်ပျက်ကျ၊ သုံးဦးသေဆုံး

နယူးယောက် ဇွန် ၂၉

အသေးစားလေယာဉ်တစ်စင်း ပျက်ကျပြီး အိမ်တစ်လုံးကိုတိုက်မိရာ၊ လေယာဉ်ပေါ်ပါသူ သုံးဦးသေဆုံးခဲ့ကြောင်း ဒေသခံများက မီးလောင်ကျွမ်းသွားသည့် အိမ်အပျက်အစီးများကို ရှင်းလင်းဆဲဖြစ်ကြောင်း ရဲဌာနက ပြောသည်။

The Beechcraft BE 36 အမျိုးအစားလေယာဉ်မှာ ပြီးခဲ့သောနေ့ ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က ပျက်ကျခဲ့ပြီး အိမ်ကို တိုက်မိခဲ့ခြင်းဖြစ်ကြောင်း လေကြောင်း စီမံခန့်ခွဲရေးအဖွဲ့ချုပ်မှ ဂျင်ပီတာက ပြောသည်။ အဆိုပါလေယာဉ်သည် ပင်နီဆူဗန်နီးယားလေဆိပ်မှ ထွက်ခွာလာပြီး မန်ဆာချူးဆက်ပြည်နယ်ရှိ နော်ဝု(ဒ်) လေဆိပ်တွင် ဆင်းသက်မည်ဖြစ်သည်။

ဘော့စတွန် အနောက်တောင်ပိုင်း ရှိ ပလိန်းဗေလီအရပ်၌ ပျက်ကျခဲ့ပြီး သုံးနာရီ နီးပါးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ မီးသတ်သမားများက ငြိမ်းသတ်ခဲ့ရကြောင်း မန်ဆာချူးဆက်ပြည်နယ် ရဲဌာနမှ ပြောခွင့်ရပုဂ္ဂိုလ် ဒေ့(ဗ်)ပရိုကို ပီရိုကပြောသည်။ ဒေသခံများက ထိခိုက်မှုတစ်စုံတစ်ရာမရှိဘဲ လေယာဉ်ပေါ်ပါသူ သုံးဦးမှာ သေဆုံးနေနှင့်ပြီးဖြစ်ကြောင်း ၎င်းကပြောသည်။

လေယာဉ်မှာဝင်းအတွင်းရှိ အမြင့်ပိုင်းနေရာ၌ ပျက်ကျခဲ့ခြင်းဖြစ်ပြီး လေယာဉ်နောက်ပိုင်းရှိ တောင်ပံမှာ လောင်ကျွမ်းသွားကာ နှစ်ထပ်အိမ်အဆောက်အအုံကို တိုက်မိခဲ့ခြင်းဖြစ်သည်။ အိမ်နီးချင်းများက ၎င်းတို့၏ အိမ်များအပေါ်တွင်လည်း လေယာဉ်ပျံသန်းပုံမှာ တစ်ခုခုချွတ်ယွင်းနေသည့် အသံဖြစ်ကြောင်းကို သတိထားမိကြောင်း ပြောသည်။

အင်ဂျင်ပေါက်ကွဲသည့် အသံကို ကြားရပြီး မီးခိုးများကို မြင်တွေ့ရကြောင်း လေယာဉ်ပျက်ကျစဉ် အပြင်ဘက်တွင်ရှိနေသော မိုက်ဘရောင်းကသည်ဆန်းသတင်းစာသို့ ပြောသည်။

(ပီတီအိုင်)

သီရိလင်္ကာသမ္မတဟောင်း ဝန်ကြီးချုပ်ရာထူးအရွေးခံမည်

ကိုလံဘို ဇွန် ၂၉

သီရိလင်္ကာသမ္မတဟောင်း မဟင်ဒရာရာဂျာပတ်(ခ)ဆာသည် ဩဂုတ် ၁၇ ရက်တွင် ကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲ၌ ဝန်ကြီးချုပ်ရာထူးနေရာ ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းပေးထားကြောင်း ရာဂျာပတ်(ခ်)ဆာ၏လက်ထောက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

"သမ္မတဟောင်း ပက်(ခ်)ဆာအနေနဲ့ လာမယ့်ရွေးကောက်ပွဲမှာ ဝန်ကြီးချုပ်ရာထူးနေရာအတွက် ယှဉ်ပြိုင်သွားမှာပါ"ဟု ရာဂျာပတ်ခ(ခ်) ဆာအစိုးရဝန်ကြီးဟောင်း ကုမာရဝယ်ဂါမာက ပြောသည်။ "ကျွန်တော့်အနေနဲ့ မဟင်ဒရာရာဂျာပတ်(ခ်)ဆာဟာဝန်ကြီးချုပ်ရာထူးဝင်ရောက်ယှဉ်ပြိုင်ဖို့ အမည်ပေးထားပြီဆိုတာနဲ့ ပတ်သက်ပြီး အတည်ပြုနိုင်ပါတယ်"ဟု ၎င်းကပြောသည်။

သမ္မတဟောင်းအနေဖြင့် ဝန်ကြီးချုပ်ရာထူးကိုဝင်ရောက်ယှဉ်ပြိုင်ခြင်းသည် အတိုက်အခံပါတီအပါအဝင် နိုင်ငံရေးပါတီများအားလုံးကို စုစည်းနိုင်လိမ့်မည်ဖြစ်ကြောင်း ဝယ်ဂါမာက ပြောသည်။

ယူပီအက်ဖ်အေပါတီဥက္ကဋ္ဌ သမ္မတ မိုက်သရိပါလာဆီရိဆေနာအနေဖြင့် သမ္မတဟောင်း၏ ဝင်ရောက်အရွေးခံမှုကို အသိအမှတ်ပြုဖွယ်ရှိကြောင်း၊ အကျိုးစီးပွားကို အကောင်းဆုံးဖော်ဆောင် ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။ သို့သော်လည်း သမ္မတဟောင်း ဝန်ကြီးချုပ်အဖြစ် အရွေးခံရမှုကို လက်ရှိသမ္မတနှင့် ညှိနှိုင်းထားခြင်းမရှိဟု သတင်းများက ဆိုသည်။

(ဆင်ဟွာ)

အာကာသစခန်းသို့ထောက်ပံ့ရေး Space X ဒုံးပျံ ဖလော်ရီဒါ၌ လွှတ်တင်ပြီးနောက် ပေါက်ကွဲမှုဖြစ်

ဝါရှင်တန် ဇွန် ၂၉

လူလိုက်ပါခြင်းမရှိသော Space X ဒုံးပျံတစ်စင်း ယမန်နေ့က ဖလော်ရီဒါတွင် လွှတ်တင်ပြီးနောက် နှစ်မိနစ်ခန့်အကြာ၌ ပေါက်ကွဲမှုဖြစ်ပွားရာ နိုင်ငံတကာ အာကာသစခန်းအတွက် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ရန် စီစဉ်ထားသော အာကာသယာဉ် တစ်စင်း ပျက်စီးသွားခဲ့သည်။

၂၀၈ ပေ (၆၃ မီတာ) အမြင့်ရှိသော အဆိုပါ Falcon 9 အမျိုးအစားဒုံးကျည်သည် ၂၀၁၀ ပြည့်နှစ်ကတည်းမှစ၍ (၁၈)ကြိမ် အောင်မြင်စွာ ပျံသန်းခဲ့ပြီးဖြစ်သည်။ နာဆာ၏ အာကာသစခန်း ခြောက်ခုအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

သမုဒ္ဒရာမျက်နှာပြင်ပေါ်၌ ဒုံးပျံ ဆင်းသက်ရန် နေရာစမ်းသပ်ပြုလုပ်မှုတစ်ခုမှာမအောင်မြင်ဘဲ ယခင်က နှစ်ကြိမ်ကြိုးစားပြုလုပ်ခဲ့ကြောင်း နည်းပညာကုမ္ပဏီတစ်ခုမှ သိရသည်။

တနင်္ဂနွေနေ့က ဖြစ်ပွားသော အဆိုပါမတော်တဆမှုမှာ ဒုံးကျည်သည် ကာနာဗီရာလေတပ်စခန်းမှ အာကာသစခန်းသို့ ဒုတိယအကြိမ် ထောက်ပံ့ရေးပစ္စည်း ပေးပို့ရန်အတွက် ဆင်းသက်ခဲ့ပြီးနောက် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပေါက်ကွဲမှု အကြောင်းရင်းကို မသိရသေးကြောင်း သက်ဆိုင်ရာက ပြောသည်။ "ဒါဟာ ကျွန်တော်တို့အတွက် ထိုးနှက်ချက်တစ်ခုပဲ။ ဒီပျံသန်းမှုအတွက် သုတေသနပြုထားတဲ့ ပစ္စည်းကိရိယာတွေ အတော်များများကို ဆုံးရှုံးခဲ့ပါတယ်" ဟု သတင်းစာရှင်းလင်းပွဲတွင် နာဆာလေကြောင်း စီမံခန့်ခွဲရေးအဖွဲ့မှ ဘီ(လ်)ဂါစတန်မေယာက ပြောသည်။

အာကာသစူးစမ်း လေ့လာရေး နည်းပညာ (သို့မဟုတ်) Space X အတွက် ယခုဖြစ်ရပ်သည် နည်းပညာဆုတ်ဆိုင်းမှု တစ်ခုပင်ဖြစ်သည်။ ပေါက်ကွဲမှုဖြစ်စဉ်အတွက် စုံစမ်းစစ်ဆေးမှုကို အချိန်တစ်နှစ်ထက် မနည်း လပေါင်းအတော်ကြာအောင် ပြုလုပ်သွားမည်ဖြစ်ကြောင်း Space X အကြီးအကဲ ဂွီနီရှော့ဝဲလ်က သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။

ကနဦးစစ်ဆေးမှုအရ ဒုံးပျံ ထိပ်ပိုင်းရှိ အင်ဂျင်ပိုင်းဆိုင်ရာ ပြဿနာတစ်ခုကို တွေ့ရကြောင်း မက်(စ်)က ၎င်း၏ တွစ်တာစာမျက်နှာတွင် ဖော်ပြထားသည်။ **(ရိုက်တာ)**

နယူးယောက်ထောင်ပြေး ဒုတိယလက်ကျန်လူကို ပစ်ခတ်ဖမ်းဆီး

နယူးယောက် ဇွန် ၂၉

နယူးယောက်ရှိ အကျဉ်းထောင်မှ လွတ်ခဲ့သည့် ရက်သတ္တသုံးပတ်က ထွက်ပြေးသွားသော အကျဉ်းသားနှစ်ဦးအနက် ပထမတစ်ဦးကို လွှန်ခဲ့သည့် နှစ်ရက်က အသေ ဖမ်းမိပြီးနောက် ကျန်တစ်ဦးဖြစ်သည့် ဒေးဗစ်ဆွက်ကို ကနေဒါနယ်စပ်အနီးတွင် ယမန်နေ့က ရဲတပ်ဖွဲ့မှ ပစ်ခတ်ဖမ်းဆီးကာ ဒေသအတွင်းရှိ ဆေးရုံတစ်ရုံသို့ ပို့လိုက်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

နယူးယောက်ပြည်နယ် ဒန်နီမိုရာရှိ ကလင်တန်စာရိတ္တပြုပြင်ရေး အကျဉ်းစခန်းမှ အကျဉ်းသားနှစ်ဦးဖြစ်သည့် ရစ်ချတ်မက်နှင့်ဒေးဗစ်ဆွက်တို့ ဇွန် ၆ ရက်က ထောင်ဖောက်ထွက်ပြေးကြရာတွင် ဥပဒေဘက်ဆိုင်ရာ တပ်ဖွဲ့ဝင် ၁၃၀၀ ခန့်က နယူးယောက်ပြည်နယ်မြောက်ပိုင်းရှိ သစ်တောများနှင့် စိမ့်တောများကိုပါ တောနင်းရှာဖွေခဲ့ကြရပြီး လူအင်အားအများအပြားသုံးခဲ့ရသောလူဆိုးဖမ်းပွဲကြီးမှာ နောက်ဆုံးလူကိုဖမ်းမိပြီးသည့်နောက် ဇာတ်လမ်း၏ အထွတ်အထိပ်သို့ ရောက်ရှိ ပြီးဆုံးသွားခဲ့သည်။

အသက် ၃၅ နှစ်အရွယ်ရှိ ဒေးဗစ်ဆွက်မှာ သေနတ်ဒဏ်ရာနှစ်ချက်ရရှိကာ ၎င်း၏ မိုက်ဖော်မိုက်ဖက်ရစ်ချက်မက်သေဆုံးခဲ့ရသည့်နေရာနှင့် ၂၃ မိုင်ခန့်အကွာအဝေးတွင်ရှိသော ကွန်စတေဘယ်လ်မြို့ရှိ အချုပ်ခန်း၌ ဖမ်းဆီးချုပ်နှောင်ခံထားရပြီ ဖြစ်သည်။

၎င်းအား နယူးယောက်ပြည်နယ်နှင့် ကနေဒါနိုင်ငံ ကွိဘက်ပြည်နယ်တို့၏ နယ်စပ်မှ တစ်မိုင်ခွဲခန့်သာ ဝေးသောနေရာတွင် နယူးယောက်ပြည်နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်တစ်ဦးက ယနေ့ညနေ ၃ နာရီ မိနစ် ၂၀ ခန့်တွင် ပစ်ခတ်ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

(ရိုက်တာ)

အိုင်အက်စ်များက ဗြိတိန်ကိုအကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်လျက်ရှိကြောင်း ကင်မရွန်းသတိပေး

လန်ဒန် ဇွန် ၂၉

အီရတ်နှင့်ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများသည် ဗြိတိန်ကို ဆန့်ကျင်တိုက်ခိုက်ရန်အတွက် အတိအကျအစီအစဉ်ဆွဲခဲ့ခြင်းဖြစ်ပြီး ၎င်းတို့သည် အနောက်နိုင်ငံများကို ဦးတည်ချက်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းက တနင်္လာနေ့တွင် သတိပေးပြောကြားခဲ့သည်။

အစ္စလာမ္မစ်နိုင်ငံတော် တည်ထောင်ရန်အတွက် အီရတ်နှင့်ဆီးရီးယားရှိ လူများသည် ဗြိတိန်နှင့်အခြားနိုင်ငံများအပေါ် အကြမ်းဖက်လုပ်ရပ်များ ပြုမူဆောင်ရွက်ရန် ကြံစည်လျက်ရှိကြောင်းကို ကင်မရွန်းကဘီဘီစီ အသံလွှင့်ဌာနသို့ပြောကြားသည်။ ၂၀၀၅ ခုနှစ်က လန်ဒန်ရှိ မြေအောက်ရထား ဗုံးခွဲခံရမှုသည် နိုင်ငံသားများအတွက် အဆိုးဆုံးဖြစ်ရပ်တစ်ခုဖြစ်ကြောင်း ဗြိတိသျှရဲများက ဖော်ပြခဲ့ကြပြီး သောကြာနေ့က အိုင်အက်စ်သေနတ်သမားတစ်ဦး၏ တိုက်ခိုက်မှုကြောင့် ဗြိတိသျှခရီးသွား သုံးဆယ်သေဆုံးခဲ့ရကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

(ရိုက်တာ)

အီဂျစ်သမ္မတဟောင်းမော်စီ ထောက်ခံသူ ၄၇ ဦးကို ထောင်ဒဏ်များချမှတ်

ကိုင်ရို ဇွန် ၂၉

အီဂျစ်တရားရုံးတစ်ရုံးက ဖြုတ်ချခံခဲ့ရသော သမ္မတမော်စီနှင့် မွတ်စလင်ညီအစ်ကိုအဖွဲ့ကို သစ္စာခံသူ ၄၇ ဦးကို အကြမ်းဖက်သည်ဟူသော စွဲချက်ဖြင့် ထောင်ဒဏ်သုံးနှစ်မှ ၁၅ နှစ်အထိ ချမှတ်လိုက်ကြောင်း မီနာသတင်းအေဂျင်စီက ပြောသည်။

အဆိုပါ တရားခံများအား ချမှတ်ထားသော ဥပဒေသစ်ကို ချိုးဖောက်မှုဖြင့် ထောင်ဒဏ်များ အသီးသီးချမှတ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ သတင်းအေဂျင်စီက ဖော်ပြသည်။

အခြားသော တရားခံ ၃၁ ဦးသည် အလားတူစွဲချက်များဖြင့် တရားရင်ဆိုင်လျက်ရှိရာ ဇွန် ၃၀ ရက်အထိ အမိန့်ချမှုကို ရွှေ့ဆိုင်းထားသည်။ ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် သမ္မတမော်စီအား နိုင်ငံအတွင်း မငြိမ်မသက်မှုများဖြစ်ပြီး အီဂျစ်တပ်မတော်က ဖြုတ်ချခဲ့သည်။ သမ္မတမော်စီကိုဖြုတ်ချပြီး တစ်နှစ်အကြာ လုံခြုံရေးတပ်များက ဆန္ဒပြသူများကို ဖြိုခွင်းရာ လူပေါင်း ၁၀၀၀ ကျော် သေဆုံးခဲ့ရသည်။ ထောင်ပေါင်းများစွာသော ထောက်ခံသူများအား ဖမ်းဆီးထောင်ချမှုများ ပြုလုပ်ခဲ့သည်။

(ဆင်ဟွာ)

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရန် ကုန်သွယ်မှုကဏ္ဍနှင့် နယ်စပ်ဒေသများမှတစ်ဆင့် ကုန်သွယ်နိုင်ရေးသည် အရေးပါ

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ယနေ့နံနက် ၈ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ရောက်ရှိပြီး ဝန်ကြီးရုံးအတွင်း ခင်းကျင်းပြသထားသည့် မျိုးကောင်းမျိုးသန့်မျိုးစေ့ အမယ်စုံပြခန်း၊ လယ်ယာထွက်ကုန်တန်ဖိုးမြင့် ကုန်ချောပစ္စည်းပြခန်း၊ ပုလဲသွယ်(၃)မျိုးစေ့ပြခန်းနှင့် သက်တမ်းရက် ၂၀ အတွင်း စိုက်ပျိုးရန်အသင့်ဖြစ်နေသည့် ပုလဲသွယ်စပ်မျိုး စပါးပျိုးခင်းနမူနာပုံစံများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ စုံညီအစည်းအဝေးကို အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက အမှာစကား ပြောကြားရာတွင် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ဦးဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အဓိကအားဖြင့် ဥပဒေပါပြဋ္ဌာန်းထားသည့် အရင်းအနှီးရရှိရေးအတွက် တောင်သူလယ်သမားများအား သင့်တင့်သောချေးငွေနှင့်အကူအညီပေး၍ အထောက်အကူပြုရန်၊ ထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူလယ်သမားများအား နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာတို့ကို လွယ်ကူအဆင်ပြေစွာ ပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ လယ်ယာထုတ်ကုန်များရောင်းချရာတွင် သင့်တင့်မျှတသည့် ဈေးနှုန်းနှင့်ဈေးကွက်ရရှိရေးတို့အတွက် တောင်သူလယ်သမားများကို ကူညီဆောင်ရွက်ရန်၊ လုပ်ကွက်ငယ်တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးကို ထိရောက်စွာဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ်တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြုပံ့ပိုးရန် စသည့် ရည်မှန်းချက်လုပ်ငန်းစဉ်(၅)ရပ်ကို ထိထိရောက်ရောက် ကဏ္ဍအလိုက် လက်တွေ့အကောင်အထည်ဖော်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးစိုက်ပျိုးမှုကို မထိခိုက်စေဘဲ မိမိတို့လယ်ယာမြေပေါ်တွင် မိမိတို့ကြိုက်နှစ်သက်သည့် သီးနှံကို လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးခွင့်၊ သင့်တင့်သော စိုက်ပျိုးစရိတ်ချေးငွေများ ချေးယူခွင့်၊ လယ်ယာထုတ်ကုန်များကို လွတ်လပ်စွာ သယ်ယူခွင့်နှင့် ရောင်းချခွင့်၊ လယ်ယာထုတ်ကုန်များကို အာမခံထားရှိခွင့်နှင့် တည်ဆဲဥပဒေများနှင့်အညီ တောင်သူလယ်သမားအသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်စသည့် အခွင့်အရေးများရရှိစေရန် ဦးဆောင်အဖွဲ့မှ ညှိနှိုင်းကူညီဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း။

ထို့ပြင် တောင်သူလယ်သမား အခွင့်အရေးကာကွယ်စောင့်ရှောက်ရန် ဥပဒေနှင့်အညီ ဆက်စပ်ဆောင်ရွက်ပေးခြင်း၊ တောင်သူလယ်သမားများလိုအပ်သည့် သွင်းအားစုများ ရရှိစေရေးနှင့် မြေယာနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ အကျိုးခံစားခွင့် ရရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်း၊ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့်ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိသော တရားမျှတမှုမရှိသည့် မြေယာသိမ်းဆည်းခြင်းများ မဖြစ်ပေါ်စေရန် ကာကွယ်ပေးခြင်းနှင့် လယ်ယာလုပ်သားများ၏ ရထိုက်သောအခွင့်အရေးများကို အပြည့်အဝရရှိစေရန် ကူညီဆောင်ရွက်ပေးခြင်း စသည့် တောင်သူလယ်သမားများ ရသင့်ရထိုက်သော အခွင့်အရေးနှင့် အကျိုးစီးပွားများကို ဦးဆောင်အဖွဲ့မှ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဦးဆောင်အဖွဲ့ စုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တစ်ဖက်မှလည်း ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်းဖြစ်စဉ်များကို ခန့်မှန်းတွက်ဆ၍ တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းများ၊ မွေးမြူရေး လုပ်ငန်းများအပေါ် ထိခိုက်မှု အနည်းဆုံးဖြစ်အောင် သဘာဝဘေး အန္တရာယ်ဆိုင်ရာ၊ ကူးစက်ရောဂါဆိုင်ရာ၊ ပိုးမွှားရောဂါဆိုင်ရာနှင့် အခြားသက်ဆိုင်ရာ သတင်းအချက်အလက်များကို တောင်သူလယ်သမားများထံသို့ အလျင်အမြန်ရောက်ရှိစေရန် မီဒီယာများမှတစ်ဆင့် သတိပေးချက်များ ထုတ်ပြန်ခြင်း၊ ကွင်းဆင်းပူးပေါင်း ဆောင်ရွက်ခြင်း၊ ပံ့ပိုးကူညီဆောင်ရွက်ခြင်းကို သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များမှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် လိုအပ်မှာဖြစ်ပါကြောင်း။

ယခု ၂၀၁၅ ခုနှစ် စိုက်ပျိုးရာသီတွင် အယ်နီညိုရာသီဥတု၏ အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်သည်ဟု မိုးလေဝသပညာရှင်များက ခန့်မှန်းထားပါကြောင်း၊ ထိုအခြေအနေများကြောင့် စိုက်ပျိုးရေ၊ သောက်သုံးရေ အခက်အခဲများ ကြုံတွေ့နိုင်ပါကြောင်း၊ စိုက်ပျိုးရေ သိုလှောင်မှုဖြင့် မိုးဦးရာသီ စိုက်သီးနှံများအောင် ရေရရှိမှုနှင့် ဆောင်းရာသီသီးနှံများ အစိုဓာတ်လုံလောက်မှုရရှိစေရန်အစီအမံများ ချမှတ်ဆောင်ရွက်ရန်ဖြစ်ပြီး အမျိုးသားရေသိုလှောင်ရေးလှုပ်ရှားမှု (National Water Harvesting Campaign –NWHC) တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါးကုန်သွယ်မှုအခန်းကဏ္ဍဖွံ့ဖြိုးရေးနှင့် နယ်စပ်ဒေသများမှတစ်ဆင့် စနစ်တကျကုန်သွယ်နိုင်ရေးသည် အလွန်အရေးပါပါကြောင်း၊ ဆန်စပါးအပြင် အခြားလယ်ယာပို့ကုန်များဖြစ်သော ပဲ၊ ပြောင်း၊ နှမ်းနှင့် သီးနှံအမယ်များအား နယ်စပ်ဒေသမှ တင်ပို့ရာတွင် သိုလှောင်ရုံအပါအဝင် အခြေခံအဆောက်အအုံများ စနစ်တကျရင်းနှီးမြှုပ်နှံ တည်ဆောက်ထားရန် အထူးလိုအပ်လျက်ရှိနေပါကြောင်း။

သို့ဖြစ်၍ ဆိုင်ရာဝန်ကြီးဌာနများဖြစ်သော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့သည် ပုဂ္ဂလိက-အစိုးရ (Private-Public Partnership)၊ အစီအစဉ်ဖြင့် နယ်စပ်ဒေသ ကုန်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်သည့် ကုန်သွယ်ရေးဇုန် ထူထောင်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအုန်းသန်းတို့က ပြဋ္ဌာန်းထားပြီးဖြစ်သော တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအား အနှစ်ချုပ် ရှင်းလင်းတင်ပြမှုနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဦးဆောင်အဖွဲ့၏ အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌတို့က လယ်ယာထွက်ကုန်ပစ္စည်းများ အာမခံချက်ရရှိရေးနှင့် သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ၊ ဈေးကွက်ရရှိရေးနှင့် နည်းပညာကူညီပံ့ပိုးမှုရရှိရေးကိစ္စရပ်များ၊ လယ်ယာထွက်ကုန်များအား တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေးကိစ္စရပ်များ၊ တောင်သူလယ်သမားများ၏လက်ဝယ်သို့ ကူညီထောက်ပံ့မှုများအပြည့်အဝရောက်ရှိရေး ကိစ္စရပ်များ၊ သွင်းအားစုဆိုင်ရာများနှင့် လယ်ယာမြေ ပြန်လည်ဖော်ထုတ်ရေးဆိုင်ရာကိစ္စရပ်များ၊ တွက်ခြေကိုက်သည့်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်နှင့် မျိုးကောင်းမျိုးသန့်ရရှိစိုက်ပျိုးနိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ အတွင်းရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမား အကျိုးစီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များ၊ လုပ်ငန်းအဖွဲ့များအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

သစ်ပင်သစ်ကိုင်းများ ကျိုးကျနေမှုများကို ပြန်လည်ရှင်းလင်းဖယ်ရှားခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မိုးသည်းထန်စွာ ရွာသွန်း၍ အမ်းချောင်းရေလျှံတက်မှုကြောင့် အမ်းချောင်းကမ်းနားရှိ လူနေအိမ်များ၊ အမ်းမြို့အနီး လေးမိုင်ခန့်ကွာဝေးသောနေရာရှိ လူနေအိမ်များ ရေကြီးနစ်မြုပ်မှုများဖြစ်ပွားခဲ့ပြီး လက်ရှိအခြေအနေတွင် မိုးရွာသွန်းမှုလျော့နည်းသွားပြီဖြစ်သဖြင့် ရေကြီးရေလျှံမှု ကျဆင်းသွားပြီဖြစ်ကြောင်း သိရသည်။ ထိုသို့ရေကြီးမှုများကြောင့် လမ်းပျက်စီးမှုများ ဖြစ်သည့်အတွက် မြို့တွင်းသွားလာသည့် ယာဉ်များ၊ အဝေးပြေးမော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍ မရသေးကြောင်းနှင့် အမ်းမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရန်ကုန်-စစ်တွေကားလမ်းမကြီး၊ အမ်း-မင်းဘူး မိုင်တိုင်အမှတ် (၆၂/ ၅) အမ်းတောင်အုပ်စု ပိန်းရေစမ်းကျေးရွာနှင့် ကန်မြင်းကန်ကျေးရွာကြား၌ အလျားပေ ၁၅၀၊ အနံပေ ၂၀ ခန့် ကားလမ်းမြေပြိုမှုဖြစ်ပွားခဲ့ရာ လမ်းအထူးအဖွဲ့(၁၆)မှ ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

အလားတူ တောင်ကုတ်မြို့နယ်၌ ဇွန် ၂၄ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့၍ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သော်လည်း ယခုရက်ပိုင်းအတွင်း မိုးရွာသွန်းမှု လျော့နည်းသွားပြီဖြစ်သဖြင့် ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်း သိရှိရသည်။

(ပြည်နယ် ပြန်/ဆက်)

သံတွဲမြို့၌ ရေများ ပြန်လည်ကျဆင်း သွားပြီးနောက် တင်ကျန်ခဲ့သော နုန်းများနှင့် အမှိုက်များအား ဌာနဆိုင်ရာ များနှင့် ဒေသခံပြည်သူများ ရှင်းလင်း ဆောင်ရွက်ကြစဉ်။

ဓာတ်ပုံ - သန့်ဇင်

(ပြန်/ဆက်)

မိမိတို့ဒေသအတွက်သာမက နိုင်ငံကောင်းကျိုးလုပ်ဆောင်နိုင်မည့်သူများကို မှန်ကန်စွာရွေးချယ်

နေပြည်တော် ဇွန် ၂၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဇွန် ၂၈ ရက် နံနက်ပိုင်းက မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံ Banquest Hall ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ သူရဦးအေးမြင့်၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြို့မိ မြို့ဖများနှင့် လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများနှင့်တွေ့ရှိရသဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်အတွက်ကောင်းနိုးဖွယ်ရာများကို ဆွေးနွေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုအချိန်၌ ပြည်ထောင်စုလွှတ်တော်တွင် အရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အလေးအနက်ထားဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အနှစ်သာရအဖြစ် မြန်မာနိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကိုအခြေခံရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်က ဦးတည်ချက် သုံးရပ် ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၎င်းတို့မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်တံ့ခိုင်မြဲမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ခေတ်စနစ်နှင့်လျော်ညီစွာ ပိုမိုတည်ဆောက်နိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်လာစေရေး၊ တိုင်းရင်းသားမျိုးနွယ်စုများအကြား ယုံကြည်မှုခိုင်မာသော အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဒီမိုကရေစီစနစ်သို့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေးပင် ဖြစ်ပါကြောင်း၊ မပြင်သင့်သေးသည်ကို ပြင်မိလျှင် ဦးတည်ချက်သုံးရပ်ကို ထိခိုက်နိုင်သကဲ့သို့ ပြင်သင့်တာ မပြင်မိလျှင်လည်း ဦးတည်ချက်သုံးရပ်ကို ထိခိုက်နိုင်ကြောင်း။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၄၃၆ (က)ကို မဲခွဲဆုံးဖြတ်ဆောင်ရွက်ရာတွင် ပုဒ်မခွဲ ၁ ခုသာ ၇၅ ရာခိုင်နှုန်းကျော်ပြီး ကျန် ပုဒ်မ၊ ပုဒ်မခွဲ ၅ ခုမှာ ၇၅ ရာခိုင်နှုန်းမကျော်လွန်သဖြင့် ပြင်ဆင်၍မရပါကြောင်း။

ပုဒ်မ ၄၃၆ (ခ)ပြင်ဆင်ရန် ပြည်ထောင်စုလွှတ်တော်တွင် ဆက်လက်ဆောင်ရွက်ရန် ရှိပါကြောင်း၊ တိုင်းရင်းသားအများစုတောင်းဆိုနေကြသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ တန်းတူညီမျှအခွင့်အရေးနှင့် ဗဟိုဦးစီးချုပ်ကိုင်မှု လျှော့ချရေးအတွက် လုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေပေးရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များက ရွေးချယ်တင်မြှောက်သည့် ပြည်သူ့ကိုယ်စားလှယ်သာလျှင် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ် ခန့်ထားရေး၊ တရားရေးအဖွဲ့အစည်းများအား လွတ်လပ်စွာ၊ တရားမျှတစွာ တရားစီရင်နိုင်သောအခြေအနေများသို့ ရောက်ရှိအောင် ဆောင်ရွက်ပေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ထိခိုက်စေသော ကိုယ်စားလှယ်များ ပြန်လည်ရုပ်သိမ်းခြင်းကိစ္စရပ်များနှင့် ရှေ့နောက်ဆက်စပ်လျော်ညီမှုမရှိသည့်ကိစ္စရပ်များ ပြင်ဆင်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

လာမည့်နိုဝင်ဘာလဆန်းတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲအကြိုကာလနှင့် ရွေးကောက်ပွဲကာလများတွင် တည်ငြိမ်အေးချမ်းမှုရှိရေးအတွက် မြို့နယ်အလိုက် ဖွဲ့စည်းထားသည့် ကော်မတီများ၊ လူထုလူတန်းစားအသီးသီးနှင့် နိုင်ငံရေးပါတီအသီးသီးမှ ပုဂ္ဂိုလ်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့ဒေသအတွက်သာမက နိုင်ငံကောင်းကျိုးလုပ်ဆောင်နိုင်မည့်သူများကို မှန်ကန်စွာ ရွေးချယ်နိုင်ရန်လိုကြောင်း၊ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းများအနေဖြင့်လည်း လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသည့် ရွေးကောက်ပွဲဖြစ်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် ကျင့်ဝတ်များကို လိုက်နာရမည်ဖြစ်ကြောင်း၊ မိမိတို့ရောက်ရှိခိုက် လိုအပ်ချက်များကိုတင်ပြပေးရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြသည်။

ယင်းနောက်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်က ပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦးတို့က မြို့နယ်ဆွမ်းလောင်းအသင်းနှင့် လူမှုကူညီရေးအသင်းတို့အတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းစီပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

ပွင့်လင်းမြင်သာမှုရှိသည့်ရွေးကောက်ပွဲဖြစ်ရေး နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းများနှင့် ပြည်သူတစ်ရပ်လုံးပါဝင်ရန်အရေးကြီး

နေပြည်တော် ဇွန် ၂၉

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဇွန် ၂၇ ရက် ညနေပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ရှိ အနော်ရထာခန်းမ၌ ဒေသခံပြည်သူများကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၊ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် ရည်မှန်းချက်ထား ဆောင်ရွက်ရာတွင် လွှတ်တော်သက်တမ်း ငါးနှစ်အတွင်း ရောက်ရှိပြီဖြစ်ပါကြောင်း။

လာမည့် နိုဝင်ဘာလဆန်း၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်၍ ရွေးကောက်ပွဲ အကြိုကာလနှင့် ရွေးကောက်ပွဲကာလအတွင်း တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ပါကြောင်း၊ ၂၀၁၅ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန် လိုအပ်သကဲ့သို့ လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသည့် ရွေးကောက်ပွဲဖြစ်ရေးအတွက် အစိုးရ၊ လွှတ်တော်နှင့် ရွေးကောက်ပွဲကော်မရှင်တို့က ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာနိုင်ငံရေးပါတီ အသီးသီးမှ ကိုယ်စားလှယ်လောင်းများ အပါအဝင် ပြည်သူတစ်ရပ်လုံးက ပါဝင်ဆောင်ရွက်ရန် အရေးကြီးပါကြောင်း။

ချောင်းဦးမြို့နယ်အတွင်း ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြသည့် စီမံခန့်ခွဲရေးကော်မတီ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီနှင့် စည်ပင်သာယာရေးကော်မတီများ အပါအဝင် ပါတီကိုယ်စားလှယ်လောင်းများ၊ လုံခြုံရေးတာဝန်ယူကြမည့်သူများ၊ ပြည်သူများကလည်း ပူးပေါင်းပါဝင်ရန် လိုအပ်ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်က ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ သက်ဆိုင်သူများက ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့မိ မြို့ဖများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တွေ့ဆုံပွဲတွင် ချောင်းဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစောလှထွန်းက မြို့နယ်ပညာရေးကဏ္ဍအတွက် ထောက်ပံ့ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

အလားတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့်အတူ ဇွန် ၂၈ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ထီးလှိုင်ရှင်ခန်းမ၌ လည်းကောင်း၊ မြင်းမူမြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်သစ်ခန်းမ၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌လည်းကောင်း ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်ကော်မတီများမှ တာဝန်ရှိသူများနှင့် ဒေသခံများက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြချက်များ အပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေး၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့သည် တံတားဦးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ နေပြည်တော်သို့ ညပိုင်းတွင် ပြန်လည် ရောက်ရှိကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း အတည်ပြုချက်ရယူ

နေပြည်တော် ဇွန် ၂၉

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၇၀) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ဝွမဲဆန္ဒနယ်မှ ဦးကြည်သာ၏ **မြန်မာနိုင်ငံရှိ THE BURMA COMPANIES ACT ၁၉၁၄ ခုနှစ်နှင့် ၁၉၅၀ ပြည့်နှစ် အထူးအက်ဥပဒေများသည် လီမိတက်ကုမ္ပဏီများအတွက် အဓိကပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်ရာ ယခုနိုင်ငံတော်မှ မှတ်ပုံတင်ခွင့်ပြုထားသည့် အများပိုင်ကုမ္ပဏီ၊ ကော်ပိုရေးရှင်းနှင့် ဟိုးလ်ဒင်းများကို မည့်သည့်ဥပဒေနှင့် ထိန်းသိမ်းကွပ်ကဲမှုပြုလုပ်နေသည်နှင့် ယင်းကဲ့သို့ကုမ္ပဏီများ အရေအတွက် မည်မျှရှိသည်ကို သိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၅ တွင် တာဝန်ကန့်သတ်၍ဖြစ်စေ၊ မကန့်သတ်ဘဲဖြစ်စေ ဥပဒေနှင့်အညီ ကုမ္ပဏီများကို ဖွဲ့စည်းမှတ်ပုံတင်နိုင်ကြောင်းကို ပြဋ္ဌာန်းထားပါကြောင်း။

၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေနိဒါန်းတွင် "မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေရှိ အချို့သောပြဋ္ဌာန်းချက်များနှင့် အကြောင်းအားလျော်စွာ လိုအပ်လျှင် မသက်ဆိုင်သော ကုမ္ပဏီမျိုးဖွဲ့စည်းရန် ရည်ရွယ်သည်တစ်ကြောင်း၊ ထိုကုမ္ပဏီကို ဖွဲ့စည်းရန်ကိစ္စနှင့် အခြားကိစ္စများအတွက် ပြဋ္ဌာန်းရန်လိုအပ်သည်လည်း တစ်ကြောင်း၊ ထိုအကြောင်းကြောင်းများကြောင့် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်"ဟု ဖော်ပြပါရှိပြီးဖြစ်ပါကြောင်း။

ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း ဖြေကြားစဉ်။ (သတင်းစဉ်)

အဆိုပါ ဥပဒေများသည် လီမိတက် ကုမ္ပဏီများအတွက်သာ အဓိကပြဋ္ဌာန်းထားသည့် ဥပဒေမဟုတ်ပါကြောင်းနှင့် အများနှင့်မသက်ဆိုင်သောကုမ္ပဏီ၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီ၊ ကော်ပိုရေးရှင်းနှင့် ဦးပိုင်ကုမ္ပဏီများအားလုံး မှတ်ပုံတင်နိုင်ပါကြောင်း။

၁၉၈၈-၁၉၈၉ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ် မေလကုန်အထိ ဖွဲ့စည်းမှတ်ပုံတင်ထားသည့် ကုမ္ပဏီ ၄၉၀၇၄ ခုရှိပြီး မြန်မာကုမ္ပဏီအဖြစ် အများနှင့်မသက်ဆိုင်သော ကုမ္ပဏီ (Private Company Ltd) ၄၄၄၉၈ ခု၊ အများနှင့် သက်ဆိုင်သော ကုမ္ပဏီ (Public Company Ltd) ၁၉၉၃ခု၊ နိုင်ငံခြားကုမ္ပဏီ ၄၂၉၉ခု နှင့် ဖက်စပ်ကုမ္ပဏီ ၇၈ ခုတို့ ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်းက ခန္တီးမြို့နယ် **ချင်းတွင်းမြစ်ကမ်းဘေး ကျောက်စိမ်းလုပ်ကွက်များတွင် မည်သည့်ကုမ္ပဏီများမှ လုပ်ကိုင်ခဲ့သည်၊ လုပ်ကွက် တစ်ခုချင်းမှ ကျောက်စိမ်း မည်မျှစီရသည်ကို ရာဖြတ်အဖွဲ့၏ မှတ်တမ်းနှင့်တကွ သိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၁၄(က)အရ သတ္တုတွင်းဝန်ကြီးဌာနသည် ခန္တီးရတနာနယ်မြေတွင် ကျောက်စိမ်းဖော်ထုတ်လုပ်ကွက်(အသစ်)များ လျှောက်ထားနိုင်ကြောင်းကို ကြေညာချက် (၇/၂၀၀၈)ဖြင့် ခေါ်ယူခဲ့ပါကြောင်း။

ဝွမဲဆန္ဒနယ်မှ ဦးကြည်သာ မေးမြန်းစဉ်။ (သတင်းစဉ်)

သို့ရာတွင် လုပ်ကိုင်ခွင့်ချထားပေးသော လုပ်ကွက် ၂၈၀ အနက် ၆၀ မှာ အဆိုပြုငွေပေးသွင်းခြင်း မရှိသည့်အတွက် ၎င်းလုပ်ကွက် ၆၀ ကို ပြန်လည်ပယ်ဖျက်ခဲ့ရသဖြင့် နောက်ဆုံးခွင့်ပြုမိန့် ထုတ်ပေးသည့် လုပ်ကွက်အရေအတွက် စုစုပေါင်းမှာ ၂၂၀ သာ ကျန်ရှိပါကြောင်း။

၎င်းလုပ်ကွက် ၂၂၀ အနက် ချင်းတွင်းမြစ်နှင့် (၂)မိုင်မှ (၅)မိုင် ဝေးကွာသော ညောင်တစ်လျှောက်မှော် (နောင်းလီမှော်)နှင့် နတ်မှော် (ချောင်းသုံးခွမှော်)တို့တွင် လုပ်ကွက် ၄၅ ကွက်ရှိပါကြောင်း၊ ချင်းတွင်းမြစ်ဘေးတွင် တည်ရှိသော ညောင်တစ်လျှောက်မှော်နှင့် လင်းဖာမှော်တို့တွင် လုပ်ကွက် ၁၇၅ ကွက်ရှိကြောင်း။

ကုမ္ပဏီများအနေဖြင့် ရတနာနယ်မြေအတွင်းရှိ ချင်းတွင်းမြစ်ဘေး ပေ ၅၀၀ ဝေးကွာသော နေရာမှစ၍ ဘူမိဗေဒဖြစ်တည်မှု သဘောတရားအရ ရေဆောင်သိုက်နေရာအဖြစ် ခန့်မှန်း၍ ကျောက်စိမ်းထုတ်လုပ်နိုင်မည်ဟုယူဆပြီး ဖော်ထုတ်လုပ်ကွက်များအဖြစ် လျှောက်ထားတူးဖော်ခဲ့ကြသော်လည်း ချင်းတွင်းမြစ်ဘေးတွင် ရေဆောင်သိုက်ကျောက်စိမ်းများ စုဖွဲ့မှုမရှိသည်ကို တူးဖော်ခဲ့သည့်အခါမှသာ သိရှိခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ကုမ္ပဏီများအနေဖြင့် စတင်တူးဖော်ချိန်မှ ယာယီရပ်ဆိုင်းချိန်အထိ ကျောက်စိမ်းရိုင်းထုတ်လုပ်နိုင်မှုမရှိသေးကြောင်း တွေ့ရှိရပြီး ကျောက်စိမ်းရိုင်း ထုတ်လုပ်နိုင်မှုမရှိသေးသဖြင့် တွင်းဝရတနာခွန်ပေးဆောင်မှု မရှိသေးပါကြောင်းနှင့် ကျောက်စိမ်း ထုတ်လုပ်မှုမရှိသေးသည့်အတွက် ရာဖြတ်အဖွဲ့၏ မှတ်တမ်းများလည်း ဖော်ပြရန်မရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော **ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း**တို့ကို လွှတ်တော်၏ အတည်ပြုချက် ရယူခဲ့သည်။

ထို့ပြင် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်တင်သွင်းသည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုအား တစ်ပုဒ်ချင်းစီအလိုက် လွှတ်တော်၏အတည်ပြုချက် ရယူသည်။

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ တင်ပြခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

နေ့စားဝန်ထမ်းများအား အမြဲတမ်းခန့်ထားရာတွင် ဖွဲ့စည်းပုံလစ်လပ်မှုအရ ခန့်ထားခြင်းဖြစ်

နေပြည်တော် ဇွန် ၂၉

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ၏ **"နေ့စား လျှပ်စစ်ဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ "** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမော်သာထွေးက နေ့စားဝန်ထမ်းမှ အမြဲတမ်းဝန်ထမ်းအဖြစ်သို့ ခန့်ထားရေးကို တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများအလိုက် မြို့နယ်/မြို့/ မြို့နယ်ခွဲ လျှပ်စစ်အင်ဂျင်နီယာရုံးများတွင် ဝင်ပေါက်ရာထူး စာရင်းကိုင်(၄)နှင့် ဒု-လက်ထောက်ကြီးကြပ်ရေးမှူး (မီတာ)နေရာလစ်လပ်မှုရှိလာသည့်အခါမှသာ ပြည်နယ်/တိုင်းဒေသကြီးများအလိုက် နေ့စားတန်းစီဇယား မြင့်/နိမ့်အပေါ် မူတည်၍ အမြဲတမ်းဝန်ထမ်းအဖြစ် ပြောင်းရွှေ့တာဝန် ထမ်းဆောင်နိုင်မှု ရှိ/မရှိ ဆန္ဒပြုချက်များရယူပြီး ဝန်ကြီးဌာန ၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ အဆင့်ဆင့်တင်ပြပြီး ခွင့်ပြုချက်တောင်းခံ၍ အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားပေးလျက်ရှိပါကြောင်း။

နေ့စားဝန်ထမ်းများအား အမြဲတမ်းခန့်ထားရာတွင် ဖွဲ့စည်းပုံလစ်လပ်မှုအရ ခန့်ထားခြင်းဖြစ်ပါကြောင်း၊ မွန်ပြည်နယ်အတွင်းရှိ နေ့စားဝန်ထမ်းများအား အမြဲတမ်းခန့်ထားရာတွင် မွန်ပြည်နယ်အတွင်း ဝင်ပေါက်ရာထူး နေရာလစ်လပ်မှုအပေါ် မူတည်၍ နေ့စားလုပ်သက် မြင့်/နိမ့် တန်းစီဇယားအရ ခန့်ထားခြင်းဖြစ်ပြီး မွန်ပြည်နယ်အတွင်း ဖွဲ့စည်းပုံလစ်လပ်မှုမရှိပါက အခြားတိုင်းဒေသကြီး/ ပြည်နယ်များရှိ ဖွဲ့စည်းပုံ လစ်လပ်နေရာများသို့ သွားရောက်တာဝန်ထမ်းဆောင်နိုင်မှုအခြေအနေရှိပါက ဆန္ဒတောင်းခံ၍ ခန့်ထားရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ လွှတ်တော်ကိုယ်စားလှယ် ဦးနု၏ **"ပြုပြင်ပြောင်းလဲပြဋ္ဌာန်းတော့မည့် အခြေခံပညာကဏ္ဍ သင်ရိုးညွှန်းတမ်းတွင် အခြေခံစိုက်ပျိုးရေးပညာ ဘာသာရပ်ကို အဆင့်အသီးသီးတွင် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းနိုင်ရေး အလေးထားဆောင်ရွက်နေမှုအခြေအနေကို သိရှိလိုခြင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက လက်ရှိအကောင်အထည် ဖော်နေသော မူလတန်းအဆင့်သင်ရိုးတွင် အခြေခံစိုက်ပျိုးရေး ဘာသာရပ်သည် အဓိကဘာသာရပ်မဟုတ်ဘဲ တွဲဖက်သင်ရိုးဘာသာရပ်သာ ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမည့် သင်ရိုးညွှန်းတမ်းတွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တို့၌ အခြေခံစိုက်ပျိုးရေးပညာကို ဒေသလိုအပ်ချက်နှင့်အညီ အနည်းဆုံးတစ်ပတ်လျှင်တစ်ချိန် သတ်မှတ်၍သင်ယူမည်ဟုစီစဉ်ပါက လက်တွေ့တွင် အကောင်အထည်ဖော်နိုင်ခြေရှိပါကြောင်း၊ ထိုသို့ပြုလုပ်လျှင်လည်း စိုက်ပျိုးရေးဆိုင်ရာ အခြေခံကျွမ်းကျင်မှု (Soft Skill) ရရှိရန် သင်ချိန်လုံလောက်သည်ဟု ယူဆပါကြောင်း။

ဒုတိယဝန်ကြီး ဦးမော်သာထွေး ဖြေကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ လက်ရှိပြင်ဆင်အတည်ပြုရန် ဆွေးနွေးနေသည့် အမျိုးသားပညာရေးဥပဒေတွင် ကဏ္ဍအလိုက်ကျွမ်းကျင် လုပ်သားများကို မွေးထုတ်ပေးမည့် နည်းပညာနှင့် သက်မွေးပညာရေးသင်တန်း (Technical and Vocational Education and Training-TVET) ကို အလေးပေးထားကြောင်း တွေ့ရှိရမည် ဖြစ်ပါကြောင်း၊ မူလတန်းအဆင့် ပြီးမြောက်သူများအတွက် စိုက်ပျိုးရေးပညာ ကျွမ်းကျင်လုပ်သားများကို မွေးထုတ်သည့် သက်မွေးပညာသင်တန်းများ၊ အလယ်တန်းအဆင့်ပြီးမြောက်သူများ တက်ရောက်ရန် ပို၍ကျွမ်းကျင်မှု Level အဆင့်မြင့်သည့် စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများ၊ အထက်တန်းအဆင့် ပြီးမြောက်သူ များ တက်ရောက်နိုင်မည့် စိုက်ပျိုးရေးသိပ္ပံ၊ ဒီပလိုမာ သင်တန်းများကို ဒေသလိုအပ်ချက်၊ စိုက်ပျိုးရေးကဏ္ဍ လိုအပ်ချက်နှင့်အညီ မွေးထုတ်ပေးမည့် (TVET) သင်တန်းများကို ဖွင့်လှစ်ပို့ချပေးရန် ရှိမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ မေးမြန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်က **"ပုဒ်မ(၃၄)ပုဒ်မခွဲ(က)တွင် ပါဝင်သည့် လူဦးရေ သိပ်သည်းများပြားသည့် ဒေသများတွင် စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဈေးပြိုင်စနစ် ကျင့်သုံးခြင်း"** ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ဆွေးနွေးသည်။ **(သတင်းစဉ်)**

ကျောဖုံးမှ

လာအိုအသင်းနှင့် လည်းကောင်း၊ ဇူလိုင် ၂ ရက် ညနေပိုင်းတွင် ထိုင်းအသင်းနှင့် လည်းကောင်း အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဇူလိုင် ၃ ရက်တွင် ပထမဗိုလ်လုပွဲ၊ တတိယလုပွဲစသည်ဖြင့် ပွဲစဉ်များ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ ယူ-၁၅ အသင်းကို အဖွဲ့ခေါင်းဆောင် ဦးစိုးညွှန့်၊ နည်းပြချုပ် ဦးတင်မောင်ဝင်း၊ လက်ထောက်နည်းပြ ဦးရဲဝင့်သူ၊ ဂိုးနည်းပြ ဦးမြင့်ဦးနှင့် ကြံ့ခိုင်မှုနည်းပြ ဦးအောင်အောင်တို့ လိုက်ပါသွားပြီး ကစားသမားများအဖြစ် ထက်ဝေလျှံစိုး၊ အောင်မြင့်မြတ်၊ အောင်ဝဏ္ဏစိုး၊ မြင့်မြတ်သူ၊ အောင်အောင်ဇင်၊ ပြည့်ဖြိုးမောင်၊ ဘိုဘိုအောင်၊ သက်ပိုင်ထွေး၊ မြတ်ကောင်းခန့်၊ သီဟဇော်၊ ပြည့်စုံနိုင်၊ ထွန်းဆိုင်၊ ထက်ဖြိုးဝေ၊ ဟိန်းထက်အောင်၊ ဝင်းနိုင်ထွန်း၊ သက်ပိုင်ထူးနှင့် ကျော်ကျော်ထက်တို့ ဖြစ်ကြသည်။

အဆိုပါပြိုင်ပွဲကို ကျင်းပရခြင်းသည် မဲခေါင်ဒေသနိုင်ငံများ အပါအဝင် အာရှနိုင်ငံများအတွင်းရှိ ကလေးငယ်များ ဘောလုံးအဆင့်အတန်း တိုးတက်ဖွံ့ဖြိုးရေးနှင့် ဂျပန်-မဲခေါင် ဒေသတွင်းနိုင်ငံများအကြား ပိုမိုချစ်ကြည်ရင်းနှီးမှုရစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲသို့ အိမ်ရှင် ဂျပန်နိုင်ငံမှ ဗစ်ဆဲကိုဘေအသင်း၊ ဆန်ဖရီချီ ဟီရိုရှီးမားအသင်း၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့မှ မျိုးဆက်သစ် ယူ- ၁၅ အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

(မြန်မာ့အလင်း)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မွန်ဂိုလီးယားလွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်တို့နှင့် တွေ့ဆုံဆွေးနွေး

အူလန်ဘာတာ ဇွန် ၂၉

မွန်ဂိုလီးယားနိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မွန်ဂိုလီးယားနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ Mr. Z. ENKHBOLD တို့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် အူလန်ဘာတာမြို့ရှိ State Palace ၌ တွေ့ဆုံကြသည်။

ထို့နောက် မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် State Palace ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မွန်ဂိုလီးယားနိုင်ငံ ဝန်ကြီးချုပ် Mr. Chimed Saikhanbileg တို့ တွေ့ဆုံဆွေးနွေးကြသည်။

(သတင်းစဉ်)

တွေ့ဆုံဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မွန်ဂိုလီးယားနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ Mr. Z. ENKHBOLD နှင့် တွေ့ဆုံဆွေးနွေးစဉ်။

(ဓာတ်ပုံ-ပြန်/ဆက်)

ဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မွန်ဂိုလီးယားနိုင်ငံ ဝန်ကြီးချုပ် Mr. Chimed Saikhanbileg နှင့် တွေ့ဆုံဆွေးနွေးစဉ်။

(ဓာတ်ပုံ-ပြန်/ဆက်)

နှစ်နိုင်ငံဆက်ဆံရေးအား ဖြစ်နိုင်သည့် ကဏ္ဍပေါင်းစုံတွင် ပိုမိုတိုးချဲ့နိုင်ရန် ရင်းနှီးမြှုပ်နှံမှုများ၊ သတင်းအချက်အလက်နှင့် ကျွမ်းကျင်သူများဖလှယ်ရေး အားပေးမြှင့်တင်

အူလန်ဘာတာ ဇွန် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့အကြား ပူးတွဲကြေညာချက်တစ်ရပ်ကို ဇွန် ၂၉ ရက်တွင် အူလန်ဘာတာမြို့၌ ထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့အကြား ပူးတွဲကြေညာချက် (အူလန်ဘာတာမြို့)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂျ် ဇတ်ခ်ဟီးလ်ယာဒ်၏ ဖိတ်ကြားချက်အရ ၂၀၁၅ ခုနှစ် ဇွန်လ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိ မွန်ဂိုလီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ် လာရောက်ခဲ့သည်။ အဆိုပါခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် သမ္မတမစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂျ်နှင့် ထိပ်သီးအစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

နှစ်နိုင်ငံသမ္မတများသည် ရင်းနှီးဖော်ရွေစွာ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံဆက်ဆံရေး တည်တံ့ခိုင်မြဲရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့တွင် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ပြီးခဲ့သည့်နှစ်များအတွင်း အဆင့်မြင့်အရာရှိကြီးများ အဆင့်တွင် အပြန်အလှန် လည်ပတ်မှုများသည် နှစ်နိုင်ငံအကြားရှိ ပူးပေါင်းဆောင်ရွက်မှုများကို သိသာထင်ရှားစွာ အရှိန်မြှင့်တင်နိုင်ခဲ့ခြင်းအား နှစ်နိုင်ငံခေါင်းဆောင်များက အသိအမှတ်ပြုခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ မွန်ဂိုလီးယားနိုင်ငံသို့ ပထမဦးဆုံးအကြိမ် လာရောက်သည့် သမိုင်းဝင်ခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကိုသာမက နှစ်ဖက်ပြည်သူများအကြား အပြန်အလှန်ထိတွေ့ဆက်ဆံမှုများ ပိုမိုနက်ရှိုင်းလာစေရေးအတွက် တွန်းအားတစ်ခုဖြစ်သည်ဟု သမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂျ်မှ အလေးထားပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတွင်းပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည် ပုံမှန်ဆက်လက်တိုးတက်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့်လည်း လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု၊ နယ်ပယ်များတွင် သိသာထင်ရှားသော အောင်မြင်မှုများ ရရှိနေသည့်အပေါ် မွန်ဂိုလီးယားနိုင်ငံအနေဖြင့် အသိအမှတ်ပြုခဲ့သည်။ ဒီမိုကရေစီ၊ ပွင့်လင်းသည့် လူ့အဖွဲ့အစည်းနှင့် လူ့အခွင့်အရေးကိစ္စများတွင် နှစ်နိုင်ငံစလုံးအနေဖြင့် အလေးထားဖော်ဆောင်လျက်ရှိမှုကို မွန်ဂိုလီးယားသမ္မတမှ မှတ်သားပြီး မွန်ဂိုလီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် လူမှုစီးပွားပြုပြင်ပြောင်းလဲရေး ကြိုးပမ်းအားထုတ်မှုများတွင် ဆက်လက်အားပေးထောက်ပံ့သွားရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

မွန်ဂိုလီးယားနိုင်ငံအနေဖြင့် ၄င်း၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ဈေးကွက်စီးပွားရေးစနစ် ပြောင်းလဲမှုကာလများအတွင်း တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများနှင့် သင်ခန်းစာများမျှဝေရာတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် နှစ်ဖက်စလုံးမှ သဘောတူခဲ့ကြသည်။

မြန်မာနိုင်ငံ၌ မကြာမီကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုတွင် အရေးပါသည့် မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ နှစ်ဖက်သမ္မတများမှ မှတ်ချက်ပြုခဲ့ပြီး မွန်ဂိုလီးယားနိုင်ငံအနေဖြင့် ဒီမိုကရေစီရွေးကောက်ပွဲကျင်းပခြင်းဆိုင်ရာ အတွေ့အကြုံများကို ဖလှယ်သွားရန်နှင့် မွန်ဂိုလီးယားနိုင်ငံမှ လေ့လာရေးအဖွဲ့များ မြန်မာနိုင်ငံသို့ စေလွှတ်ရန် နှစ်ဖက်သက်ဆိုင်ရာတာဝန်ရှိသူများအကြား ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံသမ္မတများအနေဖြင့် နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာ နယ်ပယ်များ၊ အထူးသဖြင့် ကမ္ဘာ့ကုလသမဂ္ဂနှင့် အာဆီယံဒေသဆိုင်ရာ ဖိုရမ်တို့တွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရေးသည် အရေးကြီးကြောင်း ထပ်လောင်းအတည်ပြုခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့ခြင်းအပေါ် မွန်ဂိုလီးယားနိုင်ငံဘက်မှ ဂုဏ်ပြုပြောကြားခဲ့ပြီး မွန်ဂိုလီးယားနိုင်ငံသည် အာဆီယံအဖွဲ့ကြီး၏ ဆွေးနွေးဖက်နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရေးနှင့် အရှေ့အာရှထိပ်သီးအစည်းအဝေးတွင် အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေး ကြိုးပမ်းအားထုတ်မှုများတွင် ဆက်လက်ကူညီထောက်ပံ့ပေးနိုင်မည်ဟု မွန်ဂိုလီးယားနိုင်ငံမှ မျှော်လင့်ကြောင်း ဖော်ပြခဲ့သည်။

မွန်ဂိုလီးယားနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်တွင် (၁၁)ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့်အပေါ် မြန်မာနိုင်ငံမှ ဂုဏ်ပြုပြောကြားခဲ့ပြီး အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးကျင်းပရေး လုပ်ငန်းစဉ်များတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန်နှင့် ဆွေးနွေးညှိနှိုင်းရေး

စာမျက်နှာ ၉ သို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Mini Naadam ပွဲတော် ကြည့်ရှုအားပေး

အူလန်ဘာတာ ဇွန် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် မွန်ဂိုလီးယားသမ္မတ မစ္စတာ အယ်လ် ဘတ်ခ်ဒေါ့ဂ်ျ ဇတ်ခ်ဟီးလ်ယာဒ်နှင့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် Chinggisyn Khuree ၌ကျင်းပသည့် Mini Naadam ပွဲတော်ကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ပထမဦးစွာ ယဉ်ကျေးမှုအဖွဲ့များက ဖျော်ဖြေတင်ဆက်ကြပြီးနောက် နပန်းပွဲ၊ မြားပစ်ပြိုင်ပွဲနှင့် မြင်းပွဲများကို ဆက်လက်ယှဉ်ပြိုင်ကြသည်။

အဆိုပါ Mini Naadam ပွဲတော်သည် မွန်ဂိုလီးယားနိုင်ငံ၏ ရိုးရာ ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်ပြီး ရှေးနှစ်ပေါင်းများစွာကပင် ကျင်းပခဲ့ခြင်းဖြစ်ကာ နပန်းပွဲများ၊ မြင်းပြိုင်ပွဲနှင့် မြားပစ်ပြိုင်ပွဲများကို အဓိကအသားပေးထည့်သွင်း ယှဉ်ပြိုင်စေခြင်းဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်တွင် အဆိုပါပွဲတော်ကို သမိုင်းဝင်အထင်ကရရိုးရာယဉ်ကျေးမှုပွဲတော် တစ်ခုအဖြစ် ယူနက်စကိုက မှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် မွန်ဂိုလီးယားသမ္မတတို့က မြားပစ်ပြိုင်ပွဲတွင် အနိုင်ရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား မွန်ဂိုလီးယားသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂ်ျ ဇတ်ခ်ဟီးလ်ယာဒ်က Ikh tenger complex ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(ယာပုံ)**

(သတင်းစဉ်)

စုပေါင်း မှတ်တမ်းတင်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မွန်ဂိုလီးယားသမ္မတ မစ္စတာ အယ်လ် ဘတ်ခ်ဒေါ့ဂ်ျ ဇတ်ခ်ဟီးလ်ယာဒ်တို့ Mini Naadam ပွဲတော်တွင် နပန်းသမားများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

(ဓာတ်ပုံ-ပြန်/ဆက်)

စာမျက်နှာ ၈ မှ

နိုင်ငံတစ်နိုင်ငံအဖြစ် ကူညီဆောင်ရွက်သွားရန် အသင့်ရှိကြောင်း မြန်မာနိုင်ငံမှဖော်ပြခဲ့သည်။ ထို့အပြင် မွန်ဂိုလီးယားနိုင်ငံ၏ ၂၀၁၆-၂၀၁၈ ကာလအတွက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတွင် အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံလိုသည့် ကိစ္စနှင့် ၂၀၂၃-၂၀၂၄ ကာလအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံမည့်ကိစ္စတို့တွင် ကူညီအားပေးရန် အသင့်ရှိကြောင်း မြန်မာဘက်မှ ဖော်ပြခဲ့သည်။

နှစ်နိုင်ငံဆက်ဆံရေးအား ဖြစ်နိုင်သည့်ကဏ္ဍပေါင်းစုံတွင် ပိုမိုတိုးချဲ့နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများ၊ သတင်းအချက်အလက်နှင့် ကျွမ်းကျင်သူများဖလှယ်ရေး စသည်တို့ကို အားပေးမြှင့်တင်သွားရန် နှစ်ဖက်စလုံးမှ စိတ်ဝင်စားမှုရှိကြောင်း ဖော်ပြခဲ့သည်။ ကုန်သွယ်ရေး၊ သတ္တုကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားလာရေးကဏ္ဍ၊ ယဉ်ကျေးမှုနှင့် စီးပွားရေးကဏ္ဍများသည် နှစ်ဖက်စလုံး အကျိုးဖြစ်ထွန်းစေမည့် အလားအလာရှိသော ပူးပေါင်းဆောင်ရွက် ရေးနယ်ပယ်များဖြစ်လာနိုင်ကြောင်း နှစ်ဖက်စလုံးမှ အလေးထားပြောကြားခဲ့သည်။

မွန်ဂိုလီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် တွင်းထွက်သယံဇာတပေါကြွယ်ဝသည့်နိုင်ငံများဖြစ်ရာ သတ္တုတွင်းကဏ္ဍ အထူးသဖြင့် သဘာဝသယံဇာတများကို သင့်လျော်စွာအသုံးချရေး၊ ဥပဒေရေးရာ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဘူမိဗေဒဆိုင်ရာတူးဖော်မှုတွင် ကျွမ်းကျင်မှုဖလှယ်ရေးနှင့် အရင်းအမြစ်တူးဖော်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေးလုပ်ငန်းစဉ် (EITI) မူဘောင်အတွင်း ပူးပေါင်းဆောင်ရွက်သွားရေး စသည့်ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများရှာဖွေသွားရန် နှစ်ဖက်စလုံးက သဘောတူညီခဲ့သည်။

နှစ်နိုင်ငံအကြား ကျန်းမာရေးနှင့်ပညာရေးကဏ္ဍများတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ဆက်ဆံမှုတည်ထောင်ခြင်း၊ နှစ်ဖက်ကျောင်းသားများ အပြန်အလှန်ဖလှယ်ခြင်း၊ မွန်ဂိုလီးယားနှင့် မြန်မာဘာသာစကားလေ့လာမှုများတိုးမြှင့်ခြင်းတို့မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်သွားရန် မွန်ဂိုလီးယားနိုင်ငံအနေဖြင့် စိတ်ပါဝင်စားမှုရှိကြောင်း ဖော်ပြခဲ့သည်။

နှစ်နိုင်ငံသမ္မတများအနေဖြင့် နှစ်နိုင်ငံပြည်သူများအကြား ထိတွေ့ဆက်ဆံမှုနှင့် လူငယ်များအပြန်အလှန်ဖလှယ်မှုတို့မှတစ်ဆင့် နှစ်ဖက်ပြည်သူများအကြား ပိုမိုသိရှိနားလည်လာစေရေးနှင့် အပြန်အလှန်နားလည်မှု တိုးမြှင့်သွားရန် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

၂၀၁၆ ခုနှစ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်နှစ်ဖြစ်ရာ နှစ်နိုင်ငံစလုံးတွင် ယဉ်ကျေးမှုအခမ်းအနားများ ကျင်းပပြုလုပ်သွားရန် နှစ်နိုင်ငံသမ္မတများမှ သဘောတူညီခဲ့သည်။

နှစ်နိုင်ငံသမ္မတများရှေ့မှောက်၌ အောက်ပါစာချုပ်စာတမ်းများ လက်မှတ်ရေးထိုးခဲ့သည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မွန်ဂိုလီးယားနိုင်ငံတို့အကြား ခရီးသွားလာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်ကောင်စီနှင့် မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့တော်ကောင်စီတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မွန်ဂိုလီးယားနိုင်ငံ အမျိုးသားကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့အကြား နားလည်မှုစာချွန်လွှာ။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ ဓာတ်အားပေးစက်ရုံများအတွက် ထိုင်းကုမ္ပဏီများက ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

ရန်ကုန် ဇွန် ၂၉

ထိုင်းနိုင်ငံ၏ စွမ်းအင်ကုမ္ပဏီများဖြစ်သော PTT Pcl နှင့် Ratchaburi Electricity Generating Pcl တို့သည် မြန်မာနိုင်ငံ၌ သဘာဝဓာတ်ငွေ့ရည် (LNG) ထောက်ပံ့ရေးဆိပ်ကမ်းတစ်ခုနှင့် ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရေးတွင် ပူးတွဲရင်းနှီးမြှုပ်နှံရန် မကြာသေးမီက သဘောတူစာချုပ် ရေးထိုးလိုက်ကြောင်း Reuters သတင်းများတွင် ဖော်ပြထားသည်။ ယင်းကဲ့သို့ သဘောတူစာချုပ် ရေးထိုးလိုက်ခြင်းကြောင့် ဓာတ်အားထုတ်လုပ်မှု ၇၀ ရာခိုင်နှုန်းကို သဘာဝဓာတ်ငွေ့အဖြစ် အသုံးပြုနေသော ထိုင်းနိုင်ငံအတွက် စွမ်းအင်ဖူလုံမှုကို များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ၌ အသုံးပြုလျက်ရှိသော သဘာဝဓာတ်ငွေ့၏ ငါးပုံတစ်ပုံမှာ မြန်မာနိုင်ငံမှ ပိုက်ဖြင့်သွယ်တန်း၍ပေးပို့ခြင်းဖြစ်ပြီး ထိုင်းနိုင်ငံအတွင်း ထွက်ရှိသည့် သဘာဝဓာတ်ငွေ့မှာ လာမည့် ခြောက်နှစ် သို့မဟုတ် ခုနစ်နှစ်အတွင်း ကုန်ဆုံးမည်ဟု ခန့်မှန်းထားသဖြင့် ရေရှည်စွမ်းအင်ထောက်ပံ့မှုအတွက် ထိုင်းအစိုးရအနေဖြင့် အကျပ်အတည်းနှင့် ကြုံတွေ့နေရသည်။ မြန်မာနိုင်ငံသည် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝအရင်းအမြစ်များကို ပိုမိုအသုံးပြုလာသောကြောင့် ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ဓာတ်ငွေ့တင်သွင်းမှုမှာ လျော့နည်းလာဖွယ်ရှိသည်။

အဆိုပါစာချုပ်အရ မြန်မာနိုင်ငံ၌ သဘာဝဓာတ်ငွေ့ရည် (LNG) များ သိုလှောင်ရန် PTT ကုမ္ပဏီက ဓာတ်ငွေ့ရည်တင်သင်္ဘော Floating Storage and Regasification Unit (FSRU) တစ်စင်း တည်ဆောက်ရမည်ဖြစ်ကြောင်း Ratchaburi ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ပွန်ဒက်ပေ့ါချာနာက သတင်းထောက်များကို ပြောကြားသည်။

PTT နှင့် Ratchaburi ကုမ္ပဏီတို့သည် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ကုန်ကျပြီး ထိုင်းနိုင်ငံသို့ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၅၀၀ နီးပါး တင်ပို့နိုင်မည့် မြန်မာနိုင်ငံ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ရှိ မဂ္ဂါဝပ် ၆၀၀ ထုတ်လုပ်နိုင်သည့်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ရေးတွင် ပူးတွဲရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ပွန်ဒက်ပေ့ါချာနာက ပြောကြားသည်။

ဝရဇိန်

မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန် ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇွန် ၂၉

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာနမှ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H.E.Mr. Sun Guoxiang အား ယနေ့ နံနက် ၁၀ နာရီတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာနမှ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H.E.Mr.Sun Guoxiang နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံဆက်ဆံရေးတွင် ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ရန် ကိစ္စရပ်များ၊ လော်ခီးလာဒေသ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ဆွေးနွေးပွဲများအပါအဝင် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(မြဝတီ)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အန်ကောဝပ် ယဉ်ကျေးမှုနယ်မြေသို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဇွန် ၂၉

ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် ဇွန် ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီက Siem Reap မြို့ရှိ အန်ကောဝပ်ယဉ်ကျေးမှု နယ်မြေသို့ သွားရောက်ကြည့်ရှု လေ့လာကြရာ **(ဝဲပုံ)** တာဝန်ရှိသူများက ယဉ်ကျေးမှုနယ်မြေအတွင်းရှိ Angkor Wat Temple၊ Taprom Temple နှင့် Bayon Temple တို့၏ နောက်ခံသမိုင်းကြောင်း၊ ဘုရားကျောင်း ဆောက်လုပ်မှု အခြေအနေ၊ လက်ရှိယူနက်စကို၏ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် ရေရှည်တည်တံ့ရေး ထိန်းသိမ်းမှု အခြေအနေများအား ရှင်းလင်းပြသကြသည်။

ထို့နောက်တစ်ဆင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် Makong-Genga Textile Museum အား လှည့်လည်ကြည့်ရှုကြသည်။ Angkor Wat Temple သည် ခရစ်နှစ် ၁၁၁၂ ခုနှစ်နှင့် ၁၁၅၀ ကြား ဘုရင် Suryavarman II က Siem Reap မြို့အနီး အာရှတိုက်၌ အကြီးဆုံးရေကန်ဖြစ်သည့် Tonle Sap ကန်၏မြောက်ဘက် ကမ်းခြေတွင် ကမ္ဘာ့အံ့ဖွယ်ရာ အကောင်းဆုံး ဗိသုကာလက်ရာများဖြင့် တည်ဆောက်ခဲ့ကြပြီး မြန်မာနိုင်ငံရှိ ပုဂံနှင့် ခေတ်ပြိုင်ဖြစ်သည်။ Angkor ဧရိယာသည် အရှေ့နှင့် အနောက် ၁၅ မိုင် တောင်နှင့်မြောက် ၅ မိုင် ကျယ်ဝန်းပြီး အဓိက စေတီပုထိုးပေါင်း ၇၂ ဆူရှိကာ အရပ်လေးမျက်နှာတွင် မိုင်ဝက်ခန့်ရှည်သော တံတိုင်းဖြင့် ကာရံထားသည်။

ဘုရားကျောင်းအား ကျုံးဖြင့် ဝန်းရံထားပြီး အရှည်မီတာ ၂၅၀၊ ၁၂ မီတာရှိသော လျှောက်လမ်းအား ကျောက်တုံးများဖြင့် တည်ဆောက်ထားကာ ဘုရားကျောင်းသည် ၆၅ မီတာမြင့်၍ ကြီးမားသော ထုထည်ရှိသည်။

Angkor Wat ကို တည်ဆောက်သော သဲကျောက်တုံးများအား ကီလိုမီတာ ၅၀ အထက် ဝေးကွာသော နေရာမှ ထုတ်လုပ်ပြီး Siem Reap မြစ်အတိုင်း ဖောင်များဖြင့် သယ်ယူခဲ့ကြောင်း၊ ထောင်ပေါင်းများစွာသော လူများ၏ လုပ်အားဖြင့် ၁၃ နှစ်ခန့်ကြာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ကမ္ဘောဒီးယားအစိုးရသည် ၁၉၉၅ ခုနှစ်တွင် Angkor Wat နှင့် Siem Reap ဒေသကာကွယ်ရေးနှင့် စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ (APS- ARA) အား စတင်ဖွဲ့စည်း၍ ၎င်းယဉ်ကျေးမှုနယ်မြေရှိ ရုပ်တုပေါင်း ရှစ်သောင်းကျော်ကို ကာကွယ်ထိန်းသိမ်း ဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။ **(မြဝတီ)**

မှတ်သုံလေအား အသင့်အတင့်ရှိမည်

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ယနေ့ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၂၉

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမမြောက်နေ့ကို ယနေ့ နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်းပြည်ပ ရတနာကုန်သည်များက သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းတွဲများကို လွတ်လပ်စွာ ကြည့်ရှုလေ့လာကြပြီး နှစ်သက်ရာ ကျောက်စိမ်းတွဲများအား တင်ဒါတင်သွင်းကြသည်။

ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်နှင့် ကော်မတီဝင်များက ပြပွဲအတွင်းကျောက်စိမ်းတွဲများအား တင်ဒါစနစ်ဖြင့်ရောင်းချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြပွဲတွင် ယမန်နေ့က တင်ဒါတင်သွင်းခဲ့သည့် မြန်မာ့ကျောက်စိမ်းတွဲ ၈၀၇ တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ပြီး ကျောက်စိမ်းတွဲ အမှတ် ၂၉၀၁ မှ ၄၃၅၀ ထိ ကို ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အဆိုပြုအနည်းဆုံးအခကြေးငွေ ထုတ်ပြန်ကြေညာချက် ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ

အဆိုပြုအနည်းဆုံးအခကြေးငွေထုတ်ပြန်ကြေညာချက်
အမှတ်(၁/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်)

၁။ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရန် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေကို ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇ အဖြစ် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့၌ ပြဋ္ဌာန်းပေးခဲ့ပြီး အနည်းဆုံးအခကြေးငွေ နည်းဥပဒေများကိုလည်း ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့၌ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေနှင့် နည်းဥပဒေများအရ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့၌လည်းကောင်း၊ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီများကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့၌လည်းကောင်း ဖွဲ့စည်းပေးခဲ့ပြီး ကော်မတီအသီးသီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်း သတ်မှတ်ပေးခဲ့ပါသည်။

၃။ ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သော အနည်းဆုံးအခကြေးငွေဥပဒေနှင့် နည်းဥပဒေများအရ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ပေးနိုင်ရေးကို အောက်ပါ လုပ်ငန်းစဉ် ၅ ရပ် ချမှတ်၍ ဆောင်ရွက်ခဲ့ပါသည်-

(က) **လုပ်ငန်းစဉ်(၁)။** အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ကော်မတီများဖွဲ့စည်းခြင်း။

(ခ) **လုပ်ငန်းစဉ်(၂)။** အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အလုပ်ရှင်များ၊ အလုပ်သမားများနှင့် ဆွေးနွေးပွဲများ၊ အစည်းအဝေးများ ကျင်းပခြင်း။

(ဂ) **လုပ်ငန်းစဉ်(၃)။** လူနေမှုကုန်ကျစရိတ်ဆိုင်ရာ မေးခွန်းလွှာများဖြန့်ဝေ၍ စာရင်းကောက်ယူခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများထံမှပေးပို့လာသော အကြံပြုချက်များနှင့် သဘောထားမှတ်ချက်များကို ပြန်လည်စုစည်းပြီး အနည်းဆုံးအခကြေးငွေအား အဆိုပြုထုတ်ပြန်နိုင်ရန် ပြန်လည်ညှိနှိုင်းဆွေးနွေးခြင်း။

(ဃ) **လုပ်ငန်းစဉ်(၄)။** အဆိုပြုအနည်းဆုံးအခကြေးငွေ ထုတ်ပြန်ကြေညာခြင်း။

(င) **လုပ်ငန်းစဉ်(၅)။** အတည်ပြု အနည်းဆုံးအခကြေးငွေ ထုတ်ပြန်ကြေညာခြင်း။

၄။ အထက်ပါလုပ်ငန်းစဉ်များနှင့်အညီ အမျိုးသားကော်မတီသည် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် အစီအစဉ်များချမှတ်ပြီး အမျိုးသားအဆင့် မူဝါဒများချမှတ်ခြင်း၊ သုတေသနပြုလုပ်စေခြင်း၊ စစ်တမ်းများကောက်ယူ၍ စိစစ်တွက်ချက်စေခြင်းတို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းစဉ်(၃)အထိ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်၍ လက်ရှိအချိန်၌ လုပ်ငန်းစဉ်(၄)ကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိအချိန်အထိ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး(၇)ကြိမ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများပါဝင်သော သုံးပွင့်ဆိုင်ညှိနှိုင်းဆွေးနွေးပွဲ အကြိမ်(၃၀) ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

၅။ ထို့အပြင် မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အဆိုပြုအနည်းဆုံးအခကြေးငွေကို ထုတ်ပြန်ကြေညာခြင်းမပြုမီ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့နှင့် ၂၃ ရက်နေ့တို့တွင် အမျိုးသားကော်မတီဝင်များ၊ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီဝင်များ၊ နိုင်ငံတော်သမ္မတ၏အကြံပေးပုဂ္ဂိုလ်များ၊ အစိုးရကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များနှင့် အလုပ်ရှင်ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) မှ အခကြေးငွေဆိုင်ရာ ကျွမ်းကျင်သူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် စိတ်ပါဝင်စားသော ရပ်မိရပ်ဖများပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကြီးကို ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံရှိအလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ပေးရေးဆိုင်ရာ သဘောထားများနှင့်အကြံပြုချက်များကို ရယူခဲ့ပါသည်။

၆။ ထိုသို့ဆောင်ရွက်ခဲ့ပြီးနောက် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် (၇)ကြိမ်မြောက် အမျိုးသားကော်မတီအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပြီး အမျိုးသားကော်မတီဝင်များ၊ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီဝင်များ၏ အကြံပြုချက်များနှင့် သဘောထားမှတ်ချက်များ၊ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သော အမျိုးသားကော်မတီအစည်းအဝေးများ၏ ရလဒ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲများမှရရှိလာသော ဆွေးနွေးပွဲရလဒ်များ၊ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ကော်မတီများအလိုက် ကျင်းပပြုလုပ်ခဲ့သော အစိုးရ၊ အလုပ်ရှင်နှင့်အလုပ်သမား သုံးပွင့်ဆိုင်ဆွေးနွေးမှုများမှရရှိလာသည့် အဆိုပြုနှုန်းထားများ၊ တစ်နိုင်ငံလုံးကို လွှမ်းခြုံ၍ မြို့နယ်ပေါင်း (၁၀၈)မြို့နယ်ရှိ အိမ်ထောင်စုပေါင်း (၂၂၀၃၂)စု၏ နေထိုင်စားသောက်မှုကုန်ကျစရိတ်စာရင်း စစ်တမ်းကောက်ယူမှုမှရရှိခဲ့သည့် လူတစ်ဦးချင်း၏ ပျမ်းမျှနေထိုင်စားသောက်မှု ကုန်ကျစရိတ်နှုန်းထားများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အနိမ့်ဆုံးအခြေခံလစာနှင့် နေ့စားအလုပ်သမားများ၏ လုပ်ခ စသည်တို့အပေါ်တွင် မှီငြမ်းကိုးကား၍ အဆိုပြုအနည်းဆုံးအခကြေးငွေကို ညှိနှိုင်းသတ်မှတ်ခဲ့ကြပါသည်။

၇။ အထက်ဖော်ပြပါအချက်များပေါ်တွင် အခြေခံ၍ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးတွင် ညှိနှိုင်းသဘောတူညီခဲ့ကြသော အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားနှင့် သက်ဆိုင်သည့် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီ သတ်မှတ်ပေးသင့်သည့် အနည်းဆုံးအခကြေးငွေမှာ တစ်နာရီလျှင် ကျပ် ၄၅၀/- (ကျပ် လေးရာငါးဆယ်တိတိ) နှုန်းဖြင့် အလုပ်ချိန် (၈)နာရီ (တစ်ရက်)အတွက် ကျပ် ၃၆၀၀/- (ကျပ်သုံးထောင်ခြောက်ရာတိတိ) ဖြစ်ပါသည်။

(ခ) လုပ်ငန်းသဘောသဘာဝအရ ဥပဒေနှင့်အညီအချိန်ပိုလုပ်ရသော အလုပ်သမားများအတွက် သက်ဆိုင်ရာဥပဒေနှင့်အညီ သတ်မှတ်ပေးထားသော အချိန်ပိုလုပ်ခကို ခံစားခွင့်ရှိသည်။

(ဂ) ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၁၄(ခ)အရ ဤဥပဒေအာဏာမတည်မီက ရရှိနေသော အခကြေးငွေသည် ဤဥပဒေအရ သတ်မှတ်သော အနည်းဆုံးအခကြေးငွေထက် ပိုမိုရရှိနေပါက ပိုမိုရရှိသော အခကြေးငွေကို အလုပ်သမားများ ဆက်လက်ခံစားခွင့်ရှိသည်။

(ဃ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါ အနည်းဆုံးအခကြေးငွေမှာ ဥပဒေအရ သတ်မှတ်ပေးထားသော အနည်းဆုံးအခကြေးငွေထက် လျော့နည်းပါက အလုပ်သမားသည် ဥပဒေအရ သတ်မှတ်ပေးထားသည့် အနည်းဆုံးအခကြေးငွေနှင့်အညီ ခံစားခွင့်ရှိသည်။

(င) ထို့အပြင် ဥပဒေအရသတ်မှတ်ပေးထားသော အနည်းဆုံးအခကြေးငွေကိုသော်လည်းကောင်း၊ ထိုအခကြေးငွေထက်ပို၍ အလုပ်ရှင်ကပေးသည့် အခကြေးငွေကိုသော်လည်းကောင်း အလုပ်သမားက ခံစားခွင့်ရှိသည်။

(စ) အချိန်ပိုင်း၊ နာရီပိုင်းအလုပ်လုပ်ရသော အလုပ်သမားများသည် အလုပ်လုပ်သည့်အချိန်အတွက် သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေကိုခံစားခွင့်ရှိသည်။

(ဆ) သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေကို အမျိုးသား၊ အမျိုးသမီး မခွဲခြားဘဲ ခံစားခွင့်ရှိစေရမည်။

(ဇ) ယခုအဆိုပြုလိုက်သော အနည်းဆုံးအခကြေးငွေနှုန်းထားအား အတည်ပြုသတ်မှတ်ပြီးပါက စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနအလိုက် သတ်မှတ်ထားသော စည်းကမ်းချက်များဖြင့် ခန့်ထားပြီးဖြစ်သည့် အလုပ်သမားများကို ယင်းနှုန်းထားအတိုင်းပေးရမည်ဖြစ်ပြီး အနည်းဆုံးအခကြေးငွေ နည်းဥပဒေ ၄၃(ဠ)အရ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန အလိုက်သတ်မှတ်ထားသော ကျွမ်းကျင်မှုစံ သို့မဟုတ် ထုတ်လုပ်မှုစံနှုန်းပြည့်မီအောင် လုပ်ဆောင်နိုင်စွမ်းမရှိသေးသည့် အလုပ်သမားအသစ်များအား အစမ်းခန့်ကာလမတိုင်မီ ကျွမ်းကျင်မှုရှိစေရေးအတွက် လေ့ကျင့်ပေးရန်လိုအပ်လျှင် သက်ဆိုင်သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသည် လေ့ကျင့်ချိန်ကာလ သုံးလအတွင်း သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေ၏ ၅၀% ထက်မနည်းသော လုပ်ခလစာကိုလည်းကောင်း၊ အစမ်းခန့်ကာလ သုံးလအတွင်း သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေ၏ ၇၅% ကိုလည်းကောင်းပေးရမည်။

(ဈ) အနည်းဆုံးအခကြေးငွေနည်းဥပဒေ ၄၄(က)အရ အလုပ်သမားများသည် မိမိတို့အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအဆင့်နှင့်အညီ သတ်မှတ်ထားသော ကုန်ထုတ်စွမ်းအား ပြည့်မီစေရန် ဆောင်ရွက်ရမည်။

(ည) ယခုအဆိုပြုသတ်မှတ်ပေးသော အနည်းဆုံးအခကြေးငွေနှုန်းထားကို အတည်ပြုပြီးပါက ယင်းအခကြေးငွေနှုန်းထားနှင့် အချိန်ပိုလုပ်ခများမှာ ဥပဒေအရ အလုပ်သမားများ ရသင့်ရထိုက်သည့် လုပ်ခလစာဖြစ်ပြီး ရက်မှန်ကြေး၊ ဆုကြေးနှင့် ရှားပါးစရိတ် စသည့်အပိုထောက်ပံ့ကြေးများကိုမူ အလုပ်ရှင်များက မိမိတို့၏လုပ်ငန်း အောင်မြင်မှုနှင့် အကျိုးအမြတ်တို့အပေါ်တွင် မူတည်၍ အလုပ်သမားများကို ချီးမြှင့်နိုင်သည်။

(ဋ) အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းနှင့် ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ခြင်းတို့ ပြုရာတွင် နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်သည့် လုပ်ငန်းများတွင်သော်လည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင်သော်လည်းကောင်း လုပ်ကိုင်နေကြသည့် နိုင်ငံသားအလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသည် ကျွမ်းကျင်မှုအလိုက် နိုင်ငံခြားသားအလုပ်သမားများ နည်းတူခံစားခွင့်ရှိသည်။

(ဌ) အမိန့်ကြော်ငြာစာထုတ်ပြန်၍ အနည်းဆုံးအခကြေးငွေကို အတည်ပြုသတ်မှတ်ပြီးပါက ယင်းသတ်မှတ်အခကြေးငွေနှုန်းထားသည် ခွင့်ရက်၊ အလုပ်ပိတ်ရက်နှင့် စပ်လျဉ်း၍ အလုပ်သမားများအားပေးထားသည့် အခွင့်အရေးတစ်ရပ်ရပ်ကို ထိခိုက်ခြင်း မရှိစေရ။

(ဍ) အထူးစီးပွားရေးဇုန်များတွင် အလုပ်လုပ်ကိုင်နေကြသည့် နိုင်ငံသားအလုပ်သမားများအတွက် သက်ဆိုင်ရာ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီများသည် အထူးစီးပွားရေးဇုန်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားအလိုက် သတ်မှတ်သင့်သည့် အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားများကို အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသို့တင်ပြဆောင်ရွက်ရမည်။

(ဎ) အဆိုပြုအနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းသည် အလုပ်သမား ၁၅ ဦးနှင့် အောက်ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် သက်ဆိုင်မှုမရှိဘဲ အဆိုပါလုပ်ငန်းများတွင် အလုပ်လုပ်နေကြသည့် အလုပ်သမားများအနေဖြင့် မိမိတို့၏နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားအလိုက် အလုပ်ရှင်နှင့်အလုပ်သမား နှစ်ဦးနှစ်ဖက်သဘောတူညှိနှိုင်းသတ်မှတ်သော အခကြေးငွေနှုန်းထားများဖြင့် ရယူခံစားနိုင်သည်။

၈။ အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်ပြုခြင်း၊ အကြံပြုခြင်း၊ ကန့်ကွက်ခြင်းနှင့် ပြင်ဆင်ခြင်းများကို ဆောင်ရွက်လိုသည့် အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်သည် ဤအဆိုပြုအနည်းဆုံးအခကြေးငွေ ထုတ်ပြန်သည့်နေ့ရက်မှစ၍ ရက်သတ္တနှစ်ပတ်အတွင်း ပူးတွဲပါပုံစံတွင် ဖြည့်စွက်ပြီး အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီထံပေးပို့ရမည့်အပြင် မိတ္တူကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနရှိ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ ပေးပို့ရမည်။

၉။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီသည် အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားနှင့် စပ်လျဉ်းသည့် အကြံပြုချက်များ၊ ကန့်ကွက်ချက်များ၊ ပြင်ဆင်ချက်များနှင့် ကွင်းဆင်းစစ်ဆေးချက်များကို လေ့လာစိစစ်ပြီး ကန့်ကွက်သည့်နေ့ သို့မဟုတ် ပြင်ဆင်ရန် အဆိုပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြီးစီးအောင်ရှင်းလင်း၍ အဆိုပြုနှုန်းထားကို အမှုတွဲနှင့် သက်သေခံအထောက်အထား စာရွက်စာတမ်းများ ပူးတွဲပြီး အမျိုးသားကော်မတီထံတင်ပြရမည်။

၁၀။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် အဆိုပြုအနည်းဆုံး အခကြေးငွေနှုန်းထားကို အများပြည်သူသိရှိရန် ကြေညာပြီးနောက် ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်ချက် သို့မဟုတ် ပြင်ဆင်ရန် အဆိုပြုချက်များကို အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးပွင့်ဆိုင် ကိုယ်စားလှယ်များဖြင့် လေ့လာစိစစ်ပြီး အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေနှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။

၁၁။ ထို့အပြင် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီတို့၏ ပြန်လည်သုံးသပ်တင်ပြချက်များကိုသော်လည်းကောင်း၊ သက်ဆိုင်ရာလုပ်ငန်းဌာန၊ အလုပ်ရှင်နှင့်အလုပ်သမားအဖွဲ့အစည်းများ၏ အကြံပြုချက်များကိုသော်လည်းကောင်း၊ ယင်းအကြံပြုချက်များအပေါ် လုပ်ငန်းကော်မတီများ၏ သဘောထားမှတ်ချက်များကိုသော်လည်းကောင်း ထည့်သွင်းစဉ်းစားပြီး သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှုန်းထားကို နှစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင်ခြင်းနှင့် ဆက်လက်အတည်ပြုခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၂။ သို့ဖြစ်ပါ၍ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(င)အရ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီသတ်မှတ်သည့် အဆိုပြုအနည်းဆုံးအခကြေးငွေမှာ တစ်နာရီလျှင် ကျပ် ၄၅၀/- (ကျပ်လေးရာငါးဆယ်တိတိ)နှုန်းဖြင့် အလုပ်ချိန်(၈)နာရီ (တစ်ရက်)အတွက် ကျပ် ၃၆၀၀/- (ကျပ်သုံးထောင်ခြောက်ရာတိတိ) ဖြစ်ကြောင်းနှင့် ယင်းသတ်မှတ်ချက်သည် အလုပ်သမား ၁၅ ဦးနှင့် အောက်ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် သက်ဆိုင်မှုမရှိကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ

(ပူးတွဲပါပုံစံကို စာမျက်နှာ ၁၂ တွင် ဖော်ပြထားပါသည်)

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ကွင်းဆင်းလေ့လာရေးအတွေ့ အကြုံရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဇွန် ၂၉

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ၂၀၁၃-၂၀၁၄ ဆေးခန်းဆိုင်ရာ ပညာရပ်များအသင်းမှ အသင်းသား အသင်းသူများ၏ ကွင်းဆင်းလေ့လာရေးခရီးစဉ် အတွေ့အကြုံရှင်းလင်းခြင်းနှင့် ဆေးခန်းဆိုင်ရာ ပညာရပ်အသင်း တာဝန်လွှဲပြောင်းခြင်းအခမ်းအနားကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာမာမာဝင်းက အမှာစကားပြောကြားပြီး အသင်းသား အသင်းသူများက ၂၀၁၄ ခုနှစ် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၂ ရက်အထိ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိ ကျေးရွာအုပ်စုများသို့ ကွင်းဆင်းလေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ် အတွေ့အကြုံများကို အဖွဲ့လိုက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အဖွဲ့လိုက်အတွေ့အကြုံ စာတမ်းရေးသားမှုနှင့် စာတမ်းဖတ်ကြားမှုတို့အတွက် ဆုချီးမြှင့်ခြင်းနှင့် ဆေးခန်းဆိုင်ရာပညာရပ်အသင်း တာဝန်လွှဲပြောင်းခြင်းများ ပြုလုပ်ကြသည်။

မွေးမြူရေး ဆေးတက္ကသိုလ်၏ ကွင်းဆင်းလေ့လာရေးခရီးစဉ်သည် အသင်းသား အသင်းသူများအတွက် တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုဘဝအခြေအနေများလေ့လာခြင်း၊ ဒေသန္တရဗဟုသုတများရရှိခြင်းစသည့် အကျိုးကျေးဇူးများ ရရှိခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ Mobile Radio သတင်းအစီအစဉ်ကို တိုင်းရင်းသားဘာသာ ၁၁ မျိုးဖြင့် ဇူလိုင် ၁ ရက်တွင် စတင်ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၂၉

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Blue Ocean Operating Management Company Limlted တို့ ပူးပေါင်း၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသတင်းများကို Mobile Phone များတွင် အလွယ်တကူ နားဆင်နိုင်ရန်အတွက် Mobile Radio အစီအစဉ်ကို ၂၀၁၅ ခုနှစ် မေ ၁၅ ရက်တွင် စတင်ကာ နေ့စဉ် နံနက် ၈ နာရီ၊ မွန်းလွဲ ၁ နာရီ၊ ည ၇ နာရီတို့တွင် တစ်နေ့သုံးကြိမ်စီ ထုတ်လွှင့်လျက်ရှိရာ ယခုအခါ နိုင်ငံတစ်ဝန်းရှိ ဒေသအသီးသီးတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ public access to information ကို ပိုမိုကျယ်ပြန့်စွာရရှိနိုင်စေရန်အတွက် Mobile Radio သတင်းထုတ်လွှင့်မှုကို တိုင်းရင်းသားဘာသာစကားများဖြင့်ပါ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

တိုင်းရင်းသားဘာသာ Mobile Radio သတင်းအစီအစဉ်များအဖြစ် ကချင်ဘာသာ၊ ကယားဘာသာ၊ စကောကရင်ဘာသာ၊ အနောက်ပိုးကရင်ဘာသာ၊ အရှေ့ပိုးကရင်ဘာသာ၊ ချင်း(လိုင်ဇို)ဘာသာ၊ ချင်း(ချိုး) ဘာသာ၊ မွန်ဘာသာ၊ ရခိုင်ဘာသာ၊ ရှမ်းဘာသာ၊ “ဝ” ဘာသာ စသည့် တိုင်းရင်းသားဘာသာ ၁၁ မျိုးဖြင့် စက္ကန့် ၉၀ စာ သတင်းများကို ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်တွင် စတင်ကာ နေ့စဉ်တစ်နေ့ သုံးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်သည်။

ယင်းသို့ထုတ်လွှင့်ရာတွင် နားဆင်လိုသူ မိဘပြည်သူများအနေဖြင့် ဖုန်း-၀၁-၂၃၉၉၁၀၃ ကို ခေါ်ဆို၍ Subscribe လုပ်ပြီး မိမိနှစ်သက်ရာ တိုင်းရင်းသားဘာသာအစီအစဉ်ကို နံနက် ၈ နာရီ၊ မွန်းလွဲ ၁ နာရီ၊ ည ၇ နာရီတို့တွင် နားဆင်နိုင်ကြမည်ဖြစ်ပြီး စက္ကန့် ၉၀ စာ သတင်းတစ်ချိန်လျှင် ၅၄ ကျပ်နှုန်းဖြင့် တစ်ရက် သုံးကြိမ် ၁၆၂ ကျပ်နှုန်းကို ဖုန်းလက်ကျန်ငွေထဲမှ ကောက်ခံသွားမည်ဖြစ်သည်။

အဆိုပါတိုင်းရင်းသားဘာသာ Mobile Radio သတင်းအစီအစဉ်များတွင် နောက်ဆုံးရ ပြည်တွင်းသတင်းများ၊ ဒေသဆိုင်ရာသတင်းများ၊ နိုင်ငံတကာသတင်းများ၊ အားကစားသတင်းနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု၊ အနုပညာဆိုင်ရာ စိတ်ဝင်စားဖွယ်ရာသတင်းများကို နားဆင်ကြရမည်ဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသတင်းများကို Mobile Phone များတွင် အလွယ်တကူနားဆင်နိုင်သည့် Mobile Radio သတင်းအစီအစဉ်များနှင့် စပ်လျဉ်း၍ မေးမြန်းစုံစမ်းလိုပါက ပြန်ကြားရေးဝန်ကြီးဌာန၏ Call Center ဖုန်း-၁၈၈၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြသည်။

(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)

ပဲခူးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဥဿာသီရိကျောင်းတိုက်၏ ပဓာနနာယကဆရာတော် သူရိယ အရှင်သူမြတ်သည် ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဒေါက်တာဘွဲ့ယူရန် အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့သို့ ဇွန် ၂၉ ရက်က မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။(သတင်းဖော်ပြပြီး)

(၀၈၃)

စာမျက်နှာ ၁၁ မှ

ပူးတွဲပါပုံစံ

သို့

ဥက္ကဋ္ဌ

ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးကော်မတီ

----------------------မြို့

ရက်စွဲ။ ၂၀၁၅ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားနှင့်စပ်လျဉ်း၍ ကန့်ကွက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း**

စဉ်	ကန့်ကွက်သူ/ပြင်ဆင်ရန်အဆိုပြုသူ၏ အမည် သို့မဟုတ် အဖွဲ့အစည်း၏ အမည်၊ လိပ်စာ	လုပ်ငန်း/ဌာန	ကန့်ကွက် ပြင်ဆင်ရသည့် အကြောင်းအရင်း	သတ်မှတ်လိုသည့်/ ပြင်ဆင်လိုသည့်နှုန်း

လက်မှတ် -
အမည် -
လုပ်ငန်း/ဌာန -

လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၂၀/၂၀၁၅)
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်
(၂၀၁၅ခုနှစ်၊ ဇွန်လ ၂၉ ရက်)

လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့၊ ရပ်ကွက်(၂)၊ အမှတ်(၈၁)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**အား ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၈၉)ဖြစ်ပါသည်။

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စစ်ကိုင်းမြို့တည် နန်းတည် နှစ် (၇၀၀) ပြည့်အထိမ်းအမှတ် စာပေဟောပြော

စစ်ကိုင်း ဇွန် ၂၉

စစ်ကိုင်းမြို့တည် နန်းတည် နှစ်(၇၀၀) ပြည့်အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇွန် ၂၇ ရက် ည ၇ နာရီက စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ စာရေးဆရာများဖြစ်ကြသော ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)တို့က စာပေရေးရာများ ဟောပြောကြပြီး ကျောင်းသား ကျောင်းသူများနှင့် စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ၌ အာရှ- ပစိဖိတ်ဒေသ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ ညီလာခံကျင်းပမည်

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပမည့် (၈)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ ညီလာခံကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၆ ရက်အထိ နေပြည်တော် မြန်မာကွန်ဗင်းရှင်းစင်တာ-၂ ၌ ကျင်းပမည်ဖြစ်ကြောင်း ကော်မတီအဖွဲ့မှ သိရသည်။

အဆိုပါ ညီလာခံကို အာရှ-ပစိဖိတ်ဒေသကြား နှစ်နှစ် တစ်ကြိမ် ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ယခုအကြိမ်သည် ပထမဆုံးအကြိမ်အနေဖြင့် ကျင်းပရန် စီစဉ်ခြင်းဖြစ်သည်။ ညီလာခံ၌ ၂၀၁၅ ခုနှစ် နောက်ပိုင်းကာလ ဖွံ့ဖြိုးရေးအစီအစဉ်များ ဆောင်ရွက်မှုနှင့် စောင့်ကြည့်လေ့လာသူများအတွက် ဆွေးနွေးရန် မျိုးဆက်ပွားရေးနှင့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊ စိန်ခေါ်မှုများ၊ အတွေးအခေါ်ပုံစံသစ်များ၊ ဆန်းသစ်သောအကြံဉာဏ်နှင့် နည်းဗျူဟာများကို မျှဝေကြမည်ဖြစ်သည်။

ထို့အပြင် ကူညီပံ့ပိုးပေးရန် အများဆုံးလိုအပ်နေသော မျိုးဆက်ပွားကျန်းမာရေးအတွက် နည်းပညာမြင့်မားသော သုတေသနများ၊ မူဝါဒနှင့် စီမံကိန်းများ၊ အသိပညာပေးဆွေးနွေးမှုများနှင့် ဆက်သွယ်ရေးနည်းဗျူဟာများကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အာရှနှင့် ပစိဖိတ်ဒေသ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာညီလာခံကို ၂၀၀၁ ခုနှစ်ကတည်းက ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ပြီး ယင်းနောက် နှစ်နှစ်တစ်ကြိမ်အဖြစ် ထိုင်း၊ မလေးရှား၊ အိန္ဒိယ၊ တရုတ်၊ အင်ဒိုနီးရှားနှင့် (၇)ကြိမ်မြောက်ကို ဖိလစ်ပိုင်နိုင်ငံက ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလက အိမ်ရှင်အဖြစ် ပြန်လည်လက်ခံကျင်းပခဲ့သည်။ အဆိုပါညီလာခံများသို့ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ် တက်ရောက်ဆွေးနွေးခဲ့သည်။

အဆိုပါ အာရှနှင့် ပစိဖိတ်ဒေသ မျိုးဆက်ပွား ကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ ညီလာခံကို ပါဝင်တက်ရောက်ဆွေးနွေးလိုသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ အဖွဲ့ဝင်များအနေဖြင့် ကြိုတင်စာရင်းပေးသွင်းလိုလျှင် ဝက်ဘ်ဆိုက် www.mm8apcrshr.org သို့ ဝင်ရောက်လေ့လာ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

ရန်ကုန်မြို့၌ ရုံးဆင်းချိန် မိုးကြီးခဲ့သဖြင့် သွားလာရေးခက်ခဲ

ရန်ကုန် ဇွန် ၂၉

ယနေ့ညနေ ၆ နာရီမှစတင်ကာ ရန်ကုန်မြို့ နေရာအနှံ့အပြား၌ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရပြီး ရုံးဆင်းချိန်နှင့် တိုက်နေသဖြင့် မော်တော်ကားပိတ်ဆို့မှုများ နေရာအနှံ့အပြား၌ ဖြစ်ပွားခဲ့သည်။

"မိုးကပြီးခဲ့တဲ့အပတ်ကတည်းက ဆက်တိုက်ရွာသွန်းခဲ့ပေမယ့် ရေလျှံမှုနည်းပါတယ်။ အခုရွာနေတဲ့မိုးကတော့ ရေပါတဲ့အတွက် ရေလျှံရခြင်းဖြစ်ပါတယ်။ ရုံးဆင်းချိန်နဲ့လည်း တိုက်နေလို့ ကားတွေပိတ်ပြီး သွားလာမှု အဆင်မပြေဖြစ်နေတယ်"ဟု ဆူးလေမှ တောင်ဥက္ကလာသို့ ဘတ်စ်ကားစီးနင်းသူတစ်ဦးက ပြောသည်။ ၎င်းအနေဖြင့် ယင်းခရီးစဉ်ကို အချိန်နှစ်နာရီခန့် စီးနင်းခဲ့ရကြောင်း သိရသည်။

"လေပြင်းတိုက်ပြီး မိုးရွာတဲ့အတွက် ရေတွေက မြောင်းတွေကနေတစ်ဆင့် လျှံတက်လာပါတယ်။ အခုဆိုရင် အိမ်အောက်ထပ်မှာ နှစ်ပေလောက် တက်နေတယ်"ဟု လှိုင်သာယာမြို့နယ် မီးခွက်ဈေးအနီး နေထိုင်သူတစ်ဦးက ပြောသည်။

မိုးလေဝသခန့်မှန်းချက်အရ မြန်မာ့ကမ်းရိုးတန်းဒေသ တစ်လျှောက်၌ မိုးတိမ်များ ထူထပ်နေပြီး ပုသိမ်၊ ပြည်၊ ပဲခူး၊ ဟင်္သာတ၊ စစ်တွေ၊ မင်္ဂလာဒုံ၊ မြိတ်၊ သာယာဝတီ၊ ထားဝယ်၊ ရေး၊ သထုံနှင့် မအူပင်တို့တွင် ရေလွှမ်းမိုးမှုများ ဆက်လက်ကြုံတွေ့ရနိုင်ကြောင်း သိရသည်။

ယနေ့မိုးရွာသွန်းမှုကြောင့် မင်္ဂလာဒုံမြို့နယ်၌ မိုးရေချိန် ၁၆ ဒသမ ၉၀ လက်မ အထိ မြင့်တက်လျက်ရှိကြောင်း သိရသည်။

ခင်ရတနာ

အထူးကုဆရာဝန်ကြီးများ လွယ်ဂျယ်၌ ဒေသခံပြည်သူ ၁၀၀၀ ခန့်အား အခမဲ့ဆေးကုသပေး

လွယ်ဂျယ် ဇွန် ၂၉

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ပြည်သူ့ဆေးရုံကြီးမှ ခွဲစိတ်အထူးကု၊ အထွေထွေရောဂါကု၊ အရိုးနှင့်အကြောအထူးကု၊ သားဖွားနှင့် မီးယပ်အထူးကု၊ ကလေးအထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ မျက်စိအထူးကုသမားတော်ကြီးများ ဦးဆောင်လျက် ဆရာဝန်များ၊ သူနာပြုဆရာ ဆရာမများ၊ ကျွမ်းကျင်ဆေးဝန်ထမ်းများနှင့် အင်အား ၄၀ ပါဝင်သော အထူးကွင်းဆင်းဆေးကုသရေးအဖွဲ့သည် ဇွန် ၂၇ ရက်က လွယ်ဂျယ်မြို့သို့ ရောက်ရှိလာခဲ့ကြရာ မြို့အုပ်ချုပ်ရေးမှူး ဦးလွင်ဦးက လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့သည်။

လွယ်ဂျယ်မြို့နယ်ခွဲ အတွင်း၌ ကချင်၊ လီဆူ၊ ရှမ်း စသည်ဖြင့် နေထိုင်လျက်ရှိကြပြီး သက်ကြီးရွယ်အိုများစွာရှိရာ အထူးကုသမားတော်ကြီးများ ယခုကဲ့သို့ လာရောက်ဆေးကုသခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သောကြောင့် ဒေသခံပြည်သူများ အံ့သြဝမ်းသာမဆုံးရှိကြသည်။ ဇွန် ၂၇ နှင့် ၂၈ ရက်အတွင်း ဆေးကုသခံယူသူပေါင်း ၁၀၀၀ ခန့်ရှိခဲ့သည်။

တုန်ဟုန်းကျေးရွာမှ ဒေါ်ထီးဝမ်းက"အဘွားက မျက်စိလာကုတာပါ။ အဘွားတို့နေခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ ဒီလိုဆရာဝန်အများကြီးနဲ့ဆေးလာကုတာ ဒါပထမဆုံးအကြိမ် တွေ့ဖူးတာပါ။ အဘွားတင်မက လူနာအားလုံးကို ခွဲခြားဆက်ဆံခြင်းမရှိဘဲ နွေးနွေးထွေးထွေးနဲ့လိုလေသေးမရှိအောင် ဆေးကုသပေးတာတွေ့ရလို့ ကျေးဇူးတင်ပါတယ်"ဟု ရှမ်းဘာသာဖြင့် ဝမ်းသာပီတိစကား ပြောကြားသည်။

အထူးကွင်းဆင်းကုသပေးခဲ့ကြသော ဆရာဝန်ကြီးများနှင့်အဖွဲ့အားဇွန် ၂၈ ရက် ညတွင် ဂုဏ်ပြုပွဲအခမ်းအနားကျင်းပခဲ့ရာ မြို့အုပ်ချုပ်ရေးမှူးက ရပ်မိရပ်ဖများကိုယ်စား ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သက်အောင်က ယခုကဲ့သို့ ကွင်းဆင်းကုသပေးရခြင်းအတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။ ဂုဏ်ပြုပွဲသို့ နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးစိုးရန်နိုင် တက်ရောက်ခဲ့ပြီး ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ရင်ငြိမ်းပန်း

ဇွန် ၂၉ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ ဇွန် ၂၉ ရက်၊ တနင်္လာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ					
စဉ်	အမျိုးအစား	ထွက်ရှိရာဒေသ	ယူနစ်	ဈေးကွက်	ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး
၁	ပေါ်ဆန်း(ဆန်)	နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို)	တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၃၃၀၀၀ မှ ၄၅၀၀၀
၂	ဧရာ/ညော့မထ(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၁၇၀၀၀ မှ ၂၁၀၀၀
၃	ငစိန်(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၁၇၃၀၀ မှ ၁၈၅၀၀
၄	မြီးတိုး(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၆၅၀၀ မှ ၂၈၀၀၀
၅	ဆင်းသွယ်လတ်(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၂၀၀၀ မှ ၂၂၅၀၀
၆	ကောက်ညှင်း(ဆန်)	ဘိုကလေး	တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၁၈၅၀၀ မှ ၂၃၀၀၀
၇	မတ်ပဲ (FAQ)(ပဲ)		တစ်တန်	ဘုရင့်နောင်ကုန်စည်ဒိုင်	၁၂၉၄၀၀၀
၈	နှမ်းညို(နှမ်း)		တစ်အိတ်	မန္တလေးကုန်စည်ဒိုင်	၇၅၀၀၀ မှ ၇၆၀၀၀
၁၀	နှမ်းဖြူ(နှမ်း)		တစ်အိတ်	မန္တလေးကုန်စည်ဒိုင်	၉၀၀၀၀ မှ ၁၀၅၀၀၀
၁၁	နှမ်းနက်(နှမ်း)		တစ်အိတ်	မန္တလေးကုန်စည်ဒိုင်	၉၀၀၀၀ မှ ၁၃၀၀၀၀
၁၂	ကြက်သွန်နီ	ဆိပ်ဖြူ မြင်းခြံမိတ္ထီလာ	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၄၂၅ မှ ၆၅၀
၁၃	ကြက်သွန်ဖြူ	ကြူကုတ်	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၁၉၇၅ မှ ၂၀၂၅
၁၄	ကြက်သွန်ဖြူ	အောင်ပန်း	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၂၀၀၀ မှ ၂၆၀၀
၁၅	အာလူး	ဟဲဟိုး	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၄၀၀ မှ ၈၃၀
၁၆	ကွဲကောသီး		တစ်လုံး	သီရိမင်္ဂလာဈေးကုန်စည်ဒိုင်	၅၀၀ မှ ၁၅၀၀
၁၇	သရက်သီး(ရင်ကွဲ)		တစ်တောင်း	သီရိမင်္ဂလာဈေးကုန်စည်ဒိုင်	၁၀၀၀၀ မှ ၁၅၀၀၀
၁၈	သရက်သီး (စိန်တလုံး)		တစ်ဖာ	သီရိမင်္ဂလာဈေးကုန်စည်ဒိုင်	၈၀၀၀ မှ ၁၅၀၀၀
၁၉	ပိန္နဲသီး		တစ်လုံး	သီရိမင်္ဂလာဈေးကုန်စည်ဒိုင်	၇၀၀၀ မှ ၁၃၀၀၀
လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။					

ကျေးရွာချင်းဆက်လမ်း ကျောက်ခင်း

ဘီးလင်း ဇွန် ၂၉

ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဘီးလင်းမြို့နယ်အတွင်း ဇုတ်သုတ်-ဇုက္ကလိ ကျေးရွာချင်းဆက်လမ်း ကျောက်ခင်းခြင်းဆောင်ရွက်သည့် ဇုတ်သုတ်ကျေးရွာသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး၊ တင်ဒါအောင်ကုမ္ပဏီ သမုဒယကုမ္ပဏီမှ ဝန်ထမ်းများနှင့် ဇုတ်သုတ်ကျေးရွာကော်မတီများနှင့်အတူ လုပ်ငန်းအခြေအနေများကို ဇွန် ၂၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တွံတေးမြို့နယ်တွင် ဖြစ်ပွားခဲ့သည့် လူသတ်မှုမှ ပြစ်မှုကျူးလွန်သူကို အချိန်တိုအတွင်း ဖမ်းဆီးအရေးယူ

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တာဝေကျေးရွာနေ ကိုအောင်ဖြိုးဝေသည် ဇွန် ၂၈ ရက် ည ၇ နာရီခွဲခန့်က ဖခင်ဖြစ်သူ ဦးသန်းမြင့် (၅၂နှစ်)နှင့် အတူ ၎င်း၏ သုံးဘီးဆိုင်ကယ်ဖြင့် ပိတ်စွယ်ကျေးရွာသို့ ဝါးများပို့ဆောင်ပြီး အပြန်လမ်းမတွင် ဆိုင်ကယ်ကို ခေတ္တရပ်ထားစဉ် ဆိုင်ကယ်ရပ်ထားသည့် နေရာအနီးရှိ နေအိမ်မှ ဖိုးဆောင်း(ခ) စံသိန်း (၄၂နှစ်)သည် မူးယစ်ဆဲဆိုပြီး ဖခင်ဖြစ်သူအား ဓားဖြင့်ထိုး၍ ထွက်ပြေးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ဦးသန်းမြင့်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်စီနှင့် ပြတ်ရှဒဏ်ရာတစ်ချက်တို့ရရှိခဲ့ပြီး တွံတေးဆေးရုံသို့ ပို့၍ကုသစဉ် ယင်းနေ့ ည ၉ နာရီခွဲတွင် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့ရာ ကျူးလွန်သူအား အရေးယူပေးရန် တိုင်တန်းခဲ့သဖြင့် တွံတေးမြို့မရဲစခန်းက ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် တွံတေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေအတွင်း ပိတ်ဆို့ရှာဖွေစဉ် ဇွန် ၂၉ ရက် နံနက် ၆ နာရီခွဲခန့်တွင် ပိတ်စွယ်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ဖိုးဆောင်း(ခ) စံသိန်းအား အပ်နှံပေးသဖြင့် အမှုဖြင့် ဖမ်းဆီးခဲ့ပြီး ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ **(သတင်းစဉ်)**

မန္တလေးတောင်တက်လမ်း မြောက်ဘက်စောင်းတန်းရှိ လှေကားထစ်များ ပြန်လည်ပြုပြင်

မိတ္ထီလာ ဇွန် ၂၉

မန္တလေးတောင်တက်လမ်း မြောက်ဘက်စောင်းတန်းရှိ ကျောက်ရိုးစီလှေကားထစ်များကို အများပြည်သူလှူဒါန်းမှုများဖြင့် ပြန်လည်ပြုပြင်လျက်ရှိကြောင်း ဦးဆောင်ပြုပြင်နေသည့် တောင်တစ်ဝက်ကျောင်းမှ သံဃာတော်တစ်ပါးထံမှ သိရသည်။

"ဦးဇင်းတို့ တတ်နိုင်သလောက်အစွမ်းနဲ့ မြောက်ဘက်စောင်းတန်းက ကျောက်ရိုးစီလှေကားထစ်တွေကို အများပြည်သူလှူဒါန်းမှုနဲ့ ပြုပြင်နေတာ လှေကားထစ်ပေါင်း ၁၅၀၀ နီးပါး ပြုပြင်ပြီးဖြစ်ပါတယ်။ မန္တလေးတောင်တက်လမ်း မြောက်ဘက်စောင်းတန်းမှာရှိတဲ့ စုစုပေါင်းလှေကားထစ် ၃၀၀၀ ကျော်ခန့်ကို မြွေကြီးနှစ်ကောင်ရင်ပြင်တော်အနီးအထိ ပြုပြင်သွားမှာဖြစ်ပါတယ်။ ဝါဆိုတဲ့အချိန်ရောက်ရင်တော့ လှေကားထစ်ပြုပြင်တဲ့လုပ်ငန်း ခဏရပ်နားပြီးတော့ ဝါကျွတ်တဲ့အခါ ဆက်လက် ပြုပြင်သွားမှာဖြစ်ပါတယ်။ အခုဒီလှေကားထစ် ပြုပြင်ရေးကို တောင်တော်အနီးဝန်းကျင်က သံဃာတော်တချို့နဲ့ ဒေသခံလူငယ်တချို့က စေတနာ လုပ်အားဒါနနဲ့လည်း လာရောက်ဝိုင်းဝန်း ဆောင်ရွက်နေကြပါတယ်" ဟု အဆိုပါသံဃာတော်က မိန့်ကြားသည်။

မန္တလေးတောင်တော်ပေါ်တက်ရောက်ရာ တောင်ဘက်၊ မြောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက် စောင်းတန်းများကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အနောက်ဘက်စောင်းတန်းရှိ ပျက်စီးနေသောလှေကားထစ်များကိုလည်း တောင်တက်လမ်းလျှောက်အဖွဲ့များ၏ လှူဒါန်းမှုဖြင့် ပြုပြင်ပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိဆောင်ရွက်လျက်ရှိသည့် မြောက်ဘက်စောင်းတန်းရှိ လှေကားထစ်များ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းတွင် ပါဝင်လှူဒါန်းလိုပါက တောင်တစ်ဝက်ကျောင်းတိုက်မှ ဘဒ္ဒန္တသြဘာသ ၀၉-၃၃၇၂၅၅၁ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကမ်းခြေနှင့်နီးသော မြို့နယ်သုံးမြို့နယ်၌ မုန်တိုင်းဒဏ်ခံအဆောက်အအုံတစ်လုံးစီ တည်ဆောက်မည်

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကမ်းခြေဒေသများနှင့်နီးသော မြို့နယ်သုံးခု၌ မုန်တိုင်းနှင့် သဘာဝဘေးကာကွယ်ရေးအတွက် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) တစ်လုံးစီကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

"ကျောက်တန်းမြို့နယ်၊ သုံးခွမြို့နယ်နဲ့ ကော့မှူးမြို့နယ်တွေမှာ မုန်တိုင်းဒဏ်ခံနိုင်တဲ့ Cyclone Shelter တွေကို တစ်လုံးစီတည်ဆောက်ပေးသွားမှာပါ။ အခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီမုန်တိုင်းဒဏ်ခံအဆောက်အအုံတွေ တည်ဆောက်ဖို့အတွက် ညှိနှိုင်းမှုတွေ စလုပ်နေပါတယ်။ တင်ဒါလည်း ခေါ်ယူထားပြီးဖြစ်ပါတယ်။ မကြာမီကာလအတွင်းမှာ တည်ဆောက်သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုန်တိုင်းဒဏ်ခံအဆောက်အအုံများကို အလျား ပေ ၄၀၊ အနံ ပေ ၃၀ ရှိ အာရ်စီနှစ်ထပ်အဆောက်အအုံများအဖြစ် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် စံချိန်စံညွှန်းအရည်အသွေးမီ အဆောက်အအုံများဖြစ်ရမည့်အပြင် အမိုးများကို RCC Roof Slab ဖြင့် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် လေဒဏ်မိုးဒဏ်ကိုခံနိုင်သော အဆောက်အအုံများအဖြစ် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၀၈ ခုနှစ်က နာဂစ်မုန်တိုင်းတိုက်ခတ်ချိန်တွင် ဧရာဝတီတိုင်းဒေသကြီးတွင်သာမက ရန်ကုန်တိုင်းဒေသကြီးတွင်လည်း မုန်တိုင်းဒဏ်ကိုခံခဲ့ရပြီး အထူးသဖြင့် ကမ်းခြေနှင့်နီးသော ကျောက်တန်း၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ သုံးခွ၊ ခရမ်းနှင့် တွံတေးမြို့နယ်များမှာ ပို၍မုန်တိုင်းဒဏ်ခံခဲ့ရသည်။ ထို့ကြောင့် မုန်တိုင်းအပါအဝင် သဘာဝဘေးများ ကျရောက်ပါက အန္တရာယ်ကင်းဝေးစေရန်အတွက် မုန်တိုင်းဒဏ်ခံအဆောက်အအုံများကို ဆောက်လုပ်ပေးရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။ **ကြဲတိုင်းအောင်**

လူကိုသတ်ပြီး ဆိုင်ကယ်လုယူသွားသူအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

တာချီလိတ် ဇွန် ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်၌ ဇွန် ၂၈ ရက်တွင် လူကိုသတ်ပြီး ဆိုင်ကယ်လုယူသွားမှုဖြစ်ပွားခဲ့ကာ ပြစ်မှုကျူးလွန်သူအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၈ ရက် နံနက် ၄ နာရီ ၅၅ မိနစ်ခန့်က မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု နမ့်မလွတ်ရွာနေ ကိုသန်းမင်းစိုးသည် ဆိုင်ကယ်တက္ကစီဆွဲရန် တာချီလိတ်မြို့သို့ ကားလမ်းအတိုင်း ဆိုင်ကယ်ဖြင့် ထွက်လာစဉ် တာချီလိတ်-ဝမ်ပုံကားလမ်းမပေါ် ဆေခမ်းရပ်ကွက်ရှိ ဦးထွန်းအောင်တံတားအနီး၌ ဆိုင်ကယ်တက္ကစီ ကျောနံပါတ် ၂၀၉ ဝတ်ဆင်ထားသူ အမျိုးသားတစ်ဦး လည်ပင်းတွင်ပြတ်ရှဒဏ်ရာဖြင့် လဲကျသေဆုံးနေသည်ကို နံနက် ၅ နာရီ ၁၅ မိနစ်ခန့်တွင် တွေ့ရှိရသဖြင့် ဟောင်လိတ်ရဲကင်းစခန်းသို့ သွားရောက်သတင်းပို့ခဲ့သည်။

ဟောင်လိတ်နယ်မြေ ရဲစခန်းမှူး ရဲအုပ်ဇော်နိုင်နှင့် တပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုခဲ့ပြီးစုံစမ်းရာ သေဆုံးသူမှာ ဆန်ဆိုင်း (ခ) ရပ်ကွက်နေ ဘိုဝင်း (၃၆နှစ်)ဖြစ်ကြောင်းနှင့် လည်ပင်းတွင် အလျား ၄ လက်မ၊ အနံ ၁ လက်မခန့် ပြတ်ရှဒဏ်ရာဖြင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

လူသတ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် တာချီလိတ်မြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်မျိုးလွင်နှင့်အဖွဲ့ နံနက် ၇ နာရီခွဲတွင် ပြစ်မှုကျူးလွန်သူမှာ သေဆုံးသူ ဘိုဝင်း၏ ဆိုင်ကယ်ဖြင့် ဆွတ်ဆိုင်ကျေးရွာဘက်မှ တာချီလိတ်မြို့တွင်းဘက်သို့ ပြန်လှည့်မောင်းနှင်လာစဉ် တွေ့ရှိ၍ တပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့သည်။ ၎င်းအားစစ်ဆေးရာ ကျိုင်းလပ်မြို့ ပါလျှိုးအုပ်စု နမ့်ဖြန် ရွာနေ အိုက်ခမ်းမတ် (၂၃နှစ်) ဖြစ်ကြောင်းနှင့် သေဆုံးသူ ဘိုဝင်းအား ရန်ငြိုးရန်စရှိ၍ သတ်ခြင်းမဟုတ်ဘဲ ဆိုင်ကယ်လိုချင်သဖြင့် သတ်ပြီးယူသွားခြင်းဖြစ်ကြောင်း ထွက်ဆိုသည်။

ထို့ကြောင့် လူကိုသတ်ပြီး ဆိုင်ကယ်လုယက်သွားသူ အိုက်ခမ်းမတ်အား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ရုံးအမှတ်(၂၆)၊ နေပြည်တော်
စိစစ်ရေးမှူး(၂)ရာထူးစာမေးပွဲဖြေဆိုရန်
အကြောင်းကြားခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(နေပြည်တော်)တွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး-၂(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူးနေရာ(၁၃)အတွက် လျှောက်လွှာခေါ်ယူပြီးဖြစ်ရာ ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လာရောက်ဖြေဆိုနိုင်ရန် အကြောင်းကြားပါသည်။

ကျင်းပမည့်ရက်	အချိန်	ဘာသာရပ်	ကျင်းပမည့်နေရာ
၁၈-၇-၂၀၁၅	နံနက် ၁၀ နာရီမှ	မေးခွန်းလွှာ(၁)	အထက(၅)
(စနေနေ့)	မွန်းတည့် ၁၂ နာရီအထိ	မြန်မာစာနှင့်အင်္ဂလိပ်စာ	နေပြည်တော်
	မွန်းလွဲ ၁နာရီမှ	မေးခွန်းလွှာ(၂)	အထက(၅)
	ညနေ ၃နာရီအထိ	အထွေထွေဗဟုသုတ	နေပြည်တော်

၂။ ယူဆောင်လာရမည့် စာရွက်စာတမ်းများ
(က) နိုင်ငံသားစိစစ်ရေးကတ်ပြား
(ခ) လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြထားသော စာရွက်စာတမ်း(မူရင်း)များ

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အထက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်း(မူရင်း)များကို ယူဆောင် လာရန်ပျက်ကွက်ပါက စာမေးပွဲဝင်ရောက် ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၄။ စာမေးပွဲဖြေဆိုသူများသည် စာဖြေဌာန(အထက-၅)သို့ ၁၈-၇-၂၀၁၅ရက်(စနေနေ့)နံနက် ၉နာရီထက် နောက် မကျစေဘဲ သတင်းပို့ရမည်ဖြစ်ပါသည်။

၅။ စာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ခုံနံပါတ်အား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ရုံးအမှတ်(၂၆)ကြော်ငြာသင်ပုန်းတွင် ၁၀-၇-၂၀၁၅ရက်၌ ထုတ်ပြန်ကြေညာထားမည်ဖြစ်၍ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၁၀၅၃၀၊ ၀၆၇-၄၁၀၅၂၉တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ အထက (ခမုံ) တက္ကသိုလ်ဝင်တန်းမှ မရတနာကျော်ဇင်မြင့်၏ ဖခင်အမည်မှန်မှာ ဦးညဏ်မြင့်(ခ)ဦးစိန်ဝင်း ၇/လပတ(နိုင်)၁၁၁၂၀၂ဖြစ်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒေါပုံမြို့နယ်တရားရုံး
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၂

ဒေါ်တင်တင်မိုး(ခ)မဟာဗီဇာခါတွန် နှင့် ၁။ မိုဟာမဒ်အလီဇာ
၂။ ဒေါ်အေးအေးခိုင်

တရားလို **တရားပြိုင်များ**

အမှတ် ၂၄၊ နဂါးနီ ၁ လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်နေ (၁) တရားပြိုင် မိုဟာမဒ်အလီဇာ(ယခုနေရပ်လိပ်စာမသိ) သိရှိစေရမည်။

သင့်အပေါ်၌ တရားလိုမှ အစ္စလာမ်တရားဥပဒေနှင့်အညီ အမွေပုံစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇူလိုင် ၁၀ရက်(၁၃၇၇ခုနှစ် ပထမဝါဆို လပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသား ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိရှိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ကံမြင့်)
မြို့နယ်တရားသူကြီး
ဒေါပုံမြို့နယ်တရားရုံး

ရက်အစားထိုးသတ်မှတ်ခြင်း

၂၆-၆-၂၀၁၅ရက်ထုတ် စာမျက်နှာ (၂၈)ပါ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပုသိမ်မြို့)၏ အိတ်ဖွင့်တင်ဒါကြော်ငြာတွင် တင်ဒါနောက်ဆုံးပေးသွင်းရမည့်ရက်မှာ ၃-၇-၂၀၁၅ရက် (သောကြာနေ့)အစား ၁၀-၇-၂၀၁၅ရက် (သောကြာနေ့)သို့ အစားထိုးတိုးမြှင့်ပါသည်။

ဖုန်း-၀၄၂-၂၃၁၀၃၊ ၀၄၂-၂၄၇၇၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

Open Tender **ခေါ်ယူရေးအဖွဲ့**

စည်သူ(၈၆)နှစ်ပတ်လည်နေ့ အခမ်းအနားဖိတ်ကြားခြင်း

ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၈၆)စည်သူတပ်ခွဲ၏ (၂၂)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ကျင်းပပါမည်။

(၁) ကျဆုံး၊ သေဆုံးအရာရှိများအားရည်စူး၍ ဆွမ်းဆပ်ကပ်အမျှဝေ လှူဒါန်းခြင်း
(၂) အရာရှိများ၏ သား၊ သမီးများ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်မှုအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်း

နေရာ - **မွန်ပရိယတ္တိကျောင်း (ဗိုလ်တထောင်ဘုရားဝင်း)**
နေ့ရက် - **၅-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့)**
အချိန် - **နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ**

ဆရာဌေး အင်္ဂလိပ်စာ သဒ္ဒါ
အရေးသီးသန့် နှင့် Speaking
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ်(ပ/ဒုတွဲ) အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ (၅)လတာကိုလျှင် ရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ ၄မှ၈တန်းထိ Guide များအိမ်လိုက်သင်သည်။ ဇူလိုင်လ(၄/၆/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

အမည်ပြောင်း

ဒု-အရာခံဗိုလ် ဦးဇော်ဝင်းအောင် (ခယရ-၁) အင်းတကော် ၁၂/မဂဒ(နိုင်)၀၁၁၃၇၃၏ သမီး မစုမြတ်နန္ဒာလှိုင်အား ယနေ့မှစ၍ ဧပရယ်နိုးနိုးဟု ပြောင်းလဲခေါ်ပါရန်။



သာတူညီမျှ သမဝါယမ

လူ့ဘောင်အဖွဲ့အစည်း၏ အခြေခံစီးပွားရေးပြဿနာမှာ မြေယာ၊ လုပ်အား၊ အရင်းအနှီးဟူသည့် ကုန်ထုတ်အင်အားစု (Factors of Production) ရှားပါးမှုဖြစ်သည်။ နိုင်ငံတိုင်းတွင် အကန့်အသတ်ဖြင့်သာရှိသော ထိုအင်အားစုများကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေးအတွက် မည်သည့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို မည်မျှထုတ်လုပ်မည်၊ မည်သည့်ကုန်ထုတ်နည်းလမ်းများကို အသုံးပြုမည်၊ မည်သူတို့အတွက် ထုတ်လုပ်မည် (တစ်နည်းအားဖြင့် မည်သို့ခွဲဝေအသုံးပြုမည်) ဟူသည့် အချက်သုံးချက်ဖြင့် စဉ်းစားဆောင်ရွက်ကြသည်။ ၎င်းကို အင်အားစုခွဲဝေမှု ပြဿနာ (Resource Allocation Problem) ဟု ခေါ်ကြသည်။ အဆိုပါ အင်အားစုခွဲဝေမှု ပြဿနာကို ပုံစံအမျိုးမျိုးဖြင့် ဖြေရှင်းကာ အများစုပေါင်းဆောင်ရွက်ပြီး ပါဝင်ဆောင်ရွက်မှုအလျောက် အခွင့်အလမ်း သာတူညီမျှရှိသော သမဝါယမပုံစံဖြင့် ဖြေရှင်းခဲ့ရာ အောင်မြင်မှုများရှိကြောင်း ကမ္ဘာ့သမိုင်းစာမျက်နှာများတွင် တွေ့ရသည်။

သမဝါယမစနစ်ကို စတင်ဖော်ထုတ်သူမှာ ရောဘတ်အိုဝင် (Robert Owen) (၁၇၇၁-၁၈၅၈) ဖြစ်သည်။ သမဝါယမစနစ်သည် အချို့နိုင်ငံများတွင် စိတ်ကူးယဉ် သက်သက်ဖြစ်ခဲ့ရသော်လည်း ၁၈၄၄ တွင် အင်္ဂလန်နိုင်ငံ ရော့ခ်ဒေးမြို့ တုတ်လိမ်းလမ်းမှ စက်ရုံအလုပ်သမား ၂၈ ဦး တည်ထောင်ခဲ့သော ရော့ခ်ဒေးမူ (Rochdale Principle) ကို အခြေခံသည့် ရော့ခ်ဒေး ရှေ့ဆောင် သာတူညီမျှအသင်းများ (Rochdale Society of Equitable Pioneers)နှင့် ဂျာမနီ ငွေစုငွေချေးအသင်းများ (Credit Unions) က အောင်မြင်မှုရှိကြောင်း တွေ့ရသည်။ ထိုမှတစ်ဆင့် ဥရောပ၊ လက်တင်အမေရိကနှင့် အာရှနိုင်ငံများသို့ ပျံ့နှံ့ခဲ့ပြီး အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ် (International Co-operative Alliance -ICA) ကို ဖွဲ့စည်းကာ ၁၈၉၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၌ လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် လည်းကောင်း၊ ယခုအခါ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် လည်းကောင်း ရုံးစိုက်ဖွင့်လှစ်ထားပါသည်။ ICA တွင် ယခုအခါ နိုင်ငံပေါင်း ၉၃ နိုင်ငံမှ ပြည်ထောင်စုတစ်စုအဆင့် ၂၆၈သင်းပါဝင်ပြီး အသင်းသားအနေဖြင့် ကမ္ဘာ့လူဦးရေ၏ (၁၄ ရာခိုင်နှုန်း) ခန့်ရှိနေပြီဖြစ်ကြောင်း သိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ICA အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။

“သမဝါယမအသင်းဟူသည် ဆန္ဒအရ ညီညွတ်စွာပူးပေါင်းကြသူတို့က ၎င်းတို့၏ အများနှင့်သက်ဆိုင်သည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များနှင့် မျှော်မှန်းချက်များကို ဖြည့်ဆည်းရန် အလို့ငှာ လုပ်ငန်းများကို ပူးတွဲပိုင်ဆိုင်ခြင်း၊ အများဆန္ဒနှင့်အညီ ဒီမိုကရေစီနည်းလမ်းများဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့် အဖွဲ့အစည်းဖြစ်သည်”ဟူ၍ ICA ၏ နှစ် ၁၀၀ ပြည့် ညီလာခံမှ အဓိပ္ပာယ်ဖွင့်ဆို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ညီလာခံမှပင် ၂၁ ရာစု အတွက် သမဝါယမ အခြေခံသဘောတရားများချမှတ်ရာတွင် “အသင်း၏ စီးပွားရေးလုပ်ငန်းများတွင် အသင်းသားများက စိတ်ဝင်စားကာ ပူးပေါင်းဆောင်ရွက်ရေး” ဟူသည့် အချက်ကို ထည့်သွင်းဖော်ပြခဲ့ပြီး ယင်းအချက်ကို အကောင်အထည်ဖော်သည့် နည်းလမ်းတစ်ရပ်အဖြစ် အသင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အစီအစဉ် (Co- operative Member Participation Programme -CMPP) ကို လက်တွေ့ဆောင်ရွက်နိုင်စေရန် စနစ်တကျသုတေသနပြုလုပ်၍ ချမှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သမဝါယမသမိုင်းကြောင်းကို လေ့လာသောအခါ နိမ့်ချည်တစ်ခါ သာချည်တစ်လှည့် ဖြစ်ခဲ့ရသည်ကို တွေ့ရသည်။ သို့သော် သမဝါယမစိတ်ဓာတ်ပြင်းထန်သူတို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် ၂၁ ရာစုတွင် အောင်မြင်မှုသိသိသာသာ ရခဲ့သည်။ ICA သည် ကမ္ဘာ့ကုလသမဂ္ဂတွင် Observer Status ရရှိထားပြီး “ကမ္ဘာ့ကုလသမဂ္ဂလူမှုရေးနှင့် ပညာရေးကောင်စီ၊ အခြား နိုင်ငံတကာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကာ သမဝါယမ လုပ်ငန်းများဖြင့် ပိုမိုကောင်းမွန်သောကမ္ဘာကို တည်ဆောက်ကြပါစို့” ဟူသော ဆောင်ပုဒ်ဖြင့် ၂၀၁၂ ခုနှစ်ကို သမဝါယမနှစ်အဖြစ် အသိအမှတ်ပြုခဲ့ကြောင်း လေ့လာ တွေ့ရှိရပါသည်။ ထို့အပြင် သမဝါယမလှုပ်ရှားမှုကို ဂုဏ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ၁၉၂၇ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့ ပထမပတ် စနေနေ့မှ စတင်၍ ICA က ကြီးမှူးကျင်းပခဲ့သည်။ နောင်တွင် စက်တင်ဘာလ ပထမပတ် တနင်္ဂနွေနေ့သို့ ပြောင်းလဲကျင်းပပြီး ၁၉၉၄ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံမှ ပြန်လည်ဆုံးဖြတ်ပေးချက်အရ အင်္ဂလန်နိုင်ငံ မန်ချက်စတာတွင် ၁၉၉၅ ခုနှစ် စက်တင်ဘာလက ကျင်းပခဲ့သော သမဝါယမရာပြည့်နေ့ မှစတင်၍ နှစ်စဉ် ဇူလိုင်ပထမပတ် စနေနေ့တွင် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကျင်းပလာခဲ့သည်မှာ ယနေ့အထိပင်ဖြစ်သည်။ ယခုနှစ် ၂၀၁၅ ခုနှစ် ဇူလိုင်လ ပထမပတ် စနေနေ့ (ဇူလိုင်လ ၄ ရက်နေ့) သည် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ (International Day of Co- operative) ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ (၁) သမဝါယမအသင်း အချင်းချင်း စည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်ရန်၊ (၂) ကမ္ဘာပေါ်ရှိ သမဝါယမအဖွဲ့ဝင်အားလုံး စီးပွားရေးနှင့် လူမှုရေး မြင့်မားတိုးတက်လာစေရန်၊ (၃) သမဝါယမ အနှစ်သာရများ၊ သမဝါယမစိတ်ဓာတ်များကို အဖွဲ့ဝင်အားလုံး ကောင်းစွာ သဘောပေါက်နားလည်ပြီး နှလုံးသားတွင် စွဲမြဲကိန်းအောင်းရေးအတွက် နည်းမျိုးစုံဖြင့်ပညာပေးရန် တို့ဖြစ်ပါသည်။ ဤရည်မှန်းချက်များကို ဟန်ချက်ညီညီ ဆောင်ရွက်နေသည့်ကာလသည် သမဝါယမကဲ့သို့သော စီးပွားရေးအဖွဲ့အစည်းများအား လူမှုရေးတာဝန်ယူသော

စီးပွားရေးအဖွဲ့အစည်း (Co-operate Social Responsibility -CSR) ဖြစ်စေရေးကို ကမ္ဘာကြီးက တိုက်တွန်းနေသည့် ကာလနှင့်လည်းတိုက်ဆိုင်နေပါသည်။ ထိုကဲ့သို့ ကမ္ဘာကြီးကအလိုရှိသော လူမှုရေးတာဝန်ယူသည့် စီးပွားရေးအဖွဲ့အစည်းဆိုသည်မှာ သမဝါယမအသင်းများ ဖြစ်ကြောင်းကို အောက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့များ၏ တိုက်တွန်းချက်များ(ဆောင်ပုဒ်များ) က မီးမောင်းထိုးပြနေပါသည်။

၂၀၀၈ ခုနှစ် = ရာသီဥတုအပြောင်းအလဲများကို သမဝါယမလုပ်ငန်းများအရ ရင်ဆိုင်ပေး။

၂၀၀၉ ခုနှစ် = ကမ္ဘာလုံးဆိုင်ရာပုံမှန်ပြန်ဖြစ်ရေး သမဝါယမများက တွန်းအားပေး။

၂၀၁၀ ခုနှစ် = အမျိုးသမီးများဘဝမြင့်မားဖို့ သမဝါယမလုပ်ငန်းများကို ရွေးချယ်ကြပါစို့။

၂၀၁၁ ခုနှစ် = သမဝါယမအနာဂတ် = လူငယ်။

၂၀၁၂ ခုနှစ် = သမဝါယမများသည် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို တည်ဆောက်နေပါသည်။

၂၀၁၃ ခုနှစ် = သမဝါယမလုပ်ငန်းများသည်စီးပွားရေး အကျပ်အတည်းကာလများအတွင်း ကြံ့ကြံ့ခံ ရပ်တည်လျက်ရှိခြင်း။

၂၀၁၄ ခုနှစ် = အားလုံးအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမလုပ်ငန်းများက ဆောင်ရွက်ပေး။

၂၀၁၅ ခုနှစ် = သာတူညီမျှသမဝါယမ။

မြန်မာနိုင်ငံ၏ သမဝါယမလှုပ်ရှားမှုကလည်း ကမ္ဘာ့သမဝါယမလှုပ်ရှားမှုနှင့် ထက်ကြပ်မကွာလိုက်ပါနိုင်ခဲ့သည်။ ၁၉၀၃ ခုနှစ် အိန္ဒိယနိုင်ငံ ငတ်မွတ်ခေါင်းပါးမှု စုံစမ်းရေးကော်မရှင်အဖွဲ့က ဂျာမနီနိုင်ငံ ရဖိုက်ဆင် သမဝါယမအသင်းပုံစံအရ ငွေစုငွေချေးအသင်းများဖွဲ့စည်းပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ကျေးရွာဘဏ်များ တည်ထောင်ရန်အစိုးရအား အကြံပေးထောက်ခံတင်ပြရာမှ ၁၉၀၄ ခုနှစ် မတ်လ ၂၅ နေ့တွင် သမဝါယမငွေစုငွေချေးအသင်းများဆိုင်ရာ အက်ဥပဒေပေါ်ထွက်လာခဲ့ပြီး ထိုအက်ဥပဒေသည် အိန္ဒိယနိုင်ငံအတွင်းရှိ ပြည်နယ်အားလုံးသို့ အကျိုးသက်ရောက်သဖြင့် ထိုကာလကိုလိုနီခေတ်တွင် အိန္ဒိယနိုင်ငံ၏ပြည်နယ်တစ်ခုအနေဖြင့် ရပ်တည်နေရသော မြန်မာနိုင်ငံသို့လည်း အကျိုးသက်ရောက်သည်ဖြစ်၍ ၁၉၀၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် စစ်ကိုင်းခရိုင် မြင်းမူမြို့၌လယ်ယာစိုက်ပျိုးရေးချေးငွေထုတ်ပေးသော မြင်းမူငွေစုငွေချေးသမဝါယမအသင်းကို အသင်းသား ၉၀ ဖြင့် မှတ်ပုံတင်ဆောင်ရွက်ရာမှ မြန်မာနိုင်ငံတွင် သမဝါယမသန္ဓေတည်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့်လည်း “သမဝါယမအစ မြင်းမူက” ဟူသော စကားပေါ်ထွက်ခဲ့ခြင်းဖြစ်ပါသည်။

သမဝါယမစိတ်ဓာတ်ရှိသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ် ဇွန်လ ၆ ရက်နေ့ ဆိုရန် တိုင်ပီလာစီမံကိန်းရေးဆွဲရေး အစည်းအဝေးပွဲတွင် “စုပေါင်းရောင်းဝယ်ရေးအဖွဲ့များကို ဖြစ်နိုင်တဲ့နေရာမှာ ဖွဲ့ထားဖို့လိုပါတယ်။ ဒီအသင်းများကို တိုင်းသူပြည်သားတွေက ခိုင်မြဲအောင်လုပ်ကြရပေမယ့် ခိုင်မြဲအောင် မလုပ်နိုင်ကြတာကိုတွေ့ရတယ်။ ဒီအသင်းတွေဟာ ငါတို့ရဲ့အကျိုးစီးပွားပါလားလို့ နားလည်တဲ့နေရာဒေသတွေမှာတော့ ဖွံ့ဖြိုးစည်ပင်တိုးပွားတာတွေ့ရတယ်” ဟူ၍လည်းကောင်း၊ “. . . . . သမဝါယမအသင်းတွေ သူ့နေရာနှင့်သူ အဆင်ပြေလို့ ကျုပ်သီဟိုဠ်မှာတွေ့ခဲ့တယ်။ သူတို့မှာလည်း Civil Supplies ရှိတာကို တွေ့ရတယ်။ အဲဒီ Supplies က ထုတ်တဲ့ စားကုန်၊ သောက်ကုန်၊ အထည်အလိပ်တွေကို ကော်မရှင်လေးဘာလေးပေးပြီး သမဝါယမအသင်းတွေရောင်းခိုင်းရင်လည်း ပြီးတာပဲ” ဟူ၍လည်းကောင်း မိန့်ကြားခဲ့ပြီး သမဝါယမအသင်းများကိုလည်း မြေတောင်မြှောက် အကူအညီပေးခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံမှ သမဝါယမစိတ်ဓာတ်ပြင်းထန်သူများ၊ သမဝါယမရှေ့ဆောင်ပုဂ္ဂိုလ်များမှာ သမဝါယမမင်းကြီး ဦးတင်ကြီး၊ ၁၉၆၀ ပြည့်နှစ် နယူးဒေလီတွင် ဖွင့်လှစ်သော (ICA)၏ အာရှပစိဖိတ်ရုံးခွဲတွင် Regional Director အဖြစ် ၁၉၆၀ မှ ၁၉၆၂ ခုနှစ်အထိ တာဝန်ယူခဲ့သည့် ဦးညီညီနှင့် မဟာမင်းလှကျော်ထင်ဘွဲ့ရ သီပေါမင်း၏ မြင်းတပ်ဝန်ကြီး၏ သားဖြစ်သူ လက်ထောက်သမဝါယမမင်းကြီး ဦးမောင်မောင်ပြားတို့ ဖြစ်ကြသည်။

မြန်မာ့သမဝါယမလှုပ်ရှားမှုသည် အတက်အဆင်းများစွာဖြင့် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် မှေးမှိန်ခဲ့ရပါသည်။ သို့အတွက် ခေတ်ကာလနှင့် လိုက်လျောညီထွေရှိမည့် ၁၉၉၂ ခုနှစ် သမဝါယမအသင်း ဥပဒေအသစ်ကို ပြဋ္ဌာန်းဆောင်ရွက်နေသော်လည်း မြန်မာ့သမဝါယမ၏ အကောင်းဆုံး ခေတ်ကာလဖြစ်သော ကိုလိုနီခေတ်နောက်ပိုင်းနှင့် လွတ်လပ်ရေးရပြီး ပါလီမန်ခေတ်ကုန်ဆုံးချိန်ကာလများက ပြည်သူလူထု၏ ယုံကြည်အားကိုးမှုအဆင့်သို့ မရောက်သေးပါ။ မြန်မာနိုင်ငံတွင် သမဝါယမစနစ်ကို ယုံကြည်မှုအားနည်းနေပါသည်။ ဥပမာအားဖြင့် ကမ္ဘာ့လူဦးရေ၏ ၁၃ ဒသမ ၉၄ ရာခိုင်နှုန်းက သမဝါယမအသင်းသားများဖြစ်နေချိန်တွင် မြန်မာနိုင်ငံ၌ လူဦးရေ၏ ငါးရာခိုင်နှုန်းခန့်သာ ရှိသေးသည်ဟု သိရသည်။ ဤသို့ဖြစ်ရသည်မှာ အတိတ်ကာလက သမဝါယမ လုပ်မှားကိုင်မှားများကြောင့် ဖြစ်ပါသည်။ ဤဖြစ်စဉ်ဖြစ်ရပ်များက

မောင်ခိုင်မာ(အထက်မင်းလှ)

သမဝါယမ၏ သရုပ် (Co-operative Identity) ကို ပျက်ယွင်းစေပါသည်။ ထို့ကြောင့်လည်း အတိတ်၏ အကောင်းအဆိုး သင်ခန်းစာနှစ်မျိုးစလုံးကိုရယူကာ သမဝါယမအသင်းများ ဖြစ်ထွန်းအောင်မြင်ရေးကို လက်တွေ့ကျကျ ဆောင်ရွက် ကြဖို့လိုပါမည်။

ယနေ့မြန်မာနိုင်ငံတွင် သမဝါယမလုပ်ငန်းများကို မွန်မြတ်သော တိုင်းကျိုးပြည်ပြုလုပ်ငန်းများအဖြစ် ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိပါသည်။ တစ်ဖက်တွင်လည်း မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အလျောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စိုက်ပျိုးရေးကဏ္ဍ၌ ကြုံတွေ့ရသည့် အခက်အခဲများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင်ရှိသည့် စိုက်ပျိုးရေးကုန်ထုတ်သမဝါယမအသင်းများ၏ ဝိုင်းဝန်းပူးပေါင်းဖြေရှင်း ဆောင်ရွက်မှုကြောင့် အောင်မြင်ကျော်လွှားနိုင်ခဲ့သည့် အတွေ့အကြုံလည်းရှိပါသည်။ နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ် (၈) ရပ်တွင် ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်ခုအပါအဝင်ဖြစ်နေပါသည်။ သို့အတွက် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်များလည်း လိုအပ်သဖြင့် သမဝါယမတက္ကသိုလ်နှစ်ခု၊ ကောလိပ်နှစ်ခု၊ သင်တန်းကျောင်း လေးကျောင်းနှင့် ကူးသန်းသုံးခု ဖွင့်လှစ်ကာ လေ့ကျင့်ပညာပေးလျက် သမဝါယမလုပ်ငန်းများ ပြည်သူလူထုအကြားပျံ့နှံ့ရေး ဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရပါသည်။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှု၊ သမဝါယမဝန်ကြီးဌာနတို့၏ ကြိုးပမ်းအားထုတ်မှုတို့ဖြင့် အသင်းသား ပြည်သူများလိုအပ်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းလုပ်ငန်းများအတွက် အသေးစားအရင်းအနှီး ချေးငွေထုတ်ချေးခြင်း၊ လယ်ယာနှင့် အခြားလုပ်ငန်းသုံးပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်း၊ သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်း စသည့်လုပ်ငန်းသုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ အသင်းသားများအပါအဝင် သက်ဆိုင်သူအားလုံးကလည်း သမဝါယမလုပ်ငန်းစဉ်များ အောင်မြင်ရေး သမဝါယမအသင်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ အသင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သမဝါယမစနစ်အပေါ် ယခင်က မှားယွင်းစွာ ထားရှိခဲ့သည့် သဘောထားအမြင်များကို ပြောင်းလဲကြရမည် ဖြစ်ပါသည်။ ထိုသို့ ပြောင်းလဲခြင်းနှင့်အတူ သမဝါယမစနစ်၏ အနှစ်သာရဖြစ်သော ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စည်းလုံး ဆောင်ရွက်ခြင်း၊ မျှတစွာ အကျိုးခံစားခွင့်ရှိခြင်းဟူသည့် အချက်များနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ပါမည်။

အမှန်တကယ်အားဖြင့် ယနေ့နိုင်ငံတော်က ဆောင်ရွက်နေသည့် သမဝါယမလုပ်ငန်းစဉ်များသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံကျပြီး ဤလုပ်ငန်းစဉ်များ အောင်မြင်သည်နှင့်အမျှ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် ဆင်းရဲမှုနှုန်းလျှော့ချရေးနှင့် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးကို ထိရောက်စွာ ဆောင်ရွက်မည်ဖြစ်ပါသည်။ သို့အတွက် ယခုနှစ်အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့၏ ဆောင်ပုဒ်ဖြစ်သော “သာတူညီမျှ သမဝါယမ” ဟူသည့် စကားရပ်နှင့် အညီ “လူသားတိုင်းတွင် တူညီသည့် လေးစားမှုနှင့် တူညီသည့်ဂုဏ်သိက္ခာရှိမှုများကို ရရှိခံစားပိုင်ခွင့်ရှိသော သမဝါယမစနစ်” အောင်မြင်တိုးတက်ရေးကို လက်တွဲညီညီ ဆောင်ရွက်ကြဖို့ လိုအပ်ပါကြောင်း အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုလျက် တိုက်တွန်းလိုက်ရပါသည်။ ။

ရေစကြိုမြို့နယ်အတွင်း မိုးစပါးဧက သုံးသောင်းကျော်စိုက်ပျိုးမည်

ရေစကြို ဇွန် ၂၉

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း ယခုနှစ်မိုးစပါးစိုက်ရာသီ၌ ပုလဲသွယ် ဧက ၅၀၀ အပါအဝင် မိုးစပါး ၃၀၇၇၆ ဧကကို စိုက်ပျိုးထုတ်လုပ်ရန် လျာထားကြောင်းနှင့် လျာထားချက်ပြည့်မီရေးအတွက် တောင်သူများအား ပညာပေးခြင်းနှင့် လိုအပ်သောအကူအညီများပေးခြင်းကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေစကြိုမြို့နယ်သည် အပူပိုင်း မိုးနည်းဒေသဖြစ်သည့်အတွက် မိုးစပါး စိုက်ပျိုးရာတွင် ရေရရှိမှုအခြေအနေအလိုက် စိုက်ပျိုးရန်လျာထားကြောင်း၊ အစိုးရဆည်ရေဖြင့် ၄၆၄ ဧက၊ လျှပ်စစ်မြစ်ရေတင်မှုရေဖြင့် ၇၅၃၁ ဧက၊ မြေအောက်ရေဖြင့် ၁၂၆၅၈ ဧက၊ ရေစုပ်စက်ရေဖြင့် ၃၇၂၂ ဧက၊ ဆည်ငယ်၊ ကန်ငယ်များမှရေဖြင့် ၅၁၈ ဧကနှင့် မိုးကောင်းသောက်လယ်အဖြစ် ၅၈၅၆ ဧကကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"လျာထားတဲ့စိုက်ဧက ပြည့်မီကျော်လွန်ဖို့နဲ့ အထွက်တိုးဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဝန်ထမ်းတွေအားလုံး သက်ဆိုင်ရာကျေးရွာတွေကို သွားရောက်ပြီး ဒေသခံတောင်သူတွေနဲ့တွေ့ကာ သိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ်(GAP)နဲ့ အညီစိုက်ပျိုးရေး၊ သဘာဝမြေဩဇာနဲ့ ဓာတ်မြေဩဇာ အချိုးကျသုံးစွဲရေး၊ စိုက်ပျိုးရေကို ထိရောက်အောင်သုံးစွဲရေး၊ မြေဆီလွှာထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရောဂါပိုးမွှား ကြိုတင်ကာကွယ်ရေး၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေးတွေကို ပညာပေးဟောပြောမှုတွေ ဆက်တိုက်လုပ်နေပါတယ်။ ပြီးတော့ စပါးပျိုးထောင်ချိန်နဲ့ စိုက်ပျိုးချိန်တွေမှာ ကွင်းဝန်ထမ်းများနဲ့ လက်တွေ့ကွင်းဆင်းပြသဖို့လည်း စီစဉ်ထားပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိန်မောင်က ပြောသည်။

ရေစကြိုမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးရာတွင် မြို့နယ်ဦးစီးဌာန၏ စီမံကိန်း စပါးမျိုးများအပါအဝင် တောင်သူများစိတ်ကြိုက် စပါးမျိုးများလည်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါးကို ဧက ၅၀၀၊ မနောသုခ စပါးမျိုးကို ၁၂၃၃၉ ဧက၊ ရွှေပြည်ထွေးစပါးမျိုးကို ဧက ၂၅၀၀၊ ရတနာတိုးစပါးမျိုးကို ဧက ၆၀၀၊ ဆင်းသုခစပါးမျိုး ဧက ၂၀၀၊ သီးထပ်ရင် စပါးမျိုး ဧက ၄၉၈၀၊ ပခန်းရွှေဝါစပါးမျိုး ၉၄၅၄ ဧက၊ ဗီယက်နမ်စပါး ဧက ၂၀၀ တို့ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖေထွေးဇော်(ရေစကြို)**

ဂန့်ဂေါမြို့နယ် မြစ်သာမြစ်အရှေ့ဘက်ရှိ ကျေးရွာများအတွက် ကျေးလက်လမ်းဖောက်လုပ်လျက်ရှိ

ဂန့်ဂေါ ဇွန် ၂၉

ဂန့်ဂေါမြို့နယ် မြစ်သာမြစ်အရှေ့ဘက်ရှိ ကျေးရွာများသို့ဆက်သွယ်မည့် ကျေးလက်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စတင်ဖောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

မြစ်သာမြစ်အရှေ့ဘက်ရှိ ကျေးရွာများသည် ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများ ထွက်ရှိသည့်ဒေသဖြစ်ပြီး သီးနှံများ ပို့ဆောင်ရောင်းဝယ်ရာတွင် မြစ်သာမြစ်အနောက်ဘက်ရှိ ကားလမ်း၊ ရထားလမ်းရှိသည့် ကျေးရွာများသို့ ခရီးအဆင့်ဆင့် သွားရောက်ပို့ဆောင်ကြရသဖြင့် မြစ်သာမြစ်အရှေ့ဘက်ကျေးရွာများ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန် ကျေးလက်လမ်းကို ဖောက်လုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးလက်လမ်းသည် မြစ်သာမြစ်အရှေ့ဘက်ရှိ မိုးစို၊ မိုးစိုရွာသစ်၊ ချောင်းကောက်၊ ရွာမ၊ အလယ်ရွာ၊ မြင်သား၊ ကုန်းရွာ၊ စမ်းမြို့၊ လယ်ကြီးအရှေ့၊ လယ်ကြီးအနောက်၊ ဝင်ဝ စသည့်ကျေးရွာများကို ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရန်ပုံငွေကျပ် ၆၆၆ သန်းဖြင့် မြို့ဖေမိသားစုကုမ္ပဏီက တာဝန်ယူ၍ ဇွန် ၂ ရက်တွင် စတင်ဖောက်လုပ်နေခြင်းဖြစ်သည်။ အရှည် ၁၄ ဒသမ ၄ မိုင်ရှိ မြေသားလမ်းအဖြစ် ဖောက်လုပ်ခြင်းဖြစ်ပြီး မြေသားလမ်းနှင့်အတူ သစ်သားတံတား ၁၅ စင်း၊ ရေပြွန် ၁၄ ခု၊ ရေကျော် လေးခုတို့ကိုပါ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

လမ်းဖောက်လုပ်နေမှုကို မကွေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဝင်းမြင့်မောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးနိုင်ဦးနှင့် တာဝန်ရှိသူများကလည်း ကွင်းဆင်းကြည့်ရှုကာ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

(၁၀၁)

ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ် တည်ဆောက်မှုအတွက် လုပ်ငန်းညှိနှိုင်းစည်းဝေး

တောင်ကြီး ဇွန် ၂၉

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ တည်ဆောက်နေသော ဗုဒ္ဓတက္ကသိုလ်တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၂/၂၀၁၅)ကို ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် ရှင်းလင်းဆောင်၌ ဇွန် ၂၃ ရက်က ကျင်းပသည်။

အစည်းအဝေးတွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင် ဘဒ္ဒန္တနန္ဒမာလာဘိဝံသက ဗုဒ္ဓတက္ကသိုလ်တည်ဆောက်ရေးနှင့်ပတ်သက်၍ ဩဝါဒမြွက်ကြားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းက ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်၏ တည်နေရာနှင့် တည်ဆောက်နေမှုအခြေအနေ၊ ဆောက်လုပ်ရေးကုမ္ပဏီတာဝန်ရှိသူများက ဗုဒ္ဓတက္ကသိုလ် စာချဆရာတော်အိပ်ဆောင်(၁) တည်ဆောက်နေမှုအခြေအနေ၊ စာသင်သားအိပ်ဆောင်(၁) တည်ဆောက်နေမှုအခြေအနေ၊ ဆွမ်းစားဆောင်နှင့် ရှင်းလင်းဆောင်တည်ဆောက်ပြီးစီးမှုအခြေအနေများကို ဆရာတော်အား လျှောက်ထားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဗုဒ္ဓတက္ကသိုလ် တည်ဆောက်ပြီးစီးရေးအတွက် ပြည်သူများနှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကလည်း တစိုက်မတ်မတ် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှောက်ထားခဲ့သည်။

စိုင်းသန်းကျော်(တောင်ကြီး)

တစ်နှစ်ပတ်လုံး တင်ပို့ရောင်းချနေသော ပြင်ဦးလွင်နယ်မှ လိမ္မော်သီးများ

ပြင်ဦးလွင်ဒေသသည် အမြင့်ပေ ၃၅၀၀ ကျော်တွင်ရှိပြီး အပူပိုင်းစိုစွတ်ရာသီဥတုမျိုးရှိသောကြောင့် ဒေသတွင်း၌ ကော်ဖီ၊ လက်ဖက်၊ မက်မန်း၊ မက်မွန် စသည့်အပင်များနှင့် လိမ္မော်ပင်များကို အောင်မြင်စွာ စိုက်ပျိုးနိုင်သည့်ဒေသဖြစ်သည်။

ပြင်ဦးလွင်၌ လိမ္မော်စိုက်ပျိုးရာတွင် ဒေသသီးခေါ် အခွံပွလိမ္မော်သီးများအပြင် နိုင်ငံခြားမျိုးများဖြစ်သည့် နံပါတ်ဝမ်း၊ စပိန်သီး(ဖီးမောက်)၊ ပျားလိမ္မော်စသည့်မျိုးများကိုလည်း အဓိကထား၍ စိုက်ပျိုးကြသည်။

နိုင်ငံခြားမျိုးများမှာ တစ်နှစ်ပတ်လုံး အဆက်မပြတ်သီးပွင့်ကြပြီး အပင်တစ်ပင်လျှင် အလုံးရေ ၈၀၀ ကျော်မှ ၁၀၀၀ ကျော်အထိသီးကာ အထွက်နှုန်းနည်းသော နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် လိမ္မော်သီး တစ်ကီလိုလျှင် ကျပ် ၁၂၅၀ ခန့်မှ ၁၇၅၀ ခန့်အထိနှင့် အထွက်နှုန်းများသောအချိန်များတွင် တစ်ကီလိုလျှင် ကျပ်တစ်ထောင်ဝန်းကျင်ခန့်ဖြင့် ရောင်းချနိုင်ကြောင်း သိရသည်။ ဖေဖော်ဝါရီနှင့် မတ်လများသည် အသီးထွက်ရှိမှု အများဆုံးအချိန်ဖြစ်ကာ ရာသီချိန်ဟု ခေါ်ကြပြီး ကျန်လများတွင်သီးသော အသီးများမှာမူ ရှားပါးချိန်ဖြစ်သောကြောင့် ဈေးပိုမိုရရှိကြသည်။

နိုင်ငံခြားမျိုးများကို စိုက်ပျိုးနေသော်လည်း ပျိုးပင်ထုတ်လုပ်နိုင်ခြင်းမရှိသေးဘဲ ထိုင်းနိုင်ငံမှ ပျိုးပင်များကို ဝယ်ယူစိုက်ပျိုးရကြောင်း၊ ပျိုးပင်တစ်ပင်လျှင် ထိုင်းနိုင်ငံမှ ပြင်ဦးလွင်စိုက်ခင်းအရောက် ကုန်ကျစရိတ် ကျပ် ၆၅၀၀ ခန့်ရှိကြောင်း လိမ္မော်စိုက်ပျိုးသူတစ်ဦးထံမှ သိရသည်။

လိမ္မော်ပင်သည် နှစ်ရှည်သီးနှံပင်မျိုးဖြစ်ပြီး စစိုက်ချိန်မှ သုံးနှစ်အတွင်း အသီးရရှိကာ အပင်သက်တမ်း ၂၅ နှစ်အထိ အသီးရနိုင်သော်လည်း အပင်ပြုစုပျိုးထောင်သည့် ကုန်ကျစရိတ်မှာမူ ကြီးမားကြောင်း သိရသည်။ လိမ္မော်ပင်သည် ရေကြိုက်သောအပင်မျိုးဖြစ်သဖြင့် မိုးရာသီမှလွဲ၍ ကျန်အချိန်များတွင် နှစ်ရက်ခြားတစ်ခါ ရေလောင်းပေးရသည်။ အပင်နုမျိုးဖြစ်ကာ အကြမ်းမခံဘဲ ပိုးမွှားကျရောက်မှုလည်း များတတ်သည်။ မြေဩဇာကျွေးခြင်း၊ ဆေးဖျန်းခြင်း၊ ရေလောင်းခြင်းစသည့် ကုန်ကျစရိတ်များနှင့် အလုပ်သမားစရိတ်များပေါင်းပါက အပင် ၂၂၀ ရှိ လိမ္မော်ခြံတစ်ဧကအတွက် တစ်လလျှင် ကျပ်တစ်သိန်းခန့် ကုန်ကျသည်။

လိမ္မော်ပင်များသည် တစ်နှစ်ပတ်လုံးအသီးသီးနေသော်လည်း ပြုစုပျိုးထောင်ရာတွင် အထူးဂရုစိုက်ရခြင်းနှင့် စိုက်ပျိုးစရိတ်မှာလည်း အခြားနှစ်ရှည်ပင်များထက် ပိုမိုများပြားသောကြောင့် ပြင်ဦးလွင်ဒေသတွင် လိမ္မော်စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းသော်လည်း စိုက်ပျိုးသူ နည်းပါးနေသေးကြောင်း၊ လက်ရှိစိုက်ပျိုးနေသူများအနေဖြင့် လိမ္မော်သီးများကို မြန်မာတစ်နိုင်ငံလုံးသို့ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

သတင်းဆောင်းပါး - သက်နိုင်(ပြင်ဦးလွင်)

တစ်မျိုးသားလုံးသတိပြုရမည့် သွေးလွန်တုပ်ကွေးရောဂါ

ဟန်နီဝင်း

သွေးလွန်တုပ်ကွေးရောဂါသည် ကပ်ရောဂါအသွင်ဖြင့် မြန်မာနိုင်ငံ၌ ၁၉၇၀ ပြည့်နှစ်က ရန်ကုန်မြို့၌ စတင်ဖြစ်ပွားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်များသို့ ကူးစက်ပျံ့နှံ့ခဲ့ကြောင်းသိရသည်။

"ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၂၃ ရက်အထိ မြန်မာနိုင်ငံတစ်နိုင်ငံလုံးအနေနဲ့ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၉၈၉၃ ဦး ရှိပါတယ်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်ကနေ ဇွန်လ ၁၃ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါ အသက်အုပ်စုအလိုက်ဖြစ်ပွားမှု အများဆုံးက အသက် ၅ နှစ်မှ ၉ နှစ်အတွင်းဖြစ်ပြီးတော့ ဖြစ်ပွားတဲ့သူ စုစုပေါင်း ၃၉၆၇ ဦးရှိပါတယ်။ ဒီထဲမှာ အသက် ၁ နှစ်အောက်ကလေးဦးရေက ၄၅၀ နဲ့ အသက် ၁၅ နှစ်အထက်က ၁၂၈ ဦးရှိပါတယ်။

"နောက်တစ်ခုအနေနဲ့ ဖြစ်ပွားမှုအများဆုံး တိုင်းဒေသကြီးနဲ့ ပြည်နယ်ငါးခုကတော့ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ တနင်္သာရီတိုင်းဒေသကြီးတို့ဖြစ်ပါတယ်။ ဒီတိုင်းဒေသကြီးနဲ့ ပြည်နယ်ငါးခုမှာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူဦးရေက ဧရာဝတီမှာ ၂၀၉၃ ဦး၊ မွန်မှာ ၁၆၁၅ ဦး၊ ရန်ကုန်မှာ ၁၄၀၂ ဦး၊ မန္တလေးမှာ ၁၁၉၃ ဦးနဲ့ တနင်္သာရီမှာ ၁၀၁၉ ဦးရှိပါတယ်။

"သေဆုံးမှုအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ ၁၀ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှာ ခုနစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှာ ခြောက်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ငါးဦးနဲ့ မွန်၊ ရခိုင်၊ တနင်္သာရီတို့မှာ သုံးဦးစီဖြစ်ပါတယ်။ ပြီးတော့ ဖြစ်ပွားမှုအများဆုံး မြို့နယ် ငါး မြို့နယ်ကတော့ တန့်ဆည်၊ မုံရွာ၊ ရွှေဘို၊ ဘုတလင်နဲ့ ယင်းမာပင်မြို့တွေဖြစ်ပါတယ်"ဟု ကျန်းမာရေးဝန်ကြီးဌာန သွေးလွန်တုပ်ကွေးနှင့် ဆင်ခြေထောက် စီမံချက်မန်နေဂျာ ဒေါက်တာခင်နန်းလုံက မြန်မာနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ ပြောပြသည်။

ဆက်လက်ပြီး ၎င်းက "သွေးလွန်တုပ်ကွေးရောဂါဟာ ၂၀၀၅ ခုနှစ်အထိ ကယားပြည်နယ်နဲ့ ချင်းပြည်နယ်ကလွဲပြီး ကျန်တဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးပျံ့နှံ့ခဲ့ပါတယ်။ နောက်၂၀၀၈ ခုနှစ်ကျတော့ ကယားပြည်နယ်မှာလည်း ဖြစ်ပွားလာပါတယ်။ အခုချိန်ထိတော့ ဖြစ်ပွားမှု လုံးဝမရှိတာ ချင်းပြည်နယ်ပဲဖြစ်ပါတယ်"ဟု ပြောပြသည်။

ဒေါက်တာခင်နန်းလုံ

ကမ္ဘာ့သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အခြေအနေတွင် ၂၀၁၃ ခုနှစ်၌ ဖြစ်ပွားသူသုံးသန်းကျော်၊ ဖြစ်ပွားသူများထဲမှ ရောဂါပြင်းထန်သူ ငါးသိန်းခန့်ရှိပြီး သေဆုံးသူ ၁၂၅၀၀ ခန့်ရှိသည်ဟု သိရသည်။ ၂၀၁၅ ခုနှစ် မေလအတွင်း ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ နှစ်ပေါင်း ၇၀ ကျော် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားခဲ့သည့် ဂျပန်နိုင်ငံတွင် ယခုဖြစ်ပွားလာကြောင်း ထုတ်ပြန်ထားသည်ကို သိရှိရသည်။

ဒေါက်တာခင်နန်းလုံက ကျန်းမာရေးဝန်ကြီးဌာနမှ သွေးလွန်တုပ်ကွေးရောဂါနှင့် စပ်လျဉ်း၍ လုပ်ဆောင်နေမှုများကိုပြောပြရာတွင် "ကမ္ဘာ့သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အခြေအနေတွေအရ အရှေ့တောင်အာရှဒေသနိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှား၊ ထိုင်းနဲ့ မြန်မာနိုင်ငံတွေမှာ သွေးလွန်တုပ်ကွေးရောဂါအများဆုံး ဖြစ်ပွားပါတယ်။

"ဒါကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနဲ့ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးမှုတွေကို လျှော့ချနိုင်ဖို့ မျှော်မှန်းချက်ထားလုပ်ဆောင်လျက်ရှိပါတယ်။

"ဒီလိုလုပ်ဆောင်ရာမှာ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေကိုလုပ်ဆောင်နေသလို သွေးလွန်တုပ်ကွေးရောဂါကုသဖို့ အရည်အသွေးမြင့်သင်တန်းတွေ၊ ကျန်းမာရေးပညာပေးလုပ်ငန်းတွေ၊ သုတေသနပြုလုပ်ငန်းတွေကိုလည်း လုပ်ဆောင်နေပါတယ်။

"ကျန်းမာရေးပညာပေးလုပ်ငန်းတွေကို လူအများသွားလာရာနေရာတွေဖြစ်တဲ့ ကျောင်း၊ ရုံး၊ ဆေးရုံ၊ ဆေးခန်းစတဲ့နေရာတွေမှာ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေကို လုပ်ဆောင်နေပြီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းမှာ ဖုံး၊ သွန်၊ မြှုပ်၊ ရှင်း၊ ခတ်၊ မွေးစတဲ့ ပိုးလောက်လမ်းနှိမ်နင်းရေး၊ ခြင်ဆေးမှုတ်ပြီး ခြင်သက်ကြီးကောင်နှိမ်နင်းရေး၊ ခြင်ကိုက်မခံရအောင် တစ်ကိုယ်ရေ ကာကွယ်ရေးနည်းလမ်းတွေပါဝင်ပါတယ်"ဟု ပြောသည်။

ဆက်လက်ပြီး ဒေါက်တာက "ဒီလုပ်ငန်းတွေကို လုပ်ဆောင်ရာမှာ တစ်ဦးတစ်ယောက်တည်းက လုပ်ဆောင်လို့မရပါဘူး။ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာလုံးကျွတ် ပြည်သူလူထုအင်အားနဲ့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆောင်ရွက်ရတာပါ။ ဆောင်ရွက်တဲ့ နေရာမှာလည်း ပိတ်ထားတဲ့ အိမ်ပါမကျန် အိမ်အားလုံး၊ အိမ်တွင်း အိမ်ပြင်မှာ ရေရှိနေတဲ့၊ ရေလှောင်နေနိုင်တဲ့၊ တင်ကျန်နေနိုင်တဲ့ အရာမှန်သမျှ ခုနစ်ရက်တစ်ကြိမ်နဲ့ မှန်မှန်ပြုလုပ်ပေးရမှာပါ။ ဒီလိုအားလုံးပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် ပညာပေးလုပ်ငန်းတွေ၊ ပြည်သူတွေ ပိုမိုပူးပေါင်းဆောင်ရွက်လာစေရေးအတွက် နှိုးဆော်တိုက်တွန်းတာတွေကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်အလိုက် အဖွဲ့များဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ခြင်များပေါက်ပွားသော မိုးဦးကျနှင့် မိုးရာသီအတွင်းအများဆုံးဖြစ်ပွားလေ့ရှိသော်လည်း တစ်နှစ်ပတ်လုံးအချိန်မရွေးဖြစ်ပွားနိုင်သည်။

ထို့ကြောင့် "သွေးလွန်တုပ်ကွေးရောဂါဟာသာမန်တုပ်ကွေးပုံစံကနေပြီး Shock ရတဲ့အထိ ပုံစံအမျိုးမျိုးနဲ့ ရှိနိုင်သလို ကြိုတင်မှန်းဆဖို့လည်း ခက်ခဲပါတယ်။ ဒါကြောင့် သွေးလွန်တုပ်ကွေးလို့ သံသယရှိတာနဲ့ နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းတွေထံ ပြသပြီး စနစ်တကျကုသမှုခံယူဖို့ လိုအပ်ပါတယ်။ အခုအခါ သွေးလွန်တုပ်ကွေးဟာ ကလေးတွေသာမက လူကြီးပိုင်း၊ လူလတ်ပိုင်းတွေမှာပါ ဖြစ်ပွားလာပါတယ်။ တစ်မျိုးသားလုံးအနေနဲ့ သတိပြုရမယ့် ရောဂါတစ်ခုဖြစ်ပါတယ်"ဟု ဒေါက်တာ ခင်နန်းလုံက ပြောပြသည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်နိုင်သည့် ရောဂါလက္ခဏာများဖြစ်သည့် နှစ်ရက်ထက်ပို၍ ဖျားပြီး ပျို့ခြင်း၊ အန်ခြင်း၊ ကိုယ်ပေါ်တွင် အနီအစက်လေးများထွက် ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနှင့်အဆစ်များနာကျင်ခြင်း၊ လက်မောင်းကို သွေးပေါင်ချိန်တိုင်းကိရိယာဖြင့် Hess Test ဟုခေါ်သော စမ်းသပ်ခြင်းပြုလုပ်ကြည့်ပြီး လက်ဖျံတစ်ဝိုက်၌ အနီအစက်ပျောက်လေးများ ထင်ရှားစွာပေါ်ခြင်းစသည့် ရောဂါလက္ခဏာများတွေ့ရှိပါက ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက်ရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်လျက်ရှိကြောင်း သိရသည်။ ။

● သွေးလွန်တုပ်ကွေးရောဂါဟာ သာမန်တုပ်ကွေးပုံစံကနေပြီး Shock ရတဲ့အထိ ပုံစံအမျိုးမျိုးနဲ့ရှိနိုင်သလို ကြိုတင်မှန်းဆဖို့လည်း ခက်ခဲပါတယ်။

● သွေးလွန်တုပ်ကွေးဟာ ကလေးတွေသာမက လူကြီးပိုင်း၊ လူလတ်ပိုင်းတွေမှာပါ ဖြစ်ပွားလာပါတယ်။

မသန်စွမ်းပြေးခုန်ပစ်အားကစားသမားများ ဆုတံဆိပ်များ မျှော်မှန်း

ရန်ကုန် ဇွန် ၂၉

စင်ကာပူနိုင်ငံ၌ကျင်းပမည့် (၈) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသည် နီးကပ်လာပြီဖြစ်သဖြင့် မသန်စွမ်းပြေးခုန်ပစ်အားကစားသမားများသည် မိုးရွာနေသည့်ကြားကပင် အပြင်းအထန်စခန်းဝင်လေ့ကျင့်လျက်ရှိနေကြပြီး ဆုတံဆိပ်များစွာ မျှော်မှန်းထားကြောင်း သိရသည်။

ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်ထိ ကျင်းပမည်ဖြစ်သော အဆိုပါ (၈) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြရန်အတွက် နည်းပြဆရာ ဆရာမ ငါးဦးက ပြေးခုန်ပစ်အားကစားသမား အမျိုးသား ငါးဦး၊ သံလုံးသံပြားလှံတံပစ် ခြောက်ဦးနှင့် ဗိုးချဲတွန်းပြိုင်ပွဲဝင်နှစ်ဦးအားလည်းကောင်း၊ ပြေးခုန်ပစ်အားကစားသမား အမျိုးသမီးနှစ်ဦးနှင့် သံလုံးသံပြားလှံတံပစ်ငါးဦးတို့အားလည်းကောင်း အသီးသီးစခန်းသွင်း လေ့ကျင့်ပေးနေကြောင်း သိရသည်။

"မသန်စွမ်းအားကစားပွဲတော်ကို မနှစ်ကလည်း မြန်မာနိုင်ငံမှာ ပြိုင်ပွဲလုပ်ပြီးပါပြီ။ ပြည်သူတွေ သုံးချိုးတစ်ချိုးလောက်ပဲသိခဲ့ကြတာပါ။ ဒီစင်ကာပူနိုင်ငံမှာ မသန်စွမ်းအားကစားသမားများ သွားရောက်ယှဉ်ပြိုင်ကြမယ်ဆိုတာ ပြည်သူတော်တော်များများ မသိကြသေးပါဘူး။ ဒါကြောင့် (၂၈) ကြိမ်မြောက် ဆီးဂိမ်းကို ပြည်သူတွေ အားပေးသလို ကျွန်တော်တို့ပါရာဂိမ်းပွဲတော်ကိုလည်း အားပေးကြစေချင်ပါတယ်" ဟု ပြေးခုန်ပစ် အားကစားသမား ကိုထူးထူးအောင်က ပြောသည်။

ယခုယှဉ်ပြိုင်မည့် (၈) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၌ လူဦးရေထက်ဝက်နီးပါးလျော့ကျမှုကြောင့် ဆုတံဆိပ်လျော့နည်းနိုင်သော်လည်း ရွှေတံဆိပ် ငါးခုနှင့် ခုနစ်ခုကြား မျှော်မှန်းထားကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-စိုးဝင်း(SP)

အင်းတော်လေးအင်း၌ ဒုတိယအကြိမ် သန့်ရှင်းရေးပြုလုပ်

အင်းတော် ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ အင်းတော်လေးအင်း၌ ဇွန် ၂၇ ရက် နံနက် ၇ နာရီက CIVIL YOUTH ACTION NETWORK (လူငယ်ကွန်ရက်) မှ အသင်းသား အသင်းသူများ၊ အင်းသားများ၊ ဌာနဆိုင်ရာများစုပေါင်းပြီး အင်းသာယာသန့်ရှင်းလှပရေး ဒုတိယအကြိမ်အဖြစ် အမှိုက်များ ရှင်းလင်းကြသည်။

သက္ကယ်ကျင်းကျေးရွာဒေသခံတစ်ဦးက "အခုလိုတာဝန်ရှိသူတွေအင်းတော်လေးအင်းမှာ သန့်ရှင်းရေးဆောင်ရွက်ကြတာမြင်ရတော့ ပြောမပြတတ်အောင်ဝမ်းသာမိပါတယ်။ မိုးတွင်းကာလ အင်းတော်ရေကြီးရင် ချောင်းထဲကအမှိုက်တွေဟာ အင်းတော်လေးအင်းထဲ အကုန်ဝင်တယ်။ အင်းဟာ တဖြည်းဖြည်းနဲ့ ကောလာသလို ကျွန်မတို့ရွာရေချိုးဆိပ်မှာ အမှိုက်ပုံလိုဖြစ်နေတယ်။ ပုလင်းကွဲတွေ၊ ဆေးထိုးအပ်တွေ၊ ပလတ်စတစ်တွေ၊ အဆိုးဆုံးက ဆန်စက်ကထွက်တဲ့ဖွဲတွေပါ။ ရေပေါ်မှာ ဖွေးလို့နေတာပဲ၊ သောက်သုံးရေအတွက် အခက်အခဲတွေဖြစ်ခဲ့ရတယ်" ဟု ပြောသည်။

အင်းတော်လေးအင်း သန့်ရှင်းရေးအတွက် ကိုအောင်ဇော်က အမှိုက်ကားတစ်စီး ကူညီခဲ့ပြီး PERFECT သောက်ရေသန့်မိသားစုကလည်း ရေသန့်ဘူး၊ သမာဓိရွှေဆိုင်မိသားစုက အကြော်များ လှူဒါန်းခဲ့ကြောင်း သိရသည်။ အင်းတော်လေးအင်းကို ဇွန် ၂၇ ရက် နံနက် ၇ နာရီကစတင်ကာ CIVIL YOUTH ACTION NETWORK (လူငယ်ကွန်ရက်)၊ အင်းသားများ၊ အင်းတော်မြို့နယ်မှ ဌာနဆိုင်ရာများ အင်အား ၂၅၀ ကျော်ခန့်က အင်းသန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ၊ ဒိုက်များ၊ သစ်သားတုံးများကို စုပေါင်းဖယ်ရှားရှင်းလင်းခဲ့ကြရာ ကသာခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်းက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ကိုနိုင်(အင်းတော်)

မိတ္ထီလာကန်ကူးတံတားတိုးချဲ့ တည်ဆောက်မှု ၉၀ ရာခိုင်နှုန်းကျော်ပြီးစီး

မိတ္ထီလာ ဇွန် ၂၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့ရှိ မိတ္ထီလာကန်ကူးတံတားကို ၂၀၁၄ ခုနှစ်ဇွန်လပိုင်းက စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်၍ ဇူလိုင်လ ပထမပတ်တွင် ၂၄ ပေ နှစ်လမ်းသွားမှ ၁၂ ပေကို အများပြည်သူ သွားလာမှုအဆင်ပြေစေရန် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတည်ဆောက်နေသော တံတားအသစ်မှာ အရှည်ပေ ၈၀၀၊ အကျယ် ၂၄ ပေဖြစ်ပြီး မြို့တွင်းသွားလမ်း ပေ ၂၀၀ အပါအဝင် တည်ဆောက်လျက်ရှိသည်။ ယခင်တံတားဟောင်းအကျယ် ၂၅ ပေတွင် ၁၂ ပေစီ အသွား၊ အပြန်အသုံးပြုရသောကြောင့် ကျောင်းတက်၊ ကျောင်းဆင်းနှင့် ရုံးဆင်း၊ ရုံးတက်အချိန်တို့တွင် တံတားဟောင်းပေါ်၌ အများပြည်သူသွားလာမှုနှင့် ကုန်စည်ပို့ဆောင်သောယာဉ်များ၊ ခရီးသွားယာဉ်များ သွားလာမှု အခက်အခဲရှိခဲ့ရာ တံတားအသစ်ကို တည်ဆောက်နိုင်ခဲ့၍ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်ကုန်စည်ကူးသန်းရေး သာမကဒေသ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူဖြစ်စေကြောင်းမြို့ခံတစ်ဦးကပြောသည်။

မိတ္ထီလာ ကန်ကူးတံတားသစ်တည်ဆောက်နေသော ၂၄ ပေ နှစ်လမ်းသွားမှ ၁၂ ပေတစ်လမ်းကို ဇူလိုင်လ ပထမပတ်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ကျန်သောလုပ်ငန်း ဆောင်ရွက်မှုကို ရွှေကောက်ပွဲပြီးချိန်တွင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တံတားတည်ဆောက်မှုပြီးစီးပါက ၂၄ ပေ အသွားနှစ်လမ်း၊ အပြန်နှစ်လမ်းဖြစ်၍ မြို့ခံပြည်သူနှင့် ဖြတ်သန်းသွားလာသော ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်မည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးမှ လက်ထောက်အင်ဂျင်နီယာ ဦးသန်းလင်းကပြောသည်။

မြင့်မြတ်သစ္စာ

ရှေးဟောင်းမြန်မာကျောက်စာ၊ပျူကျောက်စာနှင့် မွန်ကျောက်စာ အခြေခံသင်တန်းဖွင့်

နေပြည်တော် ဇွန် ၂၉

မြန်မာကျောက်စာ၊ ပျူကျောက်စာနှင့်မွန်ကျောက်စာများကို နားလည်တတ်ကျွမ်းစေရန်နှင့် ရေး၊ဖတ် ဘာသာပြန်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ရှေးဟောင်းမြန်မာကျောက်စာ၊ ပျူကျောက်စာနှင့် မွန်ကျောက်စာအခြေခံသင်တန်းအမှတ်စဉ် (၃/၂၀၁၅)ကို ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ၌ ဩဂုတ် ၃ ရက်မှစ၍ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါ ရှေးဟောင်းမြန်မာကျောက်စာ၊ ပျူကျောက်စာနှင့်မွန်ကျောက်စာ အခြေခံသင်တန်းကို ကျောက်စာပညာရှင်များဖြစ်သည့် ဦးစိန်ဝင်းဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသား ပြတိုက်ဦးစီးဌာနနှင့်ပဲခူးတက္ကသိုလ် မြန်မာစာဌာန ကထိကဒေါက်တာမောင်မောင်ဆွေတို့က သင်တန်းပို့ချသွားမည်ဖြစ်ပြီး မြန်မာကျောက်စာအခြေခံအဆင့်၊ အလယ်အလတ်အဆင့်၊ အဆင့်မြင့်သင်တန်း၊ ပျူကျောက်စာအခြေခံအဆင့်၊ အလယ်အလတ်အဆင့်၊ အဆင့်မြင့်သင်တန်း၊ မွန် ကျောက်စာအခြေခံအဆင့်သင်တန်းနှင့် ပျူအရေးအသားများကို အပိုင်းလိုက်ခွဲခြား သင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းချိန်မှာ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိနှင့် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိဖြစ်ပြီး စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် မြန်မာ၊ ပျူ၊ မွန်ကျောက်စာများအား လက်တွေ့ကူးယူခြင်း သင်ခန်းစာများကို ပို့ချသင်ကြားသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန လက်အောက်ခံတက္ကသိုလ်၊ ကောလိပ်များရှိ မြန်မာစာဌာန ပညာရေးဝန်ထမ်းများနှင့် ပြင်ပမှ စိတ်ပါဝင်စားသူများ(ဝိဇ္ဇာဘွဲ့ တစ်ခုခုရရှိပြီး) တက်ရောက်နိုင်ပြီး သင်တန်းကာလမှာ ဩဂုတ် ၃ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်လိုပါက ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၀၂-၆၀၀၅၉၊ ၀၉-၂၀၀၂၀၉၅ သို့ ဆက်သွယ်အမည်စာရင်းပေးပို့နိုင်ပါကြောင်း သိရသည်။

(မြန်မာ့အလင်း)

မိုးသည်းလေပြင်းတိုက်ခတ်၍ အထက ကျောင်းဆောင် အမိုးများ ပျက်စီး

ဒလ ဇွန် ၂၉

ဒလမြို့နယ် ပျော်ဘွယ်ကြီးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၂၅ ရက် ညနေ ၄ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သီရိရတနာပင်မဆောင်အမိုးသွပ်ပြားအချပ်များ လန်ထွက်ပြီး ထုပ်တန်းများ ပြုတ်ကျပျက်စီးခြင်း၊ ကျောင်းဆိုင်းဘုတ် ကျိုးကျပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းသို့ ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးရဲမြင့်ဦးစီး၍ မြို့မစခန်းမှူး ဒုတိယရဲမှူးခင်မောင်လွင်၊ ပျော်ဘွယ်ကြီး နယ်မြေစခန်းမှူး ရဲအုပ်မြစိုးနှင့် ရဲတပ်ဖွဲ့ဝင်များသည် မိုးသည်းလေပြင်းတိုက်ခတ်မှုကြောင့် ကျောင်းဆောင်အမိုးလန်ပျက်စီးခဲ့သောပျော်ဘွယ်ကြီးအထကကျောင်းသို့ သွားရောက်ရှင်းလင်းပြုပြင်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သန်းဌွေး(ဒလ)

မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကျင်းပ

မိုးညှင်း ဇွန် ၂၉

ကချင်ပြည်နယ် မိုးညှင်းခရိုင်ရဲတပ်ဖွဲ့ကကြီးမှူး၍ (၁၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ထွန်းထွန်းဝေက ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုထံမှပေးပို့သော အပြည်ပြည်ဆိုင်ရာ မူးယစ် ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ သဝဏ်လွှာအား ဖတ်ကြားခဲ့ကြောင်း သိရသည်။

တင်ဝင်းသိန်း(မိုးညှင်း)

သတင်းတိုထွာ

သင်ထောက်ကူပြုပစ္စည်းများ ထောက်ပံ့

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး၊ မြန်မာနိုင်ငံ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးဌာနကြီးမှူး ဒေါ်လင်းလင်းတင် ဦးဆောင်သည့် အမျိုးသမီးရေးရာအဖွဲ့သည် ပျဉ်းမနားမြို့ ရတနာမှန်ကျောင်းတိုက်၌ ဖွင့်လှစ်ထားရှိသောအမှတ်(၆)ဘုန်းတော်ကြီးသင် မူလတန်းကျောင်းသို့ သင်ထောက်ကူပြုပစ္စည်းများ ထောက်ပံ့လှူဒါန်းခဲ့ပြီး ကျောင်းသားကျောင်းသူများ အာဟာရဖွံ့ဖြိုးစေရန်အတွက် နေ့လယ်စာနှင့်နွားနို့၊ ငှက်ပျောသီးများကျွေးမွေးခဲ့သည်။ ဆက်လက်၍ ရတနာမှန်ကျောင်းတိုက်ဆရာတော်နှင့်သံဃာတော်များကိုလည်း နေ့ဆွမ်းကပ်လှူဒါန်းခြင်းနှင့် နဝကမ္မအလှူတော်ငွေကျပ်တစ်သိန်းကို လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

ရွှေမန်းမောင်နှင့်အမျိုးသမီးကြံ့ခိုင်မှုပြိုင်ပွဲကျင်းပမည်

အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီကကြီးမှူး၍ ရွှေမန်းမောင်နှင့် အမျိုးသမီးကြံ့ခိုင်မှုပြိုင်ပွဲကို ဇူလိုင် ၅ ရက်တွင် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကာယဗလနှင့်ကာယကြံ့ခိုင်မှုဆပ်ကော်မတီ ဖုန်း-၂၀၆၀၀၉၆၊ ၉၁၀၄၄၂၃၆ သို့ ဆက်သွယ်၍မေးမြန်းနိုင်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

လူကုန်ကူးခံရသူအမျိုးသမီးတစ်ဦး ပြန်လည်ရောက်ရှိ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန မန္တလေးသက်မွေး အတတ်ပညာသင်ကျောင်းမှ တရုတ်နိုင်ငံသို့ လူကုန်းကူးခံရသူ ကျိုင်းတုံမြို့ မိုင်းပန်လယ်ရွာနေ အမျိုးသမီးငယ်တစ်ဦးကို ဇွန် ၂၆ ရက်က လေကြောင်းခရီးဖြင့် ကျိုင်းတုံမြို့သို့ ပြန်လည်လွှဲပြောင်းပေးပို့ခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးအခမ်းအနားကျင်းပ

ကချင်ပြည်နယ် မိုးမောက်မြို့နယ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဇွန် ၂၆ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်သမဝါယမဦးစီးဌာနကကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (China Exim Bank) မှ ပံ့ပိုးချေးငွေကျပ် ၁၁၂၅ သိန်းကို ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပီတာဒွဲလက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဂျေဘောက်နော်က ချေးငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ ရက် နံနက် ၈ နာရီက တန့်ယန်း-ပန်ဆန်းကားလမ်းဘေးရှိ အောင်သံလွင်ဂေါက်ကလပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ထင်းရှူး၊ မဲဇလီ၊ ခါတော်မီ၊ ချယ်ရီ၊ ယူကလစ်၊ ရေသင်းဝင်စသည့် သစ်ပင်ပျိုးပင်ခုနစ်ရာတို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **မင်းလွင်ဦး(iprd)**

အလကကျောင်းနှစ်ကျောင်းအထက(ခွဲ)အဖြစ် တိုးမြှင့်

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၄)က. ပ. စ အခြေခံပညာအလယ်တန်းကျောင်းတို့ကို အခြေခံပညာအထက်တန်းကျောင်းခွဲ အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ခြင်းကို ဇွန် ၂၆ ရက်က အဆိုပါ ကျောင်းများရှေ့၌ ကျင်းပရာ နေပြည်တော်ကောင်စီပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်၊ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့သည်။ ထိုသို့ ဖွင့်လှစ်ပေးမှုကြောင့် ဒေသခံကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှု ပိုမိုအဆင်ပြေလာကြောင်း သိရသည်။ **မောင်မွေး**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်း ဝယ်မှု တိုက်ဖျက်ရေးဟောပြောပွဲကို ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရွှေဖီဦးခန်းမဆောင်၌ ကျင်းပရာ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်က အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီ ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **အောင်မိုး**

နောက်ဆုံးဗိုလ်လုပွဲကို အမေရိကန် နဲ့ ဂျာမနီ ဘယ်အသင်းတက်မလဲ

၂၀၁၅ အမျိုးသမီးကမ္ဘာ့ဖလား အကြိုဗိုလ်လုပွဲအဖြစ် အမေရိကန်နဲ့ ဂျာမနီတို့ ဇူလိုင် ၁ ရက်မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကြမယ့် ဒီပွဲစဉ်ဟာ ၂၀၁၅ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲမှာ အကောင်းဆုံးပွဲစဉ်ဖြစ်လာမယ်လို့မျှော်လင့်နေပြီး ကမ္ဘာတစ်ဝန်းက ပရိသတ်တွေကလည်း စိတ်ဝင်စားစွာ စောင့်မျှော်နေကြပြီဖြစ်ပါတယ်။ ဒါကြောင့် နောက်ဆုံးဗိုလ်လုပွဲကို ဘယ်အသင်းတက်ရောက်သွားမလဲဆိုတာ ခက်ခဲတဲ့ပုစ္ဆာတစ်ပုဒ်ကို တွက်ချက်ရသလိုဖြစ်နေတာမို့ ကြည့်ကောင်းမယ့်ပွဲပါပဲ။

အမေရိကန်နဲ့ ဂျာမနီတို့ရဲ့ စွမ်းဆောင်မှုကိုကြည့်ရင် အမေရိကန်အသင်းဟာ နိုင်ဂျီးရီးယားကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပြီး ကိုလံဘီယာအသင်းကို နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရရှိခဲ့ပါတယ်။ ဒါ့အပြင် တရုတ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရရှိခဲ့ပြီး ဒီနှစ်ကမ္ဘာ့ဖလားမှာ အသင်းလိုက်ကစားအားအကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေပါတယ်။ အမေရိကန် အသင်းဟာ အမျိုးသမီးကမ္ဘာ့ဖလားပွဲသမိုင်းမှာ ချန်ပီယံနှစ်ကြိမ်ရရှိခဲ့ပြီး နောက်ဆုံးချန်ပီယံဖြစ်ခဲ့တာက ၁၉၉၉ ခုနှစ်ဖြစ်ပါတယ်။ ဗိုလ်လုပွဲအထိ နောက်ဆုံးတက်လှမ်းခဲ့တာကတော့ ၂၀၁၁ ခုနှစ်ကဖြစ်လို့ အခုနှစ်မှာ ဗိုလ်စွဲနိုင်ရေး ခြေကုန်ထုတ်မှာ ဖြစ်ပါတယ်။

အမေရိကန်အသင်းမှာ အဓိကအားထားရတဲ့ ကစားသမားတွေကတော့ တိုက်စစ်မှူး ရာပီနိုဖြစ်ပြီး အခုအချိန်အထိ နှစ်ဂိုးသွင်းယူထားပါတယ်။ ဒါ့အပြင် မော်ဂန်၊ လော်ဒီတို့က ဂိုးသွင်းနိုင်ကြသူတွေဖြစ်ပြီး ပြိုင်ဘက်ခံစစ်ကြောင်းကို နေရာစုံက ထိုးဖောက်မွှေနှောက်နိုင်သူတွေဖြစ်ပါတယ်။ အမေရိကန်ခံစစ်မှူးတွေက အမှားအယွင်းနည်းပြီး ပြိုင်ဘက်တိုက်စစ်မှူးတွေကို ဟန့်တားရာမှာ ထူးချွန်သူတွေဖြစ်ပါတယ်။ အမေရိကန်အသင်း အခုလို အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့တာဟာ ခံစစ်ပိုင်းကောင်းမွန်ပြီး အသင်းလိုက်စုစည်းမှု ကောင်းမွန်လို့ပဲဖြစ်ပါတယ်။

အမေရိကန်တို့ဟာ နိုင်ပွဲရလိုစိတ်ပြင်းထန်ပြီး တစ်ဦးချင်းနားလည်မှုရှိရှိနဲ့ ကစားနိုင်တာမို့ ပြိုင်ဘက်တွေအတွက် ခက်ခဲတဲ့ပြိုင်ဘက်ဖြစ်နေတာပါ။ အမေရိကန်ကွင်းလယ်နဲ့ တိုက်စစ်ကစားသမားတွေဟာ လိုအပ်ရင် ရှေ့နောက်လျင်မြန်စွာ ဆင်းတက်ကစားနိုင်တာမို့ ဗျူဟာပြောင်းလဲကစားနိုင်တဲ့ပုံစံကို အသားကျနေပါတယ်။ အမေရိကန် အမျိုးသမီးကစားသမားတွေဟာ အခုအကြိုဗိုလ်လုပွဲမှာ ခံစစ်အခြေပြု တန်ပြန်တိုက်စစ်ကို ဗျူဟာခင်းကျင်းကစားမှာမို့ အခုပွဲကို ဂျာမနီတို့ပွဲကျပ်အဖြစ် ရင်ဆိုင်ရဖို့ရှိနေပါတယ်။

ဂျာမနီအသင်းကတော့ အခုကမ္ဘာ့ဖလားပွဲမှာ ထိုင်းအသင်းကို လေးဂိုးပြတ်နဲ့နိုင်ပြီး ဆွီဒင်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ ဆက်တိုက်နိုင်ကာ ပြင်သစ်အသင်းကို တစ်ဂိုးစီသရေပွဲကစားနိုင်ခဲ့တာမို့ အခုလို အကြိုဗိုလ်လုပွဲ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ အကြိုဗိုလ်လုပွဲမှာ အမေရိကန်နဲ့ ရင်ဆိုင်မယ့် ဂျာမနီအသင်းဟာ ကမ္ဘာ့ဖလားသမိုင်းမှာ နှစ်ကြိမ် ချန်ပီယံဖြစ်ခဲ့ပြီး နောက်ဆုံးဖြစ်ခဲ့တာက ၁၉၉၅ ခုနှစ်မှာမို့ နှစ်ပေါင်း ၂၀ ခန့် အလှမ်းဝေးခဲ့တဲ့ ကမ္ဘာ့ဖလားကို ဒီနှစ်မှာတော့ ပြန်လည်သိမ်းပိုက်ဖို့ ကြိုးစားနေပြီဖြစ်ပါတယ်။

အမေရိကန်နဲ့ ဂျာမနီတို့ နောက်ဆုံး ငါးကြိမ်တွေ့ဆုံမှု မှတ်တမ်းကိုကြည့်ရင် အမေရိကန်တို့က လေးပွဲနိုင်ပြီး တစ်ပွဲရှုံးထားပါတယ်။ လက်ရှိအနေအထားအရ ဂျာမနီဟာ တိုက်စစ်ပိုင်းအားသာပြီး ဂျာမနီတိုက်စစ်မှူး ဆာဆစ်ဟာ အခုအချိန်အထိ တစ်ဦးတည်းခြောက်ဂိုးသွင်းယူထားပါတယ်။ ဒါ့အပြင် ဂိုစ်လင်း၊ မစ်တက်နဲ့ ဘာတူဆီရက်တို့က အားကိုးရသူတွေဖြစ်ပြီး ဂိုးသွင်းနိုင်သူတွေလည်း ဖြစ်ပါတယ်။

အမေရိကန်တို့က ခြေစွမ်းပိုင်းအားသာချက်ရှိနေပြီး ဂျာမနီတို့က အသင်းလိုက်စုစည်းမှု အားကောင်းတာမို့ ဒီပွဲဟာ ပြိုင်ဘက်ဟောင်းတွေ ပြန်လည်ဆုံတွေ့တဲ့ပွဲဖြစ်ပါတယ်။ နှစ်သင်းစလုံး အစဉ်အလာကောင်းတဲ့အသင်းတွေဖြစ်ပြီး ပြိုင်ဆိုင်မှု ပြင်းထန်မယ့်ပွဲဖြစ်တာမို့ ဘယ်အသင်း နောက်ဆုံးဗိုလ်လုပွဲတက်ရောက်သွားမလဲဆိုတာ ရင်ခုန်စရာပါပဲ။

အမေရိကန်နည်းပြက ဒီအကြိုဗိုလ်လုပွဲမှာ တိုက်စစ်ဖွင့်ကစားမယ်လို့ ထုတ်ဖော်ပြောကြားနေတာမို့ ဂျာမနီနဲ့ အပြိုင် တိုက်စစ်ချင်းအားပြိုင်ကြမယ့် အနေအထားရှိပါတယ်။ ဂျာမနီရဲ့အသင်းလိုက် စုစည်းမှုအားကို အမေရိကန်တို့ ဘယ်လိုကျော်ဖြတ်မလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက်

ယူရို ၂၁ မှာ ပေါ်တူဂီနှင့် ဆွီဒင်တွေ့

ယူရို ၂၁ ဘောလုံးပြိုင်ပွဲမှာ ပေါ်တူဂီက နာမည်ကြီးဂျာမနီကို ငါးဂိုးပြတ်နဲ့နိုင်ပြီး ဗိုလ်လုပွဲတက်သွားပါတယ်။ ပေါ်တူဂီအသင်းအနေနဲ့ ဗိုလ်လုပွဲမှာ ဆွီဒင်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ဆွီဒင်အသင်းကလည်း အကြိုဗိုလ်လုပွဲမှာ ဒိန်းမတ်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပါတယ်။ ပေါ်တူဂီအသင်းဟာ ဗိုလ်လုပွဲသို့ ဒုတိယအကြိမ်မြောက် တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။

ပေါ်တူဂီအသင်းဟာ ၁၉၉၄ ခုနှစ်က အီတလီကိုရှုံးပြီး ဒုတိယနဲ့ကျေနပ်ခဲ့ရပါတယ်။ ပေါ်တူဂီအသင်းဟာ အုပ်စုအဆင့်မှာ အင်္ဂလန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပြီး ဆက်တိုက်အောင်မြင်မှုများရရှိ ကာ ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်က အောင်မြင်မှုကို ဆက်လက်ထိန်းသွားဖို့ ကြိုးစားနေတဲ့ ဂျာမနီအသင်းကိုတောင် ဆီမီးအဆင့် မှာ ဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့ပါတယ်။ ပေါ်တူဂီအသင်းအနေနဲ့ ဗိုလ်လုပွဲမှာ ဆွီဒင်ကိုအနိုင်ကစားပြီး ချန်ပီယံဆုရယူသွားမယ့် အနေအထားရှိပါတယ်။ ပေါ်တူဂီနဲ့ ဆွီဒင်ဟာ ဇွန် ၃၀ ရက်မှာ ပရာဟာမြို့မှာ ဗိုလ်လုပွဲကစားကြမှာ ဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

တစ်နှစ်အတွင်း ဂရင်းဆလမ်ဖလားလေးလုံးရယူသွားမယ်ဆိုတဲ့ ဆီရီနာဝီလျံ

တစ်နှစ်တာအတွင်း ဂရင်းဆလမ်ဖလားလေးလုံးစလုံးကို ရယူသွားမယ်လို့ ကမ္ဘာ့ကျော်ဂေါက်သီးကစားသမား ဂျက်နစ်ကလော့ရဲ့ ဂေါက်သီးကွင်းမှာ လေ့ကျင့်နေတဲ့ ဆီရီနာဝီလျံက ပြောဆိုလိုက်ပါတယ်။

ဝင်ဘယ်ဒန်ပြိုင်ပွဲကို ဇွန် ၂၉ ရက်မှ ဇူလိုင် ၁၂ ရက်အထိ ကျင်းပသွားမှာဖြစ်ပါတယ်။ အသက် ၃၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အမေရိကန်သူ ဆီရီနာဝီလျံဟာ ၂၀၁၅ ခုနှစ်အတွင်းမှာ ဩစတြေးလျအိုးပင်းဖလားနဲ့ ပြင်သစ်အိုးပင်းဖလားတွေကို ဆွတ်ခူးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဝင်ဘယ်ဒန်ဖလားနဲ့ အမေရိကန်အိုးပင်းဖလားတို့ကို ဆွတ်ခူးဖို့ အပြင်းအထန်ကြိုးစားနေတယ်လို့ ဆိုပါတယ်။

ဆီရီနာဝီလျံဟာ ဝင်ဘယ် ဒန်ဖလားနဲ့ အမေရိကန်ဖလားတို့ကို ဆွတ်ခူးနိုင်မယ်ဆိုရင် ၁၉၈၈ ခုနှစ် နောက်ပိုင်း စတက်ဖီဂရပ်(ဖ်)ပြီးနောက် တစ်နှစ်တာအတွင်း ဂရင်းဆလမ်ဖလားလေးလုံး ဆွတ်ခူးနိုင်တဲ့ အမျိုးသမီးဖြစ်လာမှာဖြစ်ပါတယ်။ ကျွန်မနဲ့ ဗီးနပ်စ်တို့ဟာ ဂျက်နစ်ကလော့ရဲ့ ဂေါက်သီးအားကစားကွင်းမှာ လေ့ကျင့်နေကြပါတယ်လို့ ဆီရီနာဝီလျံက ဆိုပါတယ်။ အသက် ၇၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ နစ်ကလော့ဟာ ကမ္ဘာ့ကျော်ဂေါက်သီးကစားသမားတစ်ဦးဖြစ်ပါတယ်။ သူဟာ မာစတာဖလားခြောက်လုံးအပါအဝင် အဓိကဖလား ၁၈ လုံးအထိ ဆွတ်ခူးနိုင်ခဲ့တဲ့ ဂေါက်သီးကစားသမားကြီးဖြစ်ပါတယ်။

ပါရာဂွေးနဲ့ အာဂျင်တီးနားတို့ တွေ့ကြပြီ

ပါရာဂွေးအသင်းဟာ ချီလီနိုင်ငံမှာ ကျင်းပနေတဲ့ ကိုပါအမေရိကဖလားပြိုင်ပွဲမှာ မထင်မှတ်ဘဲ ချန်ပီယံလမ်းကြောင်းကို ရောက်ရှိလာနေပြီလို့ ဆိုရမှာပါ။ ပါရာဂွေးအသင်းဟာ နာမည်ကြီး ဘရာဇီးအသင်းကို ကွာတားဖိုင်နယ်မှာ ပယ်နယ်တီ လေးဂိုး-သုံးဂိုးနဲ့နိုင်ပြီး ဆီမီးတက်သွားပြီဖြစ်ပါတယ်။ မန်စီးတီးတိုက်စစ်မှူးဟောင်း ရော်ဘင်ဟိုအနေနဲ့ ဘရာဇီးအသင်းအတွက် ၉၉ ပွဲမြောက် ပါဝင်ကစားရာမှာ ပွဲစပြီး ၁၅ မိနစ်အတွင်း ဦးဆောင်ဂိုးသွင်းနိုင်ခဲ့ပေမယ့် တီယာဂိုဆေးလ်ဗားရဲ့ ဒုတိယပိုင်းလက်ထိဘောနဲ့ ပယ်နယ်တီကန်ခွင့်ပေးခဲ့ရာမှာ ဂွန်ဇာလက်က ချေပဂိုးသွင်းယူခဲ့တဲ့အတွက် တစ်ဖက်တစ်ဂိုးစီဖြစ်ပြီး အချိန်ပိုနဲ့ ပယ်နယ်တီကစားချိန်မှာ ပါရာဂွေးက အနိုင်ရခဲ့ပါတယ်။

ဒီအနိုင်ပွဲရလဒ်ကြောင့် ပါရာဂွေးအသင်းဟာ ၁၉၇၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ကိုပါအမေရိကဖလားကို ဆွတ်ခူးနိုင်မယ့် လမ်းကြောင်းပေါ် ရောက်ရှိလာပြီလို့ ဆိုပါတယ်။ လာမယ့်ဇူလိုင် ၁ ရက်မှာ ပါရာဂွေးအနေနဲ့ အကြိုဗိုလ်လုပွဲအဖြစ် အာဂျင်တီးနားအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ အခြားသော ဆီမီးပွဲအဖြစ် အိမ်ရှင်ချီလီနဲ့ ပီရူးတို့က ဇူလိုင် ၄ ရက်မှာ ကစားမှာဖြစ်ပါတယ်။

ဖျာပုံမြို့နယ်၌ ဂျို၀ါ-ကြံခင်း ချောင်းကူးတံတားဖွင့်

ဖျာပုံ ဇွန် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ဂျို၀ါ-ကြံခင်း ကျေးရွာရှိ ဂျို၀ါ-ကြံခင်း ချောင်းကူးတံတားကို ဇွန် ၂၇ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

တံတားဖွင့်ပွဲသို့ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်၊ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစန်းမောင်၊ ဖျာပုံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် သီရိပျံချီ ဦးစိုးနိုင်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်း၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

အဆိုပါ ဂျို၀ါ-ကြံခင်း ချောင်းကူး တံတားသည် အရှည်ပေ ၂၀၀၊ အကျယ် ၁၂ ပေရှိ ကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး၊ ဖျာပုံမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၁၂၃ ဒသမ ၅၀ သန်း အကုန်ကျခံ၍ မိုးထောင်ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျို၀ါ-ကြံခင်းချောင်းသည် ဖျာပုံမြို့နှင့် ၈ မိုင် ခန့်အကွာ မြို့၏ အနောက်မြောက်ဘက်တွင် တည်ရှိပြီး ဖျာပုံမြို့နယ်အတွင်းရှိ ကံ့ကျိုက်၊ ခနောင် ရှမ်းကွင်း၊ မင်းလှစု၊ ဂျို၀ါ ထလွန်၊ ဂျို၀ါကျောက်ရဲ၊ ကံ့တာရှမ်းကွင်းကျေးရွာများနှင့် ဘိုကလေး မြို့နယ် အတွင်းရှိ ကွန်ပင်၊ မရဲ့ရွာသစ်၊ ရပ်ဆိုင်စသည့် ကျေးရွာအုပ်စု ၁၂ ခုရှိ ကျေးရွာပေါင်း ၄၁ ရွာမှ ဒေသခံပြည်သူ ၃၀၀၀၀ ကျော် အနေဖြင့် ဖျာပုံ-ကျိုက်လတ်- ရန်ကုန်ကားလမ်းပေါ်သို့သွားရန် မဖြစ်မနေ ဖြတ်သန်းရသော ချောင်းတစ်ခုဖြစ်ကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

ဧရာဝတီတံတား(မကွေး) ရေလမ်းကြောင်းများ ပြောင်းလဲသတ်မှတ်

မကွေး ဇွန် ၂၉

ဧရာဝတီအတွင်း ရေများကာလသို့ ရောက်ရှိလာသဖြင့် ဧရာဝတီတံတား(မကွေး)တွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းများကို ဇူလိုင် ၁ ရက်မှစ၍ ပြောင်းလဲမည်ဖြစ်ကြောင်း သိရသည်။

ယခင်က အစုန်လမ်းကို ရေလယ်တိုင် အမှတ်(၁၇) နှင့် (၁၈)ကြားနှင့် အဆန်လမ်းကို ရေလယ်တိုင်အမှတ် (၁၆)နှင့် (၁၇)ကြားသတ်မှတ်ထားရာမှ ဇူလိုင် ၁ ရက်မှစ၍ အစုန်လမ်းကို ရေလယ်တိုင် အမှတ်(၃)နှင့် (၄) အကြားမှလည်းကောင်း၊ အဆန်လမ်းကို ရေလယ်တိုင် အမှတ်(၂)နှင့် (၃) ကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ပြောင်းလဲမည့် ရေလမ်းကင်းလွတ်အကျယ်မှာ ၁၁၀ မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၁၇ မီတာရှိကာ ရေယာဉ်များဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အချိန်တွင် အစိမ်းရောင်တြိဂံအမှတ်အသားနှင့် ညအချိန်တွင် မီးစိမ်းထွန်းပြသထားပြီဖြစ်ပြီး မဝင်ရမည့်ရေလမ်းတွင် နေ့အချိန်တွင် အနီရောင်ကြက်ခြေခတ်အမှတ်အသားနှင့် ညအချိန်တွင် မီးနီထွန်း၍ ပြသထားမည်ဖြစ်သည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်းတိုင်အုတ်ခုံမှာ ရေလယ်တိုင်များတစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် စွန်းထွက်နေသဖြင့် ရေယာဉ်များအနေဖြင့် ရေလယ်တိုင်များကြားတွင် ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်၊ တွဲတွန်းရေယာဉ်များအနေဖြင့် တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်၊ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်ပြီး လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

မြို့သစ်မြို့၌ ယာဉ်မောင်းလိုင်စင်များရရှိရေး ကွင်းဆင်းဆောင်ရွက် လိုင်စင်၊ ယာဉ်နှင့် လမ်းစည်းကမ်းများအကြောင်း အသိပညာပေး

မြို့သစ် ဇွန် ၂၉

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်း၌ ဆိုင်ကယ်စီးနင်းမောင်းနှင်သူ များပြားလာသဖြင့် လိုင်စင်လျှောက်ထားရာတွင် မကွေးမြို့သို့ လာရောက် လျှောက်ထားရသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးသည့်အနေဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးဆောင်သည့် ကညနဝန်ထမ်း ရှစ်ဦးက မြို့သစ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ယာဉ်မောင်းလိုင်စင်လျှောက်ထားသူများအား ဇွန် ၂၇ ရက်က ကွင်းဆင်းစိစစ်ဆောင်ရွက်ပေးပြီး လိုင်စင်အပေါ်ထားရှိအပ်သည့် သဘောထားများနှင့် ယာဉ်၊ လမ်းဆိုင်ရာ စည်းကမ်းများ၊ ဗဟုသုတသိမှတ်ဖွယ်ရာများအကြောင်းကိုလည်း တိုင်းဒေသကြီးဦးစီးဌာနမှူးက အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲနှင့်စပ်လျဉ်း၍ "လိုင်စင်ဆိုတာ စစ်ဆေးတဲ့သူကို ပြဖို့တစ်ခုတည်းမဟုတ်ဘဲနဲ့ စည်းကမ်းတွေကိုသိပြီး သိတဲ့ဟာတွေကိုလည်း လက်တွေ့မောင်းတာရော၊ ရေးဖြေဖြေတာရောသိပြီးလို့ အောင်မြင်လို့ အသိအမှတ်ပြုတဲ့ လိုင်စင်ကတ်ပြားအနေနဲ့ ကိုယ့်မှာရှိတယ်ဆိုတာမျိုး ဖြစ်ဖို့လိုတာပေါ့။ တချို့က ပိုက်ဆံသွင်းတယ်။ မဖြေဘဲနဲ့ လွယ်လွယ်ရ စစ်တဲ့လူကိုပြဖို့ ကတ်ပြားပဲလိုတယ်ဆိုတာမျိုး ဖြစ်နေတာပေါ့။ အဲဒါကို ယာဉ်စည်းကမ်းတွေ သိမှရမယ်။ သိအောင်လုပ်ရမယ်။ သိပြီးရင်လည်း လိုက်နာရမယ်ဆိုတဲ့ အသိရှိအောင် စည်းကမ်းတကျဆောင်ရွက်နေပါတယ်။ ခုကတော့ နှစ်မျိုးနှစ်စား တွေ့နေရတာပေါ့ ။ တချို့က လိုင်စင်မရှိဘူး။ တချို့ကလည်း သင်တန်းတွေတက်ပြီး အောင်မြင်လို့ လိုင်စင်တွေရသွားပေမယ့် စည်းကမ်းမလိုက်နာကြဘူး။ အဲဒါကြောင့်လည်း ယာဉ်တိုက်မှုတွေ မကြာခဏဖြစ်နေရတယ်။ မကွေးတိုင်းဒေသကြီး လူဦးရေ ၃၉သိန်းမှာ လိုင်စင်ကို တရားဝင်သင်တန်းတက်ပြီးလုပ်တာ လူဦးရေ တစ်သိန်းကျော်ပဲရှိတယ်။ အများကြီး လိုသေးတာပေါ့။ လိုင်စင်ရှိဖို့လည်း လိုသေးတယ်။ သိဖို့လည်း လိုသေးတယ်" ဟု မကွေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးသိန်းထွဋ်က ပြောသည်။

လိုင်စင်လျှောက်ထားမှုလက်ခံနေရာသို့ မြို့သစ်မြို့ပေါ်နှင့် ကျေးရွာများမှ ဒေသခံ ၃၅၀ခန့် လာရောက်လျှောက်ထားကြပြီး ဝန်ထမ်းများက လျှောက်လွှာစိစစ်လက်ခံခြင်း၊ အမြင်အာရုံစစ်ဆေးခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်း၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်း၊ ယာဉ်လက်တွေ့မောင်းနှင်မှု ဖြေဆိုခြင်းများကို စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။ မြို့သစ်မြို့သို့ တတိယအကြိမ်မြောက် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း မြို့သစ်မြို့ ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်လိုင်းများကြီးကြပ်ရေး ကော်မတီဝင်တစ်ဦးက ပြောသည်။

မကွေးတိုင်းဒေသကြီး၌ ၂၀၁၄ ခုနှစ်အတွင်း မှတ်ပုံတင်ယာဉ်အစီးရေ ၃၇၅၇၆၉ စီးရှိကာ ယာဉ်တိုက်မှုပေါင်း ၁၁၅၇ မှု ဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှု ၂၄၈၀ မှု၊ သေဆုံးမှု ၂၈၃ မှုရှိခဲ့ကြောင်း၊ ဖြစ်စဉ်အများစုမှာ ယာဉ်မောင်းများ၏ စည်းကမ်းပျက်မှုကြောင့်ဖြစ်ရကြောင်း၊ ယာဉ်အန္တရာယ်ကြောင့် မြန်မာနိုင်ငံတွင် တစ်ရက်လျှင် လူ ၁၁ ဦးခန့်၊ ကမ္ဘာတစ်ဝန်းတွင်တစ်ရက်လျှင် လူ ၃၅၀၀ ခန့်၊ တစ်နာရီတိုင်းတွင် ၁၄၆ ဦးခန့် သေဆုံးနေရကြောင်း ဦးစီးဌာန မှတ်တမ်းများ အရသိရသည်။

ဇေယျာတု(မကွေး)

အင်းတော်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားပြီးနောက် ထပ်မံမဖြစ်ပွားစေရန် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေ

အင်းတော် ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်းရှိ မဲဇာကျေးရွာ၌ ဇွန် ၁၈ ရက်တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှု စတင်တွေ့ရှိပြီးနောက် ထပ်မံဖြစ်ပွားမှုမရှိစေရန် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်လင်းက "ကျွန်တော်တို့ ကျန်းမာရေးဦးစီးဌာနအနေနဲ့ သွေးလွန်တုပ်ကွေးဖြစ်ပွားနေတဲ့ မဲဇာကျေးရွာတစ်ခုလုံးမှာ ထပ်မံမဖြစ်ပွားစေဖို့ ကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ ခြင်အန္တရာယ်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းတွေကို ဇွန် ၂၇ ရက်မှာ အိမ်ခြေ ၂၀၀ ခန့်နဲ့ ဇွန် ၂၈ ရက်မှာ အိမ်ခြေ ၄၀၀ ခန့်မှာ ခြင်ဆေးဖျန်းခြင်းတွေ ဆောင်ရွက်ထားပါတယ်"ဟု ပြောသည်။

မဲဇာကျေးရွာ၌ သွေးလွန်တုပ်ကွေးဖြစ်ပွားပြီးနောက် ရောဂါတားဆီးနှိမ်နင်းရေးနှင့် ထပ်မံမဖြစ်ပွားမှုမရှိစေရန်အတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတင်မြင့်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတို့က ဦးဆောင်ပြီး နယ်မြေခံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်းပြီး ခြင်ဆေးဖျန်းခြင်းနှင့် ရေတွင်းရေကန်များတွင် အဘိတ်ဆေးခတ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ကိုနိုင်(အင်းတော်)

လွိုင်လင်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့် မြို့နယ်ကော်မတီများ၊ ဒေသခံပြည်သူများ တွေ့ဆုံ

လွိုင်လင် ဇွန် ၂၉

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်ဝန်ကြီးများက မြို့နယ်များမှ ကော်မတီသုံးရပ်နှင့် ဒေသခံပြည်သူများအား တွေ့ဆုံပွဲကို ကွန်ပျူတာတက္ကသိုလ် (ပင်လုံ) Presentation Hall ခန်းမ၌ ဇွန် ၂၆ ရက်က ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားပြီး လွိုင်လင်ခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ အထောက်အကူပြုကော်မတီဥက္ကဋ္ဌများ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများက လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် လွိုင်လင်ခရိုင်အတွင်းရှိ လွိုင်လင်၊ နမ့်စန်၊ ကွန်ဟိန်း၊ လဲချား၊ မိုင်းကိုင်၊ ကျေးသီးနှင့် မိုင်းရှူးမြို့နယ်များတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တစ်မြို့နယ်လျှင် ထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀ စီကို ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူက မြို့နယ်များမှ အထောက်အကူပြုကော်မတီဥက္ကဋ္ဌများထံ သို့လည်းကောင်း၊ မြို့နယ်များ၏ အခြေခံပညာကျောင်းများအတွက် တစ်မြို့နယ်လျှင် ဗလာစာအုပ် ဒါဇင် ၆၀၀ စီကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက မြို့နယ်ပညာရေးမှူးများထံ သို့လည်းကောင်း၊ လွိုင်လင်ခရိုင်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအတွက် အလှူငွေကျပ်သိန်း ၆၀ ကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းက ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်ထံသို့ လည်းကောင်း ပေးအပ်ခဲ့သည်။

မိုးလွင်ဦး(လွိုင်လင်)

တရားမဝင်မြေဩဇာများ ဝင်ရောက်နေမှု ကြပ်မတ်ပေးစေလို

ကသာ ဇွန် ၂၉

ကသာခရိုင် ကသာမြို့နယ်တွင် မြန်မာစာတန်းမပါသော တရားမဝင်လယ်ယာသုံးမြေဩဇာများ ရေလမ်းကြောင်းမှဝင်ရောက်နေမှုကို ကြပ်မတ်စစ်ဆေးပေးစေလိုကြောင်း ဒေသခံတောင်သူများက ပြောကြားသည်။

ကသာမြို့နယ်အတွင်း လယ်ယာလုပ်ငန်းများတွင် သီးနှံများထွက်နှုန်းကောင်းမွန်ရေးအတွက် ဓာတ်မြေဩဇာအမျိုးမျိုးကို အသုံးပြုကြသည်။ လယ်ယာလုပ်ငန်းများတွင် မျိုးကောင်းမျိုးသန့်များကို အသုံးပြုစိုက်ပျိုးကြသော်လည်း ဓာတ်မြေဩဇာများ အမျိုးအစားမကောင်းခြင်းကြောင့် သီးနှံပင်များ ဖြစ်ထွန်းမှုကျဆင်းလာလျက်ရှိကြောင်း သိရသည်။

"ဝင်ရောက်ဖြန့်ချိရောင်းချနေတဲ့ မြေဆီအချို့မှာ မြန်မာစာတန်းမပါတာတွေ့ရသလို မြန်မာစာတန်းပါပေမယ့်လည်း ကုန်တင်အမှတ်တံဆိပ်က သက်တန်းလွန်နေတာကြောင့် ကောင်းမွန်မှုမရှိဘူး။ ကျွန်တော်တို့က စာတတ်မြောက်မှုအားနည်းတဲ့အတွက် အတုအပဆိုတာမသိတော့ ဝယ်ယူသုံးစွဲကြတယ်။ သီးနှံမဖြစ်ထွန်းတော့ တတ်သိနားလည်သူကိုမေးမြန်းကြည့်မှ ဘယ်လိုတံဆိပ်ဟာ မှတ်ပုံတင်ရှိတယ်၊ ဘယ်လိုတံဆိပ်ဟာ မှတ်ပုံတင်မရှိဘူး၊ ဝယ်ယူသုံးစွဲမှုမပြုရဘူး၊ အတုအပတွေ ဖြစ်တယ်ဆိုတာ သိရတဲ့အတွက် သက်ဆိုင်ရာဌာနများက ကြပ်မတ်စစ်ဆေးပေးစေချင်ပါတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

မြန်မာစာတန်းပါဝင်ခြင်းမရှိသော တားမြစ်မြေဩဇာများ ကသာမြို့နယ်သို့ ဝင်ရောက်မှုမရှိစေရန်အတွက် ဧရာဝတီမြစ်ကမ်း ကုန်တင်ကုန်ချဆိပ်ကမ်းများသို့ လိုက်လံကြည့်ရှုစစ်ဆေးပြီး နမူနာများယူ၍သိမ်းဆည်းခြင်း၊ ဓာတုဗေဒစစ်ဆေးရေးသို့ပို့၍ သုံးသပ်ချက်တောင်းခံထားရှိခြင်းနှင့် လယ်ယာလုပ်ငန်းများကို ထိခိုက်မှုမရှိစေရန် မှတ်ပုံတင်ထားခြင်းမရှိသည့် မြေဩဇာများတင်သွင်းခြင်းမပြုရန်အသိပေးကြေညာခြင်းများကို လမ်းညွှန်ချက်အရ ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ စစ်ဆေးတွေ့ရှိပါက မည်သူမဆို ထောင်ဒဏ် သုံးနှစ်သို့မဟုတ် ငွေဒဏ်ကျပ် ၁၀ သိန်းနှင့် မည်သူမဆို ဓာတ်မြေဩဇာကို စိုက်ပျိုးရေးလုပ်ငန်းမှလွဲ၍ အခြားသွယ်ဝိုက်သောနည်းလမ်းများဖြင့်သုံးစွဲနေပါက ထောင်ဒဏ်တစ်နှစ်သို့မဟုတ် ဒဏ်ငွေကျပ်ငါးသိန်းကို တရားဥပဒေနှင့်အညီ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားမဝင်ဖြန့်ချိသူများ သိနိုင်ရန် လက်ကမ်းစာစောင်ဝေငှခြင်း၊ ကုန်တင်ကုန်ချအများဆုံး ပြုလုပ်ရာ နေရာများတွင် ပိုစတာများ စိုက်ထူအသိပေးခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ဆက်ပြောသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ရေးအတွက် နိုင်ငံတော်က ချေးငွေများထုတ်ချေးပေးလျက်ရှိရာ တောင်သူများအနေဖြင့် သမဝါယမချေးငွေများ၊ မိုးနှင့် ဆောင်းသီးနှံများအတွက် ချေးငွေများကိုရယူ၍ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းကာ သီးနှံအထွက်တိုးရန်အတွက် မြေဩဇာကောင်းမွန်သန့်ရှင်းရေးသည် အရေးကြီးသဖြင့် ရောင်းချနေသောမြေဩဇာများကို တရားဝင်မှတ်ပုံတင်ထားသည့် မြေဩဇာများဖြစ်အောင် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်း၍ ကြပ်မတ်ပေးခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ပြီး ချေးငွေများကိုလည်း ပြန်လည်ပေးဆပ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တရားမဝင်မြေဩဇာများ ရောင်းချနေမှုမရှိအောင် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ပေးစေလိုကြောင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းရှင်တစ်ဦးက အကြံပြုသုံးသပ်ပြောကြားသည်။

ငွေအိုး(ကသာ)

ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်

တောင်တွင်းကြီး ဇွန် ၂၉

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဆူးကောက်ကြီးအုပ်စု ညောင်ကုန်းကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း(ခွဲ)ကို အခြေခံပညာ မူလတန်းကျောင်းအဖြစ် ဇွန် ၂၈ ရက်က အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။

ကျောင်းဖွင့်ပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစောဝင်းမောင်က ပညာရေးကဏ္ဍတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကာ ဒုတိယဝန်ကြီး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်း၊ လက်ထောက်ပညာရေးမှူး ဦးလှမြင့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က မူလတန်းကျောင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် ကျောင်းအဆင့်တိုးမြှင့်ခြင်း အထိမ်းအမှတ်အလံများကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။ ကျောင်းဖွင့်လှစ်နိုင်သဖြင့် ဒေသတွင်း မှကလေးများ မူလတန်းပညာသင်ကြားရေးအတွက် ပိုမိုလွယ်ကူအဆင်ပြေလာမည်ဖြစ်သည်။

နိုင်ဝင်း

လှိုင်းဘွဲ့မြို့နယ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

ဘားအံ ဇွန် ၂၉

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်တွင် ရေကြီးမှုကြောင့် ရေဘေးကယ်ဆယ်ရေးစခန်းများတွင် နေထိုင်နေရသော မိသားစုဝင်များအား ကရင်ပြည်နယ် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက စားသောက်ဖွယ်ရာများကို ဇွန် ၂၇ ရက်တွင် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ရေဘေးကယ်ဆယ်ရေးစခန်းများမှ မိသားစုများ စားသောက်ရေးအဆင်ပြေစေရန်အတွက် တစ်ဦးလျှင် တစ်ရက်စာ ကြက်ဥနှစ်လုံး၊ ခေါက်ဆွဲနှစ်ထုပ်နှင့် ရေသန့်တစ်ဘူးနှုန်းဖြင့် သုံးရက်စာအတွက် ကြက်ဥ ၂၃၃၄ လုံး၊ မာမားခေါက်ဆွဲထုပ် ၂၃၃၄ ထုပ်၊ ရေသန့်၊ အအေးနှင့် မုန့်များကို ဘားအံခရိုင်အုပ်ချုပ်ရေးမှူး၊ ကရင်ပြည်နယ် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး၊ လှိုင်းဘွဲ့မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများကလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ်တွင် ဇွန် ၂၁ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေကျရောက်မှုကြောင့် လှိုင်းဘွဲ့ချောင်းရေမြင့်တက်ကာ မြို့အနိမ့်ပိုင်းရပ်ကွက်များတွင် ဇွန် ၂၅ ရက်မှစ၍ ရေကြီးမှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ရေကြီးနစ်မြုပ်ခဲ့သော(က)ရပ်ကွက်၊ (ဂ)ရပ်ကွက်နှင့် မြို့မဈေးများမှ ဒေသခံပြည်သူများအတွက် ယာယီကယ်ဆယ်ရေးစခန်းများအဖြစ် ရေကင်းလွတ်သော စာသင်ကျောင်းများသို့ ချက်ချင်းပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရသည်။ (က)ရပ်ကွက်ရှိ အမှတ်(၆) အခြေခံပညာမူလတန်းကျောင်းသို့ အိမ်ထောင်စု ၁၅ စု၊ လူဦးရေ ၈၂ ဦး၊ (က)ရပ်ကွက် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းသို့ အိမ်ထောင်စု ခုနစ်စု၊ လူဦးရေ ၄၁ ဦး၊ (ခ)ရပ်ကွက်ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းသို့ အိမ်ထောင်စု ၂၂ စု၊ လူဦးရေ ၁၂၃ ဦး၊ (က)ရပ်ကွက် အစ္စလာမ်ဘာသာရေးကျောင်းသို့ အိမ်ထောင်စု ၃၀ ၊ လူဦးရေ ၁၅၂ ဦး စုစုပေါင်း အိမ်ထောင်စု ၇၄ စု၊ လူဦးရေ၃၉၈ ဦးကို ဇွန် ၂၅ ရက် ညနေပိုင်းက ရွှေ့ပြောင်းပေးထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မစိန်-ဆည်ကြီးကျေးရွာချင်းဆက်လမ်းပေါ်၌ ဘေလီတံတားသစ် တည်ဆောက်ပြီးစီး

ကလေးဝ ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် မစိန်-ဆည်ကြီးကျေးရွာချင်းဆက်လမ်းပေါ်ရှိ မစိန်ချောင်းကူးတံတားကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပြည်ထောင်စုရန်ပုံငွေကျပ် သိန်း ၂၅၀၀ ဖြင့် အရှည် ၂၆၀ ပေ၊ အကျယ် ၁၁ ပေရှိ ဘေလီတံတားအမျိုးအစားအဖြစ် တော်ဝင်လင်းကုမ္ပဏီက တည်ဆောက်ခဲ့ရာ ဇွန် ၂၆ ရက်တွင် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

တံတားဆောက်လုပ်ပြီးစီးခြင်းကြောင့် မစိန်ကျေးရွာကိုအဓိကထား၍ ဆက်သွယ်သွားလာနေကြသော ကျေးရွာအုပ်စု ၁၂ အုပ်စုမှ ကျေးရွာပေါင်း ၅၆ ရွာရှိ ကျေးလက်နေပြည်သူများအတွက် ဆက်သွယ်သွားလာရေးနှင့် ဒေသထွက်ကုန်စည်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် များစွာလွယ်ကူချောမွေ့လာတော့မည်ဖြစ်ကြောင်း သိရသည်။

တည်ဆောက်ပြီးစီးသောတံတားကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ခရိုင်လမ်းဦးစီးဌာနမှ ခရိုင်အင်ဂျင်နီယာမှူး ဦးသန့်ဇင်ထိုက်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လွင်တို့က ဇွန် ၂၆ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဂျူနိုင်း

အမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ကျွန်းပင် ၁၀၀၀ စုပေါင်းစိုက်ပျိုး

ဆားလင်းကြီး ဇွန် ၂၉

ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ကျွန်းပင် ၁၀၀၀ စိုက်ပျိုးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ကုန်းပိုင်းကျေးရွာအနီး ဆားလင်းကြီး-လည်ငေါက်ကားလမ်းဘေးဝဲ/ယာ၌ ဇွန် ၂၇ ရက်က ကျင်းပခဲ့သည်။

စုပေါင်းကျွန်းပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မညိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးသိန်းကြိုင်နှင့် သစ်တောဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းမှ ဆရာမများနှင့် သင်တန်းသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ဦးငယ်(ဆားလင်းကြီး)

ပြဒါးလင်းဂူ နံရံပန်းချီများ

မောင်သာ(ရှေးဟောင်းသုတေသန)

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်ရှိ ပြဒါးလင်းဂူ၏ အနောက်တောင်ဘက် ခုနစ်မိုင်အကွာတွင်ရှိသော ကျောက်တုံးကြီးတစ်ခု၏ အမိုးမျက်နှာကြက်ပုံစံဖြစ်နေသောနေရာ၌ ကျောက်ခေတ်လူသားများ ရေးဆွဲထားသည်ဟုယူဆဖွယ်ရှိသည့် ဆေးရေးအရုပ်များကို မြစ်သားမြို့နယ် မိုင်းမောကျေးရွာအုပ်စု တောတွင်းရွာမှ ဦးဝင်းဗိုလ်က တွေ့ရှိခဲ့သဖြင့် သက်ဆိုင်ရာသို့ သတင်းပေးပို့ခဲ့သည်။ ယင်းသတင်းသည် အင်တာနက် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ပျံ့နှံ့ခဲ့သည်။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်နှင့်အဖွဲ့သည် ၂၀၁၅ ခုနှစ် မေလ ၂၇ ရက်တွင် ထိုနေရာသို့ ရှေ့ပြေးကွင်းဆင်းခဲ့ကြပြီးနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူကိုယ်တိုင် အသစ်တွေ့ရှိခဲ့သော ယင်းနေရာရှိ ကျောက်ခေတ်နံရံပန်းချီများကို ဇွန်လ ၆ ရက်နေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကျောက်ခေတ်ကာလ၌ မြန်မာနိုင်ငံအတွင်း လူသားများနေထိုင်ခဲ့သည့် အထောက်အထားများကို ဖော်ထုတ်ပေးနိုင်ခဲ့သည့် ပြဒါးလင်းဂူကို ၁၉၆၉ ခုနှစ်တွင် တွေ့ရှိခဲ့ပြီး နှစ်ပေါင်း ၄၆ နှစ်ကျော်အကြာ ၂၀၁၅ ခုနှစ်တွင် ကျောက်ခေတ်နံရံဆေးရေးပန်းချီများဟု ယူဆရဖွယ်ရှိသည့် ရုပ်ပုံများကို ထပ်မံတွေ့ရှိရခြင်းကြောင့် မြန်မာတို့၏ကျောက်ခေတ် လူနေမှုပုံရိပ်များကို ပိုမိုဖော်ထုတ်နိုင်မည်ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ရှေးဦးကျောက်ခေတ်လူသားများနေထိုင်ခဲ့သည့် ပြဒါးလင်းဂူအား ရှေးဟောင်းသုတေသန မနုဿဗေဒနှင့် ဘူမိဗေဒပညာရှင်များ၏ လေ့လာဖော်ထုတ်နိုင်ခဲ့မှုများကြောင့် မြန်မာတို့၏ ကျောက်ခေတ်လူနေမှုတစ်စိတ်တစ်ပိုင်းကို သိမြင်နိုင်ခဲ့ကြသည်။ ပြဒါးလင်းလိုဏ်ဂူသည် ရှေးဟောင်းသုတေသန၊ သမိုင်း၊ မနုဿဗေဒ၊ ဘူမိဗေဒ၊ သတ္တဗေဒပညာရပ်များကို လေ့လာကြသူများ အထူးစိတ်ဝင်စားစွာ သုတေသနပြုကြသည့် မြန်မာ့ကျောက်ခေတ်ယဉ်ကျေးမှု၏ ခိုင်မာသောအထောက်အထားတစ်ခု ဖြစ်သည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံတက္ကသိုလ်များတွင် ရှေးဟောင်းသုတေသန၊ မနုဿဗေဒ၊ သမိုင်းနှင့် ဘူမိဗေဒပညာရပ်များကို သင်ယူနေကြသည့် ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းသားများသည် ပြဒါးလင်းဂူအကြောင်းကို သင်ယူကြရပေသည်။

ပြဒါးလင်းဂူသည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွာငံမြို့၏ အနောက်ယွန်းယွန်း ၁၀ မိုင်ခန့်အကွာ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၆ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၈ မိနစ်တွင် တည်ရှိသည်။ ညောင်ချပ်ရွာမှ အရှေ့မြောက်ဘက်သို့ လေးမိုင်နှင့် ရေဘုတ်ရွာဟောင်းမှ အနောက်ဘက်သို့ တစ်မိုင်ကျော် ကွာဝေးသည်။ လိုဏ်ဂူ၏ အရှေ့ဘက် လေးဖာလုံတွင် ရေဘုတ်ရွာပျက်၊ အနောက်တည့်တည့် နှစ်မိုင်လေးဖာလုံတွင် ပန်းလောင်ချောင်း၊ အနောက်တောင်ဘက်သုံးမိုင်ကျော်တွင် တောင်ပုံရွာနှင့် အနောက်မြောက်ယွန်းယွန်းတွင် နေရောင်ကာရွာတို့ တည်ရှိသည်။

လိုဏ်ဂူတည်ရှိရာနေရာသည် အနည်းငယ်ပြေပြစ်သော တောင်ကုန်းဆင်ခြေလျှောတစ်ခုဖြစ်ပြီး လိုဏ်ဂူပတ်ပတ်လည်တွင် သစ်ပင်များ ထူထပ်စွာပေါက်ရောက်နေသည့် တောင်ကုန်းများရှိသည်။ အချို့နေရာများကို မြင့်မားမတ်စောက်သော တောင်ကုန်းများက ဝန်းရံထားသည်။ ပြဒါးလင်းဂူ၏ တောင်ဘက်တွင် ၁၆၀၇ ပေမြင့်သော ရွှေတောင်ရှိပြီး အရှေ့ဘက် တစ်မိုင်မှအစပြု၍ ၄၆၈၆ ပေ မြင့်သော နွားလည်ဘို့တောင်တန်းကြီးသည် အရှေ့တောင်ဘက်သို့ သွယ်တန်းလျက်ရှိနေသည်။

ပြဒါးလင်းလိုဏ်ဂူကို ၁၉၆၀ ပြည့်နှစ်က ဘူမိဗေဒပညာရှင်တစ်ဦးဖြစ်သော ဦးခင်မောင်ကျော်က စတင်တွေ့ရှိခဲ့ပြီး ၁၉၆၉ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် ထိုစဉ်က ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန် ဦးအောင်သော် ခေါင်းဆောင်သော ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာန၊ သတ္တဗေဒဌာန၊ ဘူမိဗေဒဌာနနှင့် မြန်မာ့သမိုင်းကော်မရှင်မှ ပညာရှင်များ ပါဝင်သောအဖွဲ့က စနစ်တကျ စူးစမ်းရှာဖွေ စစ်ဆေးမှုများပြုလုပ်ခဲ့သည်။ ဦးအောင်သော်သည် ပြဒါးလင်းဂူ စူးစမ်းလေ့လာခဲ့မှုများကို ၁၉၆၉ ခုနှစ် ဇွန်လထုတ် မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ် (JBRS) တွင် "THE NEOLITHIC CULTURE OF THE PADAHLIN CAVES" ခေါင်းစဉ်ဖြင့် အသေးစိတ်ရေးသားခဲ့သည်။

ပြဒါးလင်းဂူသည် ပုတတ်တစ်ကောင်မတ်တတ်ရပ်နေသည့် ပုံသဏ္ဌာန်နှင့် တူနေသောကြောင့် သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ပုတတ်လိုဏ်ဟု ခေါ်ဆိုခဲ့ကြောင်း ရန်ကုန်တက္ကသိုလ်တွင် ဖွင့်လှစ်လျက်ရှိသည့် မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဘွဲ့လွန်ဒီပလိုမာသင်တန်းတွင် အငြိမ်းစား သမိုင်းပါမောက္ခဆရာကြီး ဒေါက်တာကျော်ဝင်းက သင်ကြားပို့ချခဲ့သည်။

ပြဒါးလင်းဂူသည် ပင်လယ်ရေမျက်နှာပြင် အထက် ပေ ၁၀၅၀ အမြင့်တွင် တည်ရှိနေပြီး ဂူပေါက်များသည် မြေပြင် မှ ပေ ၅၀ မှ ပေ ၇၀ အထိ မြင့်သော တောင်ကမ်းပါးယံတွင် တောင်ဘက်သို့ မျက်နှာမူနေကြသည်။ ပြဒါးလင်းဂူတွင် အနောက်ဘက်ဂူနှင့် အရှေ့ဘက်ဂူဟူ၍ ဂူနှစ်ဂူရှိပြီး အားလုံးသည်ထုံးကျောက်ဂူများဖြစ်ကြကာ အနောက်ဘက်လိုဏ်ဂူအတွင်းဝယ် ကျောက်စက်ပန်းဆွဲနှင့် ကျောက်စက်မိုးမျှော်များရှိသည်။ လိုဏ်ဂူအမှတ်(၂)ဟု သတ်မှတ်ထားသော အနောက်ဘက်လိုဏ်ဂူသည် ကျယ်ဝန်းသောဂူကြီး ကိုးလုံးစီတန်းနေသည့် ဂူတန်းတစ်ခုဖြစ်ကာ တစ်ခုနှင့်တစ်ခု ကျဉ်းမြောင်းသော ဂူငယ်များဖြင့် ဆက်နေသည်။ ယင်းလိုဏ်ဂူ အမှတ် (၂)သည် ပေ ၈၀၀ ကျော် ရှည်လျားပြီး ဂူတစ်လျှောက်မှောင်မိုက် စွတ်စိုနေသည့်အပြင် လူများနေထိုင်ခဲ့သည့် အထောက်အထားများကို မတွေ့ရှိခဲ့ရချေ။

အရှေ့ဘက်ဂူသည် အနောက်ဘက်ဂူမှ ကိုက် ၂၀၀ ခန့် ကွာဝေးပြီး အလင်းရောင်နှင့် လေကောင်းလေသန့် ကောင်းစွာရရှိသည်။ ဂူနံရံသည် အလယ်တွင် ရှေ့သို့စွန်းထွက်နေသဖြင့် နှစ်ပိုင်းကန့်ထားသကဲ့သို့ဖြစ်နေသည်။ ယင်းအရှေ့ဘက်ဂူကို လိုဏ်ဂူအမှတ်(၁)ဟု သတ်မှတ်ထားသည်။ ဂူကြမ်းပြင်မှ ပေ ၁၀၊ ၁၂ ပေခန့်မြင့်သော ဂူနံရံပေါ်တွင် မြေနီခဲဖြင့် ရေးဆွဲထားသည့် နီညိုရောင်ပန်းချီရုပ်ပုံ ၁၂ ပုံကို တွေ့မြင်နိုင်သည်။ ဆေးရောင်ပျက်နေသော ရုပ်ပုံများရှိသေးသော်လည်း ရုပ်ပုံ ၁၂ ခု ကိုသာ ပုံဖော်နိုင်သည်။ ယင်းရုပ်ပုံများမှာ လက်ဝါးပုံနှစ်ခု၊ နေပုံတစ်ခု၊ ငါးပုံ တစ်ခုနှင့် တိရစ္ဆာန်ပုံ ရှစ်ခုတို့ဖြစ်ကြသည်။ ပုံများကို တစ်ကြောင်းမျဉ်း ရေးဆွဲထားပြီး ဆေးအနီရောင်သွင်းထားသည်။ ပြဒါးလင်းဂူတွင် တွေ့ရှိရသော နံရံပန်းချီရုပ်များသည် ပြင်သစ်နိုင်ငံတောင်ပိုင်းနှင့် စပိန်နိုင်ငံမြောက်ပိုင်းတို့တွင် တွေ့ရှိခဲ့ရသော ကျောက်ခေတ်ဂူနံရံပန်းချီပုံများနှင့် များစွာတူညီနေကြောင်း တွေ့ရှိရပေသည်။

လိုဏ်ဂူအမှတ်(၁)အတွင်းမှ ကျောက်လက်နက်များ၊ မီးသွေးစများ၊ တိရစ္ဆာန်အရိုးစများ၊ အိုးစအိုးနများအပါအဝင် ပစ္စည်းပေါင်း ၁၆၀၀ ကျော် တူးဖော်ရရှိခဲ့သည်။ ဂူအလယ်မှတွေ့ရှိခဲ့သော အရိုးစများကို နယူးဇီလန်တက္ကသိုလ်တွင် ကာဗွန်ဓာတ်ခွဲနည်းဖြင့် သက်တမ်းတွက်ချက်ကြည့်သောအခါ လွန်ခဲ့သောနှစ်ပေါင်း ၁၂၀၀၀ ခန့်က ကြွင်းကျန်ခဲ့သော ပစ္စည်းများဟု အဖြေထွက်ခဲ့သည်။ ဂူအလယ်တွင်ရှိနေသော ပြာပုံသည် အမြင့် လေးပေခန့်ရှိသဖြင့် လူသားများ ပြဒါးလင်းဂူအတွင်း စဉ်ဆက်မပြတ် နေထိုင်ခဲ့ကြောင်း ဖော်ညွှန်းနေပေသည်။ ဂူအတွင်း အမှိုက်ပုံနေရာမှ တွေ့ရှိရသော မီးသွေးစများ၊ အိုးကွဲစများနှင့် ခရုခွံများ၏ သက်တမ်းသည် လွန်ခဲ့သော နှစ် ၁၁၀၀၀ မှ ၆၅၇၀ အတွင်းဖြစ်ကြောင်း အဖြေရရှိခဲ့သည်။ ထို့ကြောင့် ပြဒါးလင်းဂူ ကျောက်ခေတ်ယဉ်ကျေးမှုသည် လွန်ခဲ့သော နှစ်ပေါင်း ၁၂၀၀၀ မှ ၄၀၀၀ အတွင်းဖြစ်နိုင်ကြောင်း ပညာရှင်များက တွက်ချက်ခဲ့ကြသည်။

စာမျက်နှာ ၂၃ သို့

ရေဆင်းဆည် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုး

နေပြည်တော် ဇွန် ၂၉

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ဆည်မြောင်းဦးစီးဌာနနှင့် ဝန်ထမ်းမိသားစုများ စုပေါင်း၍ မိုးရာသီ သစ်ပင်စိုက်ပျိုးခြင်းအား ဇွန် ၂၇ ရက် နံနက် ၈နာရီက ရေဆင်းဆည် အနီးတွင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း၊ ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ နှင့် ဝန်ထမ်းများက ကျွန်း ပင်၂၅၀ ၊ မယ်ဇလီပင် ၃၅၀ ၊ ယင်းမာပင် ၁၀၀၊ ခရေပင် ၁၀၀၊ တမာပင် ၁၅၀၊ ကုက္ကို ၅၀ စုစုပေါင်း အပင် ၁၀၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မင်းမင်းလတ် (ရုပဗေဒ)

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

မိုးရာသီသစ်ပင်စိုက်ပျိုးရန် သစ်တောဦးစီးဌာနမှ ပျိုးပင်များ ဖြန့်ဝေ

နေပြည်တော် ဇွန် ၂၉

၂၀၁၅ ခုနှစ် မိုးရာသီကာလအတွင်း လူထုလှုပ်ရှားမှုတစ်ရပ်အသွင်ဖြင့် တစ်နိုင်ငံလုံး သစ်ပင်စိုက်ပျိုးပွဲတော်များ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနများက ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးရန် ပျိုးပင်များ အခမဲ့ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။ သစ်ပင်များစိုက်ပျိုးရန် လိုအပ်သည့်ပျိုးပင်များကို တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ ခရိုင်/မြို့နယ် သစ်တောဦးစီးဌာနများ၌ အခမဲ့ ထုတ်ယူနိုင်ကြောင်း သိရသည်။

မမိုးသဲ

ပုသိမ်ကြီးမြို့၌ နွေစပါးများ လှိုင်လှိုင်ပေါ် စပါးဈေးကောင်း

ပုသိမ်ကြီး ဇွန် ၂၉

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း နွေစပါးဧက ၂၃၄၀၀ နှင့် ပုလဲသွယ်စပါးဧက ၅၆၀၀ စိုက်ပျိုးထားရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး နွေစပါးများ လှိုင်လှိုင်ပေါ်၍ ဈေးကောင်းလျက်ရှိသည်။ ထူးခြားသည်မှာ မေလပထမပတ်တွင် မိုးရေချိန် ခြောက်လက်မခန့်အထိ ရွာသွန်းခဲ့ခြင်းကြောင့် နွေစပါးများ နှံပါပင်ပွားများ အားကောင်းပြီး စပါးများအထွက်ကောင်းလျက်ရှိသည်။

ပုသိမ်ကြီးမြို့နယ် ဆင်ရွာကြီးကွင်း၌ စိုက်ပျိုးထားရှိသော ရွှေသွယ်ရင် နွေစပါးများ ဆက်တိုက်ရိတ်သိမ်းလျက်ရှိရာ တောင်သူများသည် ကုန်ထုတ်လမ်းများပေါ်၌ ခြွေလှေ့စက်များဖြင့် အသုံးပြုနေရာ တစ်ဧကလျှင် တင်း ၁၀၀ ကျော်ထွက်ရှိသည်။

စပါးဝယ်ယူသောကုန်သည်များကလည်း လယ်ကွင်းထဲအထိ ဆင်းဝယ်ယူလျက်ရှိရာ စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၄၃၀၀၀၀ ရှိရာ တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ရေကြီး ရေလျှံဘေးမှ မိုးစပါးစိုက်ဧက ၁၀၀၀၀ ကျော် ကင်းဝေး

ဖြူး ဇွန် ၂၉

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းရှိ ညောင်ပင်သာဒေသနှင့် ကညွှတ်ကွင်းဒေသတို့မှ ကျေးရွာအုပ်စုများ၌ မိုးစပါးစိုက်ဧက တစ်သောင်းကျော်တို့မှာ နှစ်စဉ်လိုပင် ရိတ်သိမ်းချိန်နီးသောအခါ၌ ချောင်းကောမြောင်းကောများနှင့် စစ်တောင်းမြစ်တို့မှ မြစ်ရေများ ရေကြီးရေလျှံ ဖြစ်ပွားခဲ့သဖြင့် မိုးစပါးစိုက်ခင်းအများအပြား ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့ကြရသည်။

ထို့ကြောင့် ရေကြီးရေလျှံဘေးမှ ကင်းဝေးရေးနှင့် သီးနှံများပျက်စီးဆုံးရှုံးမှု မရှိစေရေးတို့အတွက် ဆည်မြောင်းဦးစီးဌာနက ယခုနှစ်နှစ်ဦးပိုင်းမှစ၍ ချောင်းကော၊ မြောင်းကော၊ အင်းကောများကို မြေတူးစက် ၃၀ ကျော်၊ မြေဖို့စက် ငါးစီးတို့ဖြင့် မြေတူးမြေဖို့ခြင်း၊ စစ်တောင်းမြစ်ရေ တာတမံမြေဖို့ခြင်း လုပ်ငန်းများကို စက်အင်အား၊ လူအင်အားများဖြင့် ဆောင်ရွက်ခဲ့ရာ ယခုမိုးဦးမကျခင် လုပ်ငန်းများ ရာခိုင်နှုန်းပြည့် အောင်မြင်စွာပြီးစီးသွားပြီဖြစ်သည်။ ထို့ကြောင့် ကျီးရိုးအုပ်စု၊ အင်ပင်သာအုပ်စု၊ ကညင်ဒိုင်းအုပ်စု၊ ဇီးခုံအုပ်စု၊ သပြေလဟာအုပ်စု၊ မိဿလင်ကျေးရွာ အုပ်စုအတွင်းရှိ လယ်မြေဧက ၁၉၀၀၊ ငမြစ်ချင်း၊ ဘုရားလဟာ၊ ခင်ကြီး၊ သပြေလဟာ၊ မြပဲခူး၊ လက်တက်ကြီး၊ ငတိုးခင်နှင့် ကင်မွန်းခြုံ ကျေးရွာအုပ်စုများအတွင်းရှိ လယ်မြေဧက ၄၅၀၀၊ ကညင်ဒိုင်းကျေးရွာအုပ်စု၊ မိဿလင်နှင့် သပြေလဟာကျေးရွာအုပ်စု များမှ လယ်မြေဧက ၅၀၀၀ စုစုပေါင်း လယ်မြေဧက တစ်သောင်းကျော်တို့သည် ဆည်မြောင်းဦးစီးဌာန၏ ကြိုးစားဆောင်ရွက်ပေးခဲ့မှုကြောင့် ယခုနှစ်မိုးရာသီမှစ၍ ရေကြီးရေလျှံရေနစ်မြုပ်ခြင်းဘေးဒဏ်မှ ကင်းဝေးကြတော့မည်ဖြစ်ကြောင်း သိရသည်။

ဖြူး-မြင့်ဦး

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ပညာပေး

တီးတိန် ဇွန် ၂၉

ချင်းပြည်နယ် တီးတိန်မြို့တွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ မူလတန်းကြိုကျောင်း၌ ဇွန်စတုတ္ထပတ်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ဆေးရုံမှ သမားတော် ဒေါက်တာသက်ထွန်းက ကလေးမိဘများအား သွေးလွန်တုပ်ကွေးရောဂါဆိုင်ရာ အကြောင်း သိကောင်းစရာများနှင့် မြို့နယ် သူနာပြုဦးစီးအရာရှိက ကလေးသူငယ်များ တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်း ဟောပြောခဲ့ကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိသုံးစွဲနိုင်ရေး ထရန်စဖော်မာ တိုးချဲ့တပ်ဆင်

စဉ့်ကူ ဇွန် ၂၉

မန္တလေးတိုင်းဒေသကြီး မန္တလေးလျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင် စဉ့်ကူးမြို့ဓာတ်အားခွဲရုံမှ စဉ့်ကူးမြို့သစ် (၂) ရပ်ကွက်ရှိ ပြည်သူများအား လျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဝစွာ ရရှိသုံးစွဲနိုင်ရေးအတွက် ဇွန် ၂၆ ရက်က 200 KVA ထရန်စဖော်မာအသစ်တစ်လုံး တိုးချဲ့တပ်ဆင်ဆောင်ရွက်ပြီးခဲ့ကြောင်း သိရသည်။

စဉ့်ကူးမြို့သစ် (၂) ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၂၀၀ ခန့်သည် ယခင်က 315 KVA ထရန်စဖော်မာတစ်လုံးတည်းဖြင့် ဓာတ်အား လုံလောက်မှု မရှိဘဲ ရပ်ကွက်အတွင်း မျှတစွာသုံးစွဲနေရပြီး ဓာတ်အားပြည့်ဝစွာရရှိရေး လိုအပ်လျက်ရှိရာ ယခုအခါ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ပိုလျှံရန်ပုံငွေကျပ် သိန်း ၆၀ နှင့် မန္တလေးမြို့လျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်းနှင့် New Ever Light ကုမ္ပဏီတို့၏ ပူးပေါင်းဖြည့်စွက်ရန်ပုံငွေကျပ် သိန်း ၃၀ တို့ဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၉၀ အကုန်အကျခံဆောင်ရွက်ခဲ့မှုတို့ကြောင့် ရပ်ကွက်နေပြည်သူများ လျှပ်စစ်ဓာတ်အားများ ယခင်ထက် ပိုမိုပြည့်ဝစွာသုံးစွဲရရှိနေကြပြီဖြစ်ကြောင်း သိရသည်။

ဝင်းမောင်

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ

စာမျက်နှာ ၂၂ မှ

မြန်မာနိုင်ငံတွင် ကျောက်လက်နက်၊ ကျောက်ခေတ်အသုံးအဆောင်များသည် များစွာရှိခဲ့သော်လည်း မိုးကြိုးသွားဟု ယူဆကာ သိမ်းဆည်းရောင်းဝယ်မှုများကြောင့် ယခုအချိန်တွင် ရှားပါးသွားခဲ့ပြီဖြစ်သည်။ အချို့ကလည်း သေနတ်ပြီးသည်ဟုယူဆကာ ရောင်းဝယ်မှုများပြုလုပ်ကြသည်။ လူအများက မိုးကြိုးသွားဟု ယူဆကြသည့် ပစ္စည်းအများစုတို့သည် မြန်မာ့သမိုင်းခေတ်ဦးအစတွင် ကျောက်ခေတ်လူသားများ ပြုလုပ်သုံးစွဲခဲ့ကြသော ကျောက်လက်နက်များသာ ဖြစ်ကြပေသည်။

ပြဒါးလင်းဂူ၌ တွေ့ရှိခဲ့ရသော ခုတ်စဉ်း၊ ခုတ်ဖြတ်ကိရိယာ(Chopper)၊ ကျောက်ခြစ် (Scraper)၊ ကျောက်ပဲခွပ် (Hand Adze)၊ ကျောက်ကွင်း (Stone Ring)များသည် ကျောက်တုံးများကိုဖွဲ့ကာ ပြုလုပ်ထားသော ကျောက်ကြမ်းလက်နက်၊ အသုံးအဆောင်များဖြစ်ကြသည်။ ကျောက်လက်နက်၊ ကျောက်အသုံးအဆောင်များပြုလုပ်ရာတွင် ကုန်ကြမ်းပစ္စည်းအဖြစ် အသုံးပြုခဲ့သည့် ကျောက်စရစ်လုံး(Pebble)များကိုလည်း ပြဒါးလင်းဂူအတွင်းမှ တွေ့ရှိခဲ့ရသည်။ ပညာရှင်များက ယင်းကျောက်စရစ်လုံးများကို ပြဒါးလင်းဂူအောက်ဘက် ပေ ၇၀ အကွာရှိမြေပြန့်မှ ယူဆောင်လာကြခြင်းဖြစ်နိုင်ကြောင်း ယူဆကြသည်။ ယင်းကျောက်ပစ္စည်းများကို ပြဒါးလင်းဂူအတွင်းမှာပင် ပြုလုပ်ခဲ့သည့် အထောက်အထားများကိုလည်း တွေ့ခဲ့ကြရသည်။ ပြဒါးလင်းဂူနံရံမျက်နှာပြင်၌ ကျောက်လက်နက်၊ ပစ္စည်းများပြုလုပ်ရန် ကျောက်များကို ဖွဲ့ထုတ်ရာမှ ထွက်လာသည့် ကျောက်အပိုင်းအစများကို အမြောက်အမြားတွေ့ရှိရခြင်းသည် ပြဒါးလင်းဂူအတွင်း၌ ကျောက်လက်နက်များကို ပြုလုပ်ခဲ့ကြောင်း ခိုင်မာသည့် အထောက်အထားပင်ဖြစ်သည်။ ပြဒါးလင်းဂူအတွင်း နေထိုင်ခဲ့ကြသူများသည် ဂူအတွင်း၌ ပြုလုပ်ခဲ့ကြသော ကျောက်လက်နက်များဖြင့် ဂူအပြင်၌ အမဲလိုက်ခြင်း၊ သစ်ပင်ခုတ်ခြင်း၊ ဖမ်းမိသောသားကောင်များ၏ အရေခွံကို ခွာခြင်း စသည်တို့ကို ပြုလုပ်ခဲ့ကြသည်ဟု ပညာရှင်တို့ခန့်မှန်းခဲ့ကြသည်။

ယေဘုယျအားဖြင့် ပြဒါးလင်းဂူကို ကျောက်ခေတ်သစ်ကာလ (Neolithic Age) ဟု သတ်မှတ်ကြသော်လည်း ပြဒါးလင်းဂူမှပင် ကျောက်ခေတ်ဟောင်းလက်နက်ကိရိယာများဖြစ်သည့် ခုတ်စဉ်း၊ ခုတ်ဖြတ်ကိရိယာများကို တွေ့ရှိရသကဲ့သို့ ကျောက်ခေတ်သစ်လက်ရာများဖြစ်သည့် အမင်းပါသော ပဲခွပ်အကြမ်းတစ်ခုကိုလည်းတွေ့ရှိခဲ့ရသည်။ ယင်းအချက်ကို ထောက်ထား၍ ပြဒါးလင်းဂူတွင် လူများသည် ကျောက်ခေတ်ဟောင်းကာလမှ ကျောက်ခေတ်သစ်ကာလအထိ ဆက်လက်နေထိုင်ခဲ့ကြသည်ဟု ယူဆကြပေသည်။

မြန်မာလူမျိုးများ၏ ကျောက်ခေတ်ကာလယဉ်ကျေးမှုနေရာဖြစ်သည့် ပြဒါးလင်းဂူကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရန် မြန်မာနိုင်ငံ၏ အခြားရှေးဟောင်းနယ်မြေဒေသများဖြစ်ကြသော မြောက်ဦး၊ မင်းကွန်း၊ မန္တလေး၊ အင်းဝ၊ ဟံသာဝတီနှင့် အင်းလေးကန်တို့နှင့်အတူ ယူနက်စ်ကိုအဖွဲ့သို့ ၁၉၉၄ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် အဆိုပြုတင်သွင်းထားပြီးဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၂၀၀၀ ဝန်းကျင်တွင် တည်ရှိခဲ့သည့် မြန်မာကျောက်ခေတ်လူသားတို့နေထိုင်ခဲ့ရာ ပြဒါးလင်းဂူကို ကမ္ဘာ့အမွေအနှစ်ဒေသတစ်ခုအဖြစ် သတ်မှတ်ခံရမည်ဆိုပါလျှင် နိုင်ငံတကာမှ လေ့လာသူများ အထူးစိတ်ဝင်စားကြမည့် သုတေသနနယ်မြေတစ်ခုအဖြစ် ထင်ရှားလာမည်ဖြစ်ပေသည်။

ယခုအခါတွင် ပြဒါးလင်းဂူသို့ သွားရောက်ရန် မန္တလေးမှ မြစ်သားမြို့နယ် ကူမဲသို့ နှစ်နာရီကျော်ကျော် ကားစီးပြီးနောက် ကူမဲမှ ၂၁ မိုင်ကွာဝေးသော ကင်းတားဆည်သို့ ကားဖြင့်ဆက်သွားရသည်။ ကင်းတားဆည်သို့ရောက်လျှင် ဆည်ရေပြင်ကို စက်လှေဖြင့် ၄၅ မိနစ်မျှဖြတ်သန်းပြီးလိုဏ်ဂူရှိရာ တောင်ကုန်းမြင့်ဆီသို့ တစ်နာရီနီးပါးမျှ လမ်းလျှောက်တက်ကြရပါသည်။ ထိုနေရာအား ပန်းလောင်နှင့် ပြဒါးလင်းဘေးမဲ့တောဟု သတ်မှတ်ထားသည်။ ပြဒါးလင်းဂူသို့ရောက်လျှင် မြန်မာ့ကျောက်ခေတ်လူသားတို့၏ နံရံရုပ်ပုံပန်းချီများကို မြင်တွေ့နိုင်ကြပေသည်။

ပြဒါးလင်းဂူတည်ရှိရာ တောင်ကြော၏ အနောက်တောင်ဘက် ခုနစ်မိုင်အကွာတွင် တစုတစည်းရှိနေသည့် ကျောက်တုံးကြီး ခုနစ်တုံးအနက် အမိုးပုံကျောက်တုံး၏ မျက်နှာကြက်ပုံနေရာ၊ ယင်းအမိုးပုံ ကျောက်တုံးရှေ့ရှိ ကျောက်တုံးနံရံနှင့် တောင်ဘက်ရှိ ကျောက်တုံးတစ်တုံး၏အောက်ခြေတို့၌ ကျောက်ခေတ်လက်ရာဟု ယူဆရသည့် နံရံဆေးရေး ပန်းချီရုပ်များကို မကြာမီက တွေ့ရှိခဲ့ရသည်။ ယင်းပန်းချီပုံများကို သန့်စင်ထိန်းသိမ်းစောင့်ရှောက်ရန် ယဉ်ကျေးမှုဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ရာ နောက်တွေ့ရှိသည့် ပန်းချီရုပ်များကို သုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ကြခြင်းဖြင့် မြန်မာလူမျိုးများ ဖြစ်လာကြမည့် ကျောက်ခေတ်လူသားများအကြောင်းကို ယခုထက်ပိုမိုပီပြင်စွာ ဖော်ထုတ်နိုင်မည်သာ ဖြစ်ပါပေသည်။ ။

မဲခေါင်မြစ်ဝှမ်းဒေသ တည်ငြိမ်အေးချမ်းရေး လေးနိုင်ငံဆွေးနွေးပွဲကျင်းပ

တာချီလိတ် ဇွန် ၂၉

တတိယအကြိမ် မဲခေါင်မြစ်ဝှမ်းဒေသ ငြိမ်ဝပ်ပိပြားရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ အဓိကပြဿနာများ ပူးပေါင်းစုံစမ်းလေ့လာခြင်း လေးနိုင်ငံဆွေးနွေးပွဲကို တာချီလိတ်မြို့၌ ဇွန် ၂၅ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ မြန်မာ၊ လာအို၊ တရုတ်နှင့် ထိုင်းနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ရဲမှူးချုပ် မောင်မောင်ခိုင်က တတိယအကြိမ် မဲခေါင်မြစ်ဝှမ်းဒေသ ငြိမ်ဝပ်ပိပြားရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ အဓိကပြဿနာများ ပူးပေါင်းစုံစမ်းလေ့လာခြင်းဆွေးနွေးပွဲကို မြန်မာနိုင်ငံမှ အလှည့်ကျလက်ခံကျင်းပခွင့်ရသည့်အတွက် ဂုဏ်ယူကြောင်း၊ လေးနိုင်ငံ ကိုယ်စားလှယ်များအနေဖြင့် မူးယစ်ဆေးဝါးပြဿနာများနှင့် ပတ်သက်၍ တရုတ်နိုင်ငံတွင်လည်း ဆွေးနွေးခဲ့ကြပြီးဖြစ်ကြောင်း၊ ၎င်းဆွေးနွေးပွဲမှ ရရှိခဲ့သည့် လေ့လာတွေ့ရှိသုံးသပ်ချက်များကို အောင်မြင်အောင်ဆောင်ရွက်သွားရန် လေးနိုင်ငံလုံးတွင် တာဝန်ရှိကြောင်း၊ အပြုသဘောဆောင်သည့်ဝန်ကြီးအဆင့် သဘောတူညီချက်ကိုလည်း ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့လေးနိုင်ငံကြားရှိ နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုများကို အခြေခံ၍ မဲခေါင်မြစ်ဝှမ်းဒေသ ငြိမ်ဝပ်ပိပြားရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ အဓိကပြဿနာများကို ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် မူးယစ်တပ်ဖွဲ့စု(တားဆီး)မှ ဒု-ဌာနမှူး ဒုရဲမှူးကြီးကျော်ကျော်မင်းက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်နေသည့်သမိုင်းကြောင်း ဗီဒီယိုကို ပြသ၍ မြန်မာနိုင်ငံမှ မူးယစ်ဆေးဝါးထုတ်လုပ်မှု သမိုင်းကြောင်း၊ အစိုးရအဆက်ဆက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပုံနှင့် လက်ရှိအချိန်တွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နိုင်ငံရေးအရ ဆွေးနွေးမှုများပြုလုပ်ပြီး တိုင်းရင်းသားများအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အစိုးရနှင့်အတူ အင်တိုက်အားတိုက်ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများ၊ မူးယစ်တပ်ဖွဲ့များကိုလည်း ယခင် ၂၆ ဖွဲ့ရှိရာမှ ယခုအခါ တပ်ဖွဲ့စု ၅၀ ထိ တိုးချဲ့ဖွဲ့စည်းပြီး နိုင်ငံတစ်ဝန်းတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့သည်။

ထို့နောက် မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးသန်းရွှေက တာချီလိတ်ခရိုင် နယ်မြေအခြေအနေ၊ လာအို၊ ထိုင်းနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်မှု အခြေအနေ၊ ဓာတုပစ္စည်းများ မဲခေါင်မြစ်ကြောင်းကို ဖြတ်သန်းပြီး သယ်ဆောင်ရာလမ်းကြောင်းများ၊ အရှိန်အဟုန်မြှင့် ဖမ်းဆီးမှုများကြောင့် ပြောင်းလဲသယ်ဆောင်ရာ လမ်းကြောင်းများ၊ ထူးခြားဖြစ်စဉ် ဖမ်းဆီးရမိမှုများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဆက်လက်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ လာအို၊ တရုတ်နှင့် ထိုင်းနိုင်ငံများမှ ကိုယ်စားလှယ်များကလည်း မဲခေါင်မြစ်ဝှမ်းဒေသ ငြိမ်ဝပ်ပိပြားရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတွင် လေးနိုင်ငံပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ပုလဲသွယ်ဧက ၁၀၀ နှံ့စပါးစံပြကွက်ရိတ်သိမ်းပွဲကျင်းပ

ဒီးမော့ဆို ဇွန် ၂၉

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် စံပြ(၆)မိုင်ကျေးရွာအုပ်စု ဟိုဖိတ်ကျေးရွာရှိ စက်မှုလယ်ယာစနစ်ကျလယ်ယာမြေဧက ၁၀၀ တွင် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(GAP)ဖြင့် စိုက်ပျိုးထားသော နှံ့စပါးပုလဲသွယ် စံပြကွက်ရိတ်သိမ်းပွဲကို ဇွန် ၂၅ ရက်က ပြုလုပ်ခဲ့သည်။

စံပြကွက်ရိတ်သိမ်းပွဲတွင် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးပိုးရယ်ရန်အောင်၊ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဌေးဝင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်လေ့လာခဲ့ကြပြီး ဝန်ကြီးက ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးခြင်းကြောင့် တစ်ဧကအထွက်နှုန်းနှင့် ဝင်ငွေတိုးတက်လာနိုင်ပုံ၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ပုလဲသွယ်စပ်မျိုးကို အရှိန်အဟုန်မြှင့်တိုးချဲ့စိုက်ပျိုးရန်နှင့် စက်မှုလယ်ယာဦးစီးဌာနမှူးက စပါးရိတ်သိမ်းခြွေလှေ့စက်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားပြီး စံပြကွက်ရိတ်သိမ်းခဲ့ရာ စပါးအစို ၂၃၆ ဒသမ ၇၂ တင်း ထွက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သတင်းတိုများ

ကျေးရွာချင်းဆက် အောင်ဇေယျတံတား ဖွင့်ပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ အောင်သာ-မှန်တော-ကျွန်းလည်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ အောင်ဇေယျတံတားဖွင့်ပွဲကို ဇွန် ၂၂ ရက် က ကျင်းပခဲ့ရာ တံတားအလှူရှင် ဆရာတော် ဦးဝေပုလ္လ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သန်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ တံတားကို ဒေးဒရဲမြို့နယ် သာသနာရာမကျောင်းတိုက်ဆရာတော်က လှူဒါန်းခြင်းဖြစ်ပြီး အကျယ် ၂၄ ပေ၊ အရှည် ၁၅ ပေ၊ ကွန်ကရစ်တံတားဖြစ်ကာ ဒေသခံပြည်သူများက လုပ်အားဒါနပါဝင်၍ တည်ဆောက်ခဲ့ကြသည်။ **ခင်ဦးစိုးဝေ**

မြစ်ကမ်းတစ်လျှောက်ကျေးရွာများတွင် အန္တရာယ်ကင်းပရိတ်ရွတ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဒုဋ္ဌဝတီမြစ်ကမ်းတစ်လျှောက်ရှိ ရပ်ကွက်နှင့် ကျေးရွာများဖြစ်သော ဈေးရပ်၊ ပန်းတိမ်မြောက်၊ ပန်းတိမ်တောင်၊ နောင်အိန်၊ ပန်စောက်မိန်း၊ ဟာဇာကောင့်၊ ဆွတ်လုံ၊ ဟတ်လင့်၊ ချောင်းဆုံ၊ တိန်းချေ၊ တိန်းစံ၊ ကွန်ကျောင်း၊ နောက်ကပ်စသည့် ကျေးရွာများတွင် အန္တရာယ်ကင်းပရိတ်များကို ဆရာတော်များက ရေယာဉ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်နှင့် ဒေသခံပြည်သူများက တရားတော်များ နာယူခဲ့သည်။ **စိုင်း(သီပေါ)**

(၂၁)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုတောင်းလွှာ

ဇွန် ၃၀ရက်တွင် ကျရောက်သော ချစ်ဖေဖေ ဦးခင်မောင်မြင့် (အမှုဆောင်အရာရှိ စည်ပင်)နှင့် ချစ်မေမေ ဒေါ်အေးအေးမို့တို့၏ (၂၁)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတုစိန်ရတုတိုင်အောင် ထာဝရလက်တွဲသွားနိုင်ပါစေ။ ကျန်းမာချမ်းသာစွာဖြင့် ချစ်သားချစ်သမီးတို့နှင့်အတူ ပျော်ရွှင်သောမိသားစုဘဝကို ခိုင်မြဲစွာတည်ဆောက်နိုင်ပါစေ။

ဆုမွန်ကောင်းတောင်းလျက်
ချစ်သား-ကိုဖိုးသဲ
ချစ်သမီး-မီးမီးတုံ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း(၁)၊ မြေကွက်/ဦးပိုင်အမှတ် ၅၃၅၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဦးအောင်လွင်အမည်ပေါက် အငှားဂရန်မြေကွက်အား ဦးအောင်လွင် ၁/မကန(နိုင်)၀၄၅၀၈၀ (ဘ) ဦးဉာဏ်ကြီးမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်သက်တမ်းတိုးလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အမွေပြတ်ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဆရ(၁)နေ ဦးစိန်လွင်-ဒေါ်ခင်စောလှတို့၏သား မောင်ရာကျော်လင်း ၅/ဟမလ(နိုင်)၀၆၂၆၇၆ သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိပါသဖြင့် ယနေ့မှစ၍ အမွေပြတ်ကြေညာလိုက်သည်။

နောက်နောင် ငွေနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာလိုက်သည်။

ဦးစိန်လွင် ၉/မမန(နိုင်)၀၀၇၆၆၁
ဒေါ်ခင်စောလှ ၅/ဟမလ(နိုင်)၀၆၂၆၆၃

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဝယ်ယူရန်ရှိသော အောက်ပါစက်ပစ္စည်းများနှင့် ပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Desktop Computer Dell (Memory 4GB, HDD 500 GB Processor intel Core i7 ect;)	50 Nos
2.	Laptop Computer intel Core i7, 4GB, DRR 3.14" HD (LED Display, DVD R/W)	5 Nos
3.	Multimedia Projector (with 10'x10' Motorized Screen)	2 Nos
4.	e-Library Table for 8 students (8' x 4')	5 Nos
5.	e-Library Chair	40 Nos
6.	Digital White Board	1 No
7.	ရေသန့်စက်	1 System

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဘဏ္ဍာရေးဌာန ဖုန်း-၀၉-၆၄၂၂၄၁၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဏုမြူစွမ်းအင်ဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အဏုမြူစွမ်းအင်ဦးစီးဌာနတွင် အသုံးပြုမည့် အောက်ဖော်ပြပါ စက်ကိရိယာပစ္စည်းများနှင့် ပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

(၁) Conference System
(၂) Water Dispenser
(၃) Steel Almirah
(၄) Conference Table
(၅) Lab Table
(၆) ပလတ်စတစ်ကုလားထိုင်

၂။ တင်ဒါစပေါ်ငွေကို တင်ဒါစည်းကမ်းချက်တွင်ပါရှိသည့်အတိုင်း ဆောင်ရွက်၍ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၇-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ ရုံးအမှတ်(၂၁)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၀-၇-၂၀၁၅ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၁၆၊ ၀၆၇-၄၀၄၅၀၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး www.daemyanmar.cu.cc website တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဏုမြူစွမ်းအင်ဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အဏုမြူစွမ်းအင်ဦးစီးဌာနတွင် အသုံးပြုမည့် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်း/သုတေသနလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

(၁) ဓာတ်ရောင်ခြည်ကာကွယ်ရေးလုပ်ငန်း
  (၁) Portable Neutron Survey Meter

(၂) အစားအစာနှင့်ပတ်ဝန်းကျင်စောင့်ကြည့်တိုင်းတာခြင်းသုတေသနလုပ်ငန်း
  (၁) Alpha Spectroscopy
  (၂) Alpha Beta Calibration Sources
  (၃) Sample Holder
  (၄) ISERIES Communication Software

(၃) Gamma Spectroscopy သုတေသနလုပ်ငန်းများ
  (၁) Digital Balance
  (၂) Hydraulic Press
  (၃) Desiccator Cabinet
  (၄) Agate Motor and Pestle

(၄) မြေအောက်ရေအရင်းအမြစ်များ စီမံခန့်ခွဲရေးသုတေသနလုပ်ငန်း
  (၁) Isotope Enrichment System for Liquid Scintillation Analyzer

(၅) မူရင်းမပျက်စစ်ဆေးခြင်းသုတေသနလုပ်ငန်း
  (၁) Alert 4 Monitor
  (၂) Magnetic Yoke
  (၃) Industrial Radiographic Film
  (၄) Image Quality Indicator
  (၅) Densitometer
  (၆) Lead Maker

၂။ တင်ဒါစပေါ်ငွေကို တင်ဒါစည်းကမ်းချက်တွင်ပါရှိသည့်အတိုင်း ဆောင်ရွက်၍ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၇-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ ရုံးအမှတ် ၂၁ တွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၀-၇-၂၀၁၅ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၁၆၊ ၀၆၇-၄၀၄၅၀၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး www.daemyanmar.cu.cc website တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

HDPE (Blow Grade) နှင့် ထုပ်ပိုးပစ္စည်း(၆)မျိုးအဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်**

စဉ်	ပစ္စည်းအမည်	အရေအတွက်
(က)	HDPE(Blow Grade)	၁၅ တန်
(ခ)	1oz Plastic Bottle with cap	၃၀၀၀၀၀၀ စုံ
(ဂ)	2oz Plastic Bottle with cap	၁၃၀၀၀၀၀ စုံ
(ဃ)	Duplex Board (31"×43")(270 gsm) (၁၀၀ရွက်ပါ)	၆၀၀ ထုပ်
(င)	Sticker Paper(21"×30")(85gsm) (၁၀၀ရွက်ပါ)	၁၀၉၆ ထုပ်
(စ)	Art Paper(31"×43")(90gsm) (၂၅၀ရွက်ပါ)	၁၂၄၇ ထုပ်
(ဆ)	Wood Free Paper(31"×43")white(60gsm) (၅၀၀ရွက်ပါ)	၅၀ ထုပ်

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၀-၇-၂၀၁၅ ရက်၊ ညနေ ၄း၀၀နာရီ
၃။ **ပေးသွင်းရမည့်စက်ရုံ** - ဆေးဝါးစက်ရုံ(အင်းစိန်)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

တယ်လီဖုန်းအမှတ်
မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်) ၀၆၇-၄၀၈၃၈၈
ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန
နေပြည်တော်

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ထန်းတပင်မြို့နယ်၊ စံကင်းကျေးလက်ကျန်းမာရေးဌာန၊ ရေခဲရိုကျေးလက်ကျန်းမာရေးဌာနခွဲ၊ မော့သော့ကျေးလက်ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

အဆိုပါလုပ်ငန်းများအား ဆောင်ရွက်လိုသော လိုင်စင်ရကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အမှတ်(၅၂၀)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် - ၁-၇-၂၀၁၅ ရက် ဗုဒ္ဓဟူးနေ့
တင်ဒါပိတ်မည့်နေ့ရက်၊အချိန် - ၁၅-၇-၂၀၁၅ ရက် ဗုဒ္ဓဟူးနေ့ ၁၆း၀၀ နာရီ
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၅၄၄၂၇၉၊ ၀၉-၃၁၃၃၅၅၇၇

တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးအဖွဲ့

မြန်မာ့သစ်လုပ်ငန်း
စက်ရုံ၊ ဂိုဒေါင်နှင့်ဝန်ထမ်းအိမ်ရာအဟောင်းများလေလံတင်ရောင်းချရန်

ကြော်ငြာခြင်း

မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနလက်အောက်ရှိ အမှတ် ၁၁၅ သစ်စက်(ဖျက်သိမ်း) ကမ်းနီကျေးရွာ ငပုတောမြို့နယ်နှင့် အမှတ် ၁၂၆ သစ်စက်(ဖျက်သိမ်း) သီတာကုန်းပြင်၊ ငါးသိုင်းချောင်းမြို့နယ်ရှိ ပင်မစက်ရုံ၊ သစ်ခွဲသားဂိုဒေါင်နှင့် ဝန်ထမ်းအိမ်ရာအဟောင်းများအား ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) **လေလံတင်ရောင်းချမည့်နေရာ** - လက်ထောက်အထွေထွေမန်နေဂျာ (ရောင်း/စက်မှုး)ရုံး၊ ပုသိမ်မြို့
(ခ) **လေလံတင်ရောင်းချမည့်နေ့ရက်/အချိန်** - ၂၂-၇-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ
(ဂ) **လေလံပုံစံရောင်းချမည့်နေ့ရက်** - ၁-၇-၂၀၁၅ ရက်မှ ၂၂-၇-၂၀၁၅ ရက် နံနက် ၉း၀၀ နာရီ

လျှောက်လွှာနှင့် စည်းကမ်းချက်များကို ၂၂-၇-၂၀၁၅ ရက် လေလံဖွင့်ပွဲမတိုင်မီ နောက်ဆုံးထား၍ ဒုတိယအထွေထွေမန်နေဂျာ(တိုင်းရုံး)နှင့် လက်ထောက်အထွေထွေမန်နေဂျာ(ရောင်း/စက်မှုး)ရုံးတို့တွင် ဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
ဒုတိယအထွေထွေမန်နေဂျာရုံး ဖုန်း-၀၄၂-၂၄၃၉၂၊ ၀၄၂-၂၄၃၈၆
လက်ထောက်အထွေထွေမန်နေဂျာ(ရောင်း/စက်မှုး)ရုံးဖုန်း-၀၄၂-၂၄၆၉၁၊ ၀၄၂-၂၄၆၉၃

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
မြေတိုင်းဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါစက်ပစ္စည်းကိရိယာများအား ဌာနအရောက် တန်ဖိုး (D.D.P)(နေပြည်တော်)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Tender No.10/Survey Equipment/SD/2015-2016 Projector (Overhead Projector and ceiling mounted Screen (10'x10') with Remote Control) Brand:Panasonic, Model:PT-VW 345 NZ	1 Set
(ခ)	Tender No.11/Survey Equipment/SD/2015-2016 Copier(B & W) Brand:Canon, Model: iR 2520	1 No.
(ဂ)	Tender No.12/Survey Equipment/SD/2015-2016 Viny1 Plotter Brand:CRYSTAL, Model:4000 (Width 3.2 m)	1 Set

၂။ အိတ်ဖွင့်တင်ဒါများအား ၁၇-၇-၂၀၁၅ ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပြီး ၁၄း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှုစိစစ်ရေးအဖွဲ့
မြေတိုင်းဦးစီးဌာန၊
မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၃၄၃၃၊ ၀၆၇-၄၁၃၅၈၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှ ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တရားဝင်အသိအမှတ်ပြုလိုင်စင်ရ(ကုမ္ပဏီအရောင်းဆိုင်)များမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

(က) ဓာတ်ခွဲခန်းနှင့်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံသုံးစက်ပစ္စည်းများ
(ခ) လုပ်ငန်းသုံးစက်ပစ္စည်းများ
(ဂ) ဆေးရုံသုံးပရိဘောဂပစ္စည်းများ
(ဃ) Language Lab သုံးလျှပ်စစ်ပစ္စည်းများ
(င) ဘယဆေးကုန်ကြမ်းများ

၂။ **တင်ဒါစတင်ရောင်းချမည့်နေ့ရက်** - ၁-၇-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)
တင်ဒါပိတ်သည့်နေ့ရက်၊အချိန် - ၂၂-၇-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀ နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်

၃။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်း-၀၆၇-၄၃၁၀၉၂၊ ၄၃၁၁၄၆၊ ၄၃၁၀၄၉၊ ၄၃၁၁၄၈ တို့သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
တိုင်းရင်းဆေးပညာဦးစီးဌာန

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဏုမြူစွမ်းအင်ဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အဏုမြူစွမ်းအင်ဦးစီးဌာနတွင် အသုံးပြုမည့် အောက်ဖော်ပြပါသုတေသနလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

(၁) Electronic Overhead Stirrer
(၂) Buchner Funnel
(၃) Filtering flask
(၄) Beaker
(၅) Sand Hot Plate
(၆) Drying Rack
(၇) Electronic Muffle Furnace
(၈) Distillation apparatus
(၉) Oven
(၁၀) Water Bath with Ring Cover

၂။ တင်ဒါစပေါ်ငွေကို တင်ဒါစည်းကမ်းချက်တွင်ပါရှိသည့်အတိုင်း ဆောင်ရွက်၍ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ ရုံးအမှတ်(၂၁)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၀-၇-၂၀၁၅ရက်၊ ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၁၆၊ ၀၆၇-၄၀၄၅၀၁သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး www.daemyanmar. cu.cc website တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန
တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)
တံတားအထူးအဖွဲ့(၁၂)၊ လွိုင်လင်မြို့

အမှတ်စဉ်(၂/၂၀၁၅)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၂)မှ (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တံတားလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများဝယ်ယူခြင်း၊ တံတားသံပေါင်များ လုပ်ငန်းခွင်အရောက် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ခေါ်ယူအပ်ပါသည်။

(က) လုပ်ငန်းခွင်သုံးပစ္စည်းများ

စဉ်	ပစ္စည်းအမျိုးအမည်	ပမာဏ	မှတ်ချက်
၁။	တောသစ်	၃၀၀ တန်	
၂။	သံချောင်းလုံး(ရွယ်စုံ)	၃၈၅ တန်	
၃။	ဘိလပ်မြေ	၁၂၀၀ တန်	
၄။	ခွဲကျောက်	၁၂၀၀ ကျင်း	
၅။	မြစ်သဲ	၆၀၀ ကျင်း	
၆။	4Cx 35mm² Cu/XLPE/PVC Cable (BS-5467, Malaysia)	၅၀၀ မီတာ	

(ခ) တံတားသံပေါင်များ လုပ်ငန်းခွင်အရောက်သယ်ယူခြင်း

စဉ်	ပစ္စည်းအမျိုးအမည်	ပမာဏ	မှတ်ချက်
၁။	Steel Plate Girder (100') နှစ်ခန်း	၁၃၀ တန်ခန့်	တစ်ခန်းလျှင် (၃၀'~၃၅')အရှည် တံတားသံပေါင် (၁၂)ပိုင်းနှင့် ဆက်စပ်ပစ္စည်းများ ပါဝင်သည်။
၂။	Steel Plate Girder (90') နှစ်ခန်း	၁၂၀ တန်ခန့်	

လုပ်ငန်းခွင်အရောက် ပို့ဆောင်ပေးရန်ဖြစ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်** - ၃၀-၆-၂၀၁၅ရက် (အင်္ဂါနေ့)(ရုံးချိန်အတွင်း)
၃။ **တင်ဒါပုံစံပိတ်မည့်နေ့ရက်/အချိန်** - ၁၃-၇-၂၀၁၅ရက် (တနင်္လာနေ့) ၁၆း၀၀နာရီ
၄။ **တင်ဒါဖွင့်မည့်နေ့ရက်/အချိန်** - ၁၄-၇-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀နာရီ
၅။ **တင်ဒါဖွင့်မည့်နေရာ** - တွဲဖက်ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့။

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် သတင်းအချက်အလက်များကို အသေးစိတ်သိရှိလိုပါက ဖုန်း-၀၈၄-၂၃၁၇၀နှင့် ၀၉-၅၁၂၂၀၃တို့သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံတစ်စောင်လျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)အတွက် ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Desktop computer Dell (Memory 4GB, HDD 500GB, Core i7)	၉လုံး
(ခ)	UPS 650 VA	၉လုံး

၂။ တင်ဒါပုံစံများကို ၁-၇-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၈-၇-၂၀၁၅ရက်၊ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ် (မြစ်ကြီးနား) ဖုန်း-၀၉-၂၄၀၀၂၇၈ တွင် စုံစမ်းနိုင်ပါသည်။

နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မဟာဓာတ်အားလိုင်းများတွင် SCADA ဖြင့် ချိတ်ဆက်အသုံးပြုရန်အတွက် OPGW Cable & Accessories ပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၉-၆-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၂၇-၇-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၈၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဏုမြူစွမ်းအင်ဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အဏုမြူစွမ်းအင်ဦးစီးဌာနတွင် အသုံးပြုမည့် အောက်ဖော်ပြပါ Dosimetry Laboratory သုတေသနလုပ်ငန်းသုံး ပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

(၁) Reference ionization chamber for radiation protection level
(၂) Reference class electrometer with integrated network features
(၃) Extension cable for ionzation chamber
(၄) Radioactive Check Source Device
(၅) Chamber holding device
(၆) Adapter cable
(၇) Electric Check Device for Electrometers
(၈) ISO water slab phantom
(၉) ISO water pillar phantom
(၁၀) ISO acrylic rod phantom
(၁၁) Ambient temperature, pressure and humidity measurement instrument
(၁၂) Radiation field position analyzer
(၁၃) Inside Micrometer

၂။ တင်ဒါစပေါ်ငွေကို တင်ဒါစည်းကမ်းချက်တွင်ပါရှိသည့်အတိုင်းဆောင်ရွက်၍ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၇-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ ရုံးအမှတ်(၂၁)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၀-၇-၂၀၁၅ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၁၆၊ ၀၆၇-၄၀၄၅၀၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး www.daemyanmar.cu..cc website တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ တူးချောင်းရပ်ကွက်၊ ကွင်းအမှတ်(၃၇၀ A)၊ ဦးပိုင်အမှတ်(၁၃/ဓ)၊ ဧရိယာ ၇ ဒသမ ၁၁ဧကအနက်မှ မခွဲမစိတ်ရသေးသော အဆိုပါ မြေကွက်ကြီးအတွင်းရှိ အကွက်အမှတ်(၅၁)၊ အကျယ်အဝန်း (၂၀×၇၅)ပေ ရှိသော မြေကွက်နှင့်ယင်းမြေကွက်ဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်များ အားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးမြင့်စိန် ၁၄/မမက(နိုင်)၀၈၆၂၀၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါ ပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး၊ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်းပြောဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း(စဉ်- ၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်၊
တိုက်အမှတ်-၃(အေ)၊ သုံးလွှာ(ခေါင်းရင်းခန်း)၊ သပြေညိုလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉- ၅၀၇၀၆၇၇၊ ၀၉- ၇၃၂၀၇၅၂၅

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B.Agr.Sc) ၅ နှစ်သင်တန်းအတွက် ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ လျှောက်ထားနိုင်သည်။
၂။ အမျိုးသားဦးရေ ၂၀၀ နှင့် အမျိုးသမီးဦးရေ ၂၀၀ စုစုပေါင်း ၄၀၀ လက်ခံမည်။
၃။ လျှောက်ထားသူသည်-
(က) ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသော နိုင်ငံသား ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။
(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် ၃၆၀နှင့်အထက် ရရှိသူဖြစ်ရမည်။
(ဃ) ကွင်းလက်တွေ့လုပ်ငန်းများတွင် ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် ပါဝင်လေ့ကျင့်လုပ်ဆောင်ကြရမည်ဖြစ်ပါသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် ကျန်းမာရေး(က)အဆင့်ရှိပြီး ကိုယ်လက်အင်္ဂါပြည့်စုံသူ ဖြစ်ရမည်။
(င) လူတွေ့စစ်ဆေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းခံယူရမည်။
၄။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပြီး မိမိအစီအစဉ်ဖြင့် (A4-Size) ကွန်ပျူတာရိုက်၍ လျှောက်ထားရန်ဖြစ်ပါသည်။
၅။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည်။
(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက် (မိတ္တူ)
(ခ) အမှတ်စာရင်း (မိတ္တူ)
(ဂ) လျှောက်ထားသူနှင့် မိဘနှစ်ပါးတို့၏ နိုင်ငံသားစိစစ်ရေးကတ် (မိတ္တူ)
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)
(င) လိုင်စင်ဓာတ်ပုံ (၃)ပုံ
၆။ ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲဖြေဆိုရမည်။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာရပ် ဖြေဆိုရမည်။
၇။ ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပစစ်ဆေးမည်။
(က) ၆-၉-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီ - အင်္ဂလိပ်စာ ၂ နာရီမေးခွန်း
(ခ) ၇-၉-၂၀၁၅ ရက် (တနင်္လာနေ့) နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီ - ဇီဝဗေဒ ၂ နာရီမေးခွန်း
၈။ ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို အောက်ဖော်ပြပါ စာစစ်ဌာနများ၌ တစ်ပြိုင်တည်း စစ်ဆေးမည်ဖြစ်၍ လျှောက်လွှာတွင် မိမိဖြေဆိုလိုသည့်စာစစ်ဌာနကို သေချာစွာ ရွေးချယ်ဖော်ပြရမည်။
(က) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်
(ခ) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်(မကွေးနယ်မြေ) မကွေးတိုင်းဒေသကြီး၊ မကွေးမြို့
(ဂ) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်(အောင်ပန်းနယ်မြေ)၊ ရှမ်းပြည်နယ်၊ အောင်ပန်းမြို့
(ဃ) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်(လှည်းကူးနယ်မြေ)၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့
၉။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေးခက်ခဲသော ဒေသများမှ ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ ဤတက္ကသိုလ်ဝင်ခွင့်လျှောက်ထားပါက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လယ်ယာစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရေးကို ရှေးရှု၍ ဦးစားပေး လက်ခံပေးမည်။
၁၀။ လျှောက်လွှာကို ကျောင်းသားရေးရာဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်း လိပ်မူ၍ ၃၀-၇-၂၀၁၅ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ ပေးပို့ရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မမှန်မကန်ဖော်ပြ၍ လျှောက်ထားကြောင်း စစ်ဆေးတွေ့ရှိပါက ရွေးချယ်ခြင်းခံရစေကာမူ ပယ်ဖျက်ခြင်း၊ တက္ကသိုလ်မှ ထုတ်ပယ်ခြင်းခံရမည်။
၁၁။ ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများ၏ အမည်နှင့် ခုံအမှတ်စာရင်းကို ဤတက္ကသိုလ်စာစစ်ဌာနနှင့် နယ်မြေစာစစ်ဌာနအသီးသီးတွင် အချိန်မီထုတ်ပြန်ကြေညာပေးမည်။ ဖြေဆိုခွင့်ရရှိသူများသည် ဖြေဆိုမည့်ရက်မတိုင်မီ အနည်းဆုံး တစ်ရက်ကြိုတင်၍ မိမိတို့ဖြေဆိုမည့်စာစစ်ဌာနတွင် သတင်းပေးပို့ကာ ဖြေဆိုခွင့်လက်မှတ်များ ထုတ်ယူကြရမည်။
၁၂။ ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများအား လူတွေ့နှုတ်မေးစစ်ဆေးခြင်းကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်တွင် စစ်ဆေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးမည့်ရက်ကို ထပ်မံကြေညာပါမည်။ လူတွေ့စစ်ဆေးခံရန် လာရောက်သည့်အခါ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်(မူရင်း)၊ အမှတ်စာရင်း(မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်လာရမည်။
၁၃။ အကယ်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသောနည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။
၁၄။ အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၆၅၁၂ နှင့် ၀၆၇-၄၁၆၅၁၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လျှောက်လွှာနမူနာပုံစံ

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
ပထမနှစ်ဝင်ခွင့်လျှောက်လွှာ
၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ

[ဓာတ်ပုံကပ်ရန်]

၁။ အမည် (အပြည့်အစုံ) ------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------
၂။ မွေးသက္ကရာဇ် (ခုနှစ်၊ လ၊ ရက်) --
၃။ တက္ကသိုလ်ဝင်စာမေးပွဲခုံအမှတ် -------- ခုနှစ် -------- စာစစ်ဌာန-----------
၄။ လူမျိုး -------------- ကိုးကွယ်သည့်ဘာသာ -------------------------
၅။ အမြဲနေထိုင်သောလိပ်စာ ---
၆။ ဆက်သွယ်ရန်လိပ်စာ ---
၇။ ဖခင်အမည် ------------ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------
အလုပ်အကိုင် ---
မိခင်အမည် ------------ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------
အလုပ်အကိုင် ---
၈။ ရေးဖြေစာမေးပွဲဖြေဆိုလိုသော စာစစ်ဌာန ------------------------------
(နေပြည်တော်၊ ရေဆင်း(သို့မဟုတ်) မကွေး(သို့မဟုတ်) အောင်ပန်း(သို့မဟုတ်) လှည်းကူးစာစစ်ဌာနတစ်ခုတည်းသာ ဖော်ပြရန်)
၉။ ဝန်ခံချက်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ။ ------------ -------------
ဝင်ခွင့်လျှောက်ထားသူလက်မှတ်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။
ရက်စွဲ။ ------------ ----------------
မိဘ/အုပ်ထိန်းသူလက်မှတ်

တိုက်ကြီးမြို့ လယ်တီအနာဂါမ်ဆရာသက်ကြီး (၇)ရက် တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ မြန်မာကန်ကုန်းကျေးရွာ၊ ဓမ္မရောင်ခြည် သာသနာ့ရိပ်သာ၌ လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာရှုမှတ်နည်းဖြင့် ပထမဝါဆိုလပြည့်ကျော် (၈)ရက်နေ့ (၉-၇-၂၀၁၅) မှစ၍ (၇)ရက် တရားစခန်းဝင်လိုသူ ယောဂီများ၊ မင်္ဂလာဗျူဟာအသင်းချုပ်မှ (၉-၇-၂၀၁၅)ရက်နေ့ နေ့လည် (၂း၀၀)နာရီတွင် (ကြို/ပို့)ကားများ ထွက်ခွာပါမည်။

"ယောဂီများအား(အသွား/အပြန်)ကားအလှူရှင်"
ဦးဝင်းနိုင်ဦး+ဒေါက်တာမျိုးမြင့်စီ မိသားစုမှ လှူဒါန်းပါသည်။

စာရင်းပေးသွင်းရန်
(၁) မင်္ဂလာဗျူဟာအသင်းချုပ်၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ၀၁-၃၇၀၉၅၈
(၂) တိုက်ကြီးမြို့ ဓမ္မရောင်ခြည်ရိပ်သာ (ဖုန်း ၀၉ ၅၁၉၉၀၇၀၊ ၄၅၀၀ ၆၆၉၂၀)
(၃) ဦးလှမင်းထိုက် (ဖုန်း ၀၉ ၅၀၃၈၂၁၂)
(၄) ဦးတင်ဝင်းမောင် (ဖုန်း ၀၉ ၇၃၀၀၆၃၇၆)

တောင်ညိုရိုးမ မျက်ရည်ကျသည် နှင့် အခြားဘဝရသဝတ္ထုတိုများ

ဆရာမိုးကျော့၊ ကျွန်းစဉ်မြေစောခက်၊ ထွန်းခေါင်၊ ဂေါ်ယာမြေစောဝင်း၊ တင်မြင့်ဦး(သံတွဲ) စသော
ထွက်ပြီ

စာရေးဆရာ(၁၄)ဦးတို့၏ အနုရသလက်ရာများ
ခန့်ညားထည်ဝါလှတဲ့ ရခိုင်ရိုးမ တောင်တန်းကြီးနဲ့
တိမ်းညွတ်ဖွယ်ကောင်းလှတဲ့ဘင်္ဂလားပင်လယ်ပြင်တို့
သမုဒ္ဒယရစ်တွယ်သံယောဇဉ်နွယ်မိကြချိန်မှာတော့

လောဘမြစ်ပင်လယ်ထဲက ဘဝလှိုင်းတံပိုးများ
ဒေါသတောင်တန်းကြီးပေါ်က ရုန်းရင်းဆန်ခတ်မြစ်ရပ်များ
မောဟလွင်ပြင်ထဲက လွမ်းမောဆွတ်ပျံ့ဖွယ် အဖြစ်သနစ်များ

စသည် စသည်ဖြင့် -
အတွင်းပုံများဓလေ့အားဖြင့် တစ်ပြည်လုံးကို ဖြန့်ချိလိုက်ပါပြီ။

ဖြန့်ချိရေး - မျိုးဆက်သစ်စာပေ - ၀၉ ၄၂၀၀၈၃၆၈၈၊ ၀၉ ၄၂၀ ၂၂၂၉၆၂

မြေရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ မြို့မြေ(၄၀'×၆၀') (၃)ကွက်တွဲ၊ မျက်နှာစာ ၆၀' × နောက် ၁၂၀' ပေ ကျော်ကျော် ပုံစံ(၁၀၅)ရှိပြီး၊ ခြံစည်းရိုးသံဇကာခတ်ပြီး အေးချမ်းဆိတ်ငြိမ်ရပ်ကွက်။

ရောင်းဈေး (၁၁၀၀ိ/-) (သိန်းတစ်ထောင့်တစ်ရာကျပ်)

ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၇၈၉၅၂၀၄
(နံနက် ၁၀ နာရီမှ ညနေ ၄ နာရီ ရုံးချိန်အတွင်း)

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်အပိုင်၊ နတ်ချောင်း(၂)လမ်း၊ တိုက်အမှတ်(၈)၊ ဒုတိယထပ်(၃)လွှာ၊ ခြေရင်းခန်းဟုခေါ်တွင်သည့် (၁၂'×၅၀') အကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလပိုင်ဆိုင်သူ ကန်ထရိုက်တာ ဦးလှဝင်း (၁၂/ကတတ(နိုင်)၀၁၁၉၇၉)ထံမှ စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ကျွန်ုပ်၏မိတ်ဆွေ (၂)ဦးဖြစ်သည့် ဒေါ်ချိုချိုနု (၁၂/ဥကတ(နိုင်)၀၃၇၇၅၅)၊ မဆုဆု တို့နှင့် ဦးနေဝင်းနိုင် (၁၂/ဥကတ(နိုင်)၀၃၇၁၀၃)တို့(၃)ဦးအမည်ဖြင့် စပ်တူဝယ်ယူပိုင်ဆိုင်ထားရှိခဲ့ပါသည်။

သို့ဖြစ်၍ အဆိုပါ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်အပိုင်၊ နတ်ချောင်း(၂)လမ်း၊ တိုက်အမှတ်(၈)၊ ဒုတိယထပ်(၃)လွှာ၊ ခြေရင်းခန်းတိုက်ခန်းသည် (၃)ဦးစပ်တူပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်ပါသောကြောင့် အဆိုပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေ(၂)ဦးဖြစ်သည့် ဒေါ်ချိုချိုနုနှင့် မဆုဆု တို့သိရှိသဘောတူညီခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့် တစ်စုံတစ်ရာ ပြုလုပ်ဆောင်ရွက်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဗိုလ်ဗိုလ်ဇော် စဉ်-၃၈၄၆၉ LL.B, D.B.L, D.M.L
(အထက်တန်းရှေ့နေ)
အမှတ်(၁၁၃၀)၊(၁၅)လမ်း၊(ဂ)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉၄၅၀၀၃၅၀၇၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၄/ခ)ဟု ခေါ်တွင်သော နှစ်ခန်းတွဲခြောက်ထပ်တိုက်သစ်၏ ပထမထပ် အကျယ်အဝန်း(၁၈ပေ×၅၅ပေ)ရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အကျိုးခံစားလျက် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်လွင် ၁၂/ပဘတ(နိုင်)၀၂၄၃၀၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေတို့မှအပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းဝယ်ယူခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်တားမြစ်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ကလျာဦး LL.B, D.B.L
အထက်တန်းရှေ့နေ (စဉ်-၂၂၅၅၂)
အမှတ် ၂၂၊ ဘုရားလမ်း၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်
ဖုန်း-၀၉-၇၃၀၀၄၂၅၈

ဖခင် အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အထက-မြင်းမူ၊ တက္ကသိုလ်ဝင်တန်း(C) မှ မထိုက်ထိုက်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုဇယားအရ ဦးတင်စိုးအောင် ၅/မမတ(နိုင်)၀၀၀၂၈၄ ဖြစ်ပါကြောင်း။ **ဦးတင်စိုးအောင်**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂/၈၆ Ford F60L, Crane(4x4)L Original ယာဉ်လက်ဝယ်ရှိသူ ဦးကြိမ်ဟွ ၉/မရမ(နိုင်)၀၉၁၀၅၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊သရက်တောကျောင်းတိုက်၊ ဓမ္မာရုံ ကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင်သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇)အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

၁။ ပြတင်းတံခါးတစ်ပေါက်	၁သိန်း
၂။ အခန်းတံခါး	၂သိန်း
၃။ ရေချိုးခန်း	၃သိန်း
၄။ ကုဋီတစ်ခန်း	၅သိန်း
၅။ အဝင်တံခါးမကြီးတစ်စုံ	၇သိန်း
၆။ သံကူကွန်ကရစ် လှေကားတစ်စုံ	၉သိန်း
၇။ သံဃာနှစ်ပါးနေ တစ်ခန်း	၁၀သိန်း
၈။ ရေတိုင်ကီတစ်လုံး	၁၂သိန်း
၉။ သံဃာလေးပါးနေတစ်ခန်း	၂၀သိန်း
၁၀။ မုခ်ဦး	၃၀သိန်း
၁၁။ ဘုရားခန်း	၅၀သိန်း
၁၂။ စာသင်ခန်းမဆောင်	၁၀၀သိန်း
၁၃။ ဆွမ်းစားဆောင်	၁၅၀သိန်း
၁၄။ ကျောင်းဆောင်တစ်ထပ်	၁၀၀၀သိန်း
၁၅။ ကွန်ကရစ်တိုင်တစ်လုံး	၃သိန်း
၁၆။ စာချဆရာတော်များနေ တစ်ခန်း	၂၅သိန်း
၁၇။ စာကြည့်တိုက် (စာကြည့်ခန်း)	၁၀၀သိန်း
၁၈။ သံဃာတစ်ပါးနေရန် တစ်နေရာ	၅သိန်း

